# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်၊ သောကြာနေ့။ Friday, 11 August 2017 (၉၀၁၃)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကိုရီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံပြီး အမြင်ချင်းဖလှယ်



**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Chung Sye-kyun နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ဒေသတွင်း ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာ-ဆွစ်ဇာလန် သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ
# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုဆုတောင်းစကား တက်ရောက်ပြောကြား




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုတေးသီချင်း သီဆိုဖျော်ဖြေကြသူများအား အမှတ်တရပန်းစည်း ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၀**


မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Sofitel Hotel (The Lake Garden Hotel) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Paul R. Seger၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Mr. Sebastian See- Schierenberg၊ Ms. Katherine Lewiston၊ ဦးအောင်မိုးကျော်၊ ဒေါ်ဒါလီခင်ဇော်၊ Mr. Roger´s Orphanage မိဘမဲ့ဂေဟာ(ရန်ကုန်)နှင့် Kachin Baptist Church (ရန်ကုန်)တို့မှ အမျိုးသား၊ အမျိုးသမီးငယ်လေးများက မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းများ သီဆိုဖျော်ဖြေကြသည်။


**စာမျက်နှာ ၈ ကော်လံ ၅ သို့**





ကြေးမုံ

# ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်

ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲကို ယနေ့မှစ၍ နေပြည်တော်တွင် စတင်ကျင်းပနေပြီ ဖြစ်သည်။ ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသည့် ဆွေးနွေးပွဲဖြစ်၍ ထူးခြားလေးနက်သော အသွင်ဆောင်ပေသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလ ပထမငါးနှစ်တာကာလနှင့် ဒုတိယတစ်နှစ်ကျော်ကာလအတွင်း ကူးပြောင်းမှုဖြစ်စဉ်များကို ပြန်လည်သုံးသပ်ဆွေးနွေးကြကာ ပိုမိုကောင်းမွန်သော ဒီမိုကရေစီနိုင်ငံသစ်အဖြစ် တည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဆွေးနွေးပွဲတွင် ပြည်တွင်းနှင့်နိုင်ငံတကာမှ စစ်ဘက်၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် မဏ္ဍိုင်အသီးသီးမှ ပညာရှင်များပါဝင်တက်ရောက်ဆွေးနွေးကြမည်ဖြစ်ရာ ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နေသော မြန်မာနိုင်ငံအဖို့ အကျိုးရလဒ်ကောင်းများစွာ ရရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။ ဆွေးနွေးပွဲကို ဩဂုတ်လ ၁၁ ရက်မှ ၁၃ ရက်နေ့အထိ သုံးရက်တိုင်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲတွင် မြန်မာ့နိုင်ငံရေးအပြောင်းအလဲကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေး၊ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး အကူးအပြောင်းတွင် မီဒီယာများ၏အခန်းကဏ္ဍစသည်ဖြင့် ဘက်စုံထောင့်စုံမှ စူးစမ်းရှာဖွေဖော်ထုတ် ဆွေးနွေးသုံးသပ်ကြမည်ဖြစ်၍ ပိုမိုပြည့်စုံသော အသွင်ကူးပြောင်းမှုဖြစ်စဉ်တစ်ခုကို ကြီးစွာအထောက်အပံ့ဖြစ်စေနိုင်သည်ဟု ရှုမြင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သက်တမ်းကာလ တိုတောင်းသေးသည်ဟု ဆိုနိုင်သော်လည်း မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအားလုံး၏ ဒီမိုကရေစီအကူးအပြောင်းမှာ မြန်မြန်ဆန်ဆန်နှင့် ဒီမိုကရေစီတည်ဆောက်ပြီးနိုင်ငံများကိုပင် ဖြတ်ကျော်သာလွန်နေသည်ဟုပင်ထင်မှတ်ရသည်။ ထိုသို့ ထင်မှတ်ရသလိုပင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်များတွင် စိန်ခေါ်မှုများစွာကြုံတွေ့ခဲ့ရသည်ဟု ဆိုနိုင်သည်။

အဓိကအချက်မှာ စည်းကမ်းလိုက်နာမှု၊ စည်းလုံးညီညွတ်မှုနှင့် ယုံကြည်မှုတည်ဆောက်နိုင်မှု အားနည်းနေသေးသည်ဟုဆိုနိုင်သည်။ ဒီမိုကရေစီနိုင်ငံကို တည်ဆောက်ရာတွင် ဒီမိုကရေစီ၏အဓိပ္ပာယ်၊ ဒီမိုကရေစီ၏ အနှစ်သာရ၊ ဒီမိုကရေစီ၏တန်ဖိုး၊ ဒီမိုကရေစီ၏တာဝန်များကို လူတိုင်းလူတိုင်း သိရှိနားလည်သဘောပေါက်ဖို့လိုအပ်မည် ဖြစ်သည်။ ထိုသို့နားလည်သဘောပေါက်ပြီးမှ စိတ်ရှည်သည်းခံနိုင်မှုစွမ်းအားဖြင့် ဒီမိုကရေစီကို အဆင့်ဆင့်ကူးပြောင်းခြင်းသည် အကောင်းဆုံးဖြစ်မည်။

နိုင်ငံသားတိုင်းအနေဖြင့် ဒီမိုကရေစီကျင့်ထုံး၊ ကျင့်နည်းများကို နားလည်တန်ဖိုးထား အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းအားထုတ်ပြီးနောက် အကောင်အထည်ဖော်တတ်လာသောအခါ ဒီမိုကရေစီ၏ အနှစ်သာရများ၊ တန်ဖိုးများကို ရရှိခံစားနိုင်မည်ဖြစ်သည်။ "ဒီမို" ဆိုသည်မှာ ပြည်သူများပင်ဖြစ်ပြီး "ကရေစီ"ဆိုသည်မှာ အင်အားပင်ဖြစ်သည်။ "ကူးပြောင်းခြင်း"ဆိုသည်မှာ ဖြတ်သန်းနေသောကာလဖြစ်၍ ပြည်သူများ၏အင်အားဖြင့် စည်းကမ်းတကျ ဖြတ်သန်းခြင်းပင် ဖြစ်သည်။

ဤတွင် နိုင်ငံသူ နိုင်ငံသားများမှာ အဓိကကျသည်။ နိုင်ငံသူ နိုင်ငံသားများသည် ထိုနိုင်ငံက သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်း နေထိုင်ကြရသည်။ ပြည်သူပြည်သားများသည် မိမိတို့ အသိစိတ်ဖြင့် လူ့အသိုင်းအဝိုင်း၊ လူ့ကျင့်ဝတ်များကို စောင့်ထိန်းကြရသည်။ ပြည်သူပြည်သားကောင်းတစ်ယောက်ဖြစ်အောင် လိုက်နာကျင့်ကြံကြရသည်။ သတ်မှတ်စည်းကမ်းများကို လိုက်နာစောင့်ထိန်းခြင်းသည် ဒီမိုကရေစီကို တည်ဆောက်ခြင်းပင် ဖြစ်သည်။

ဒီမိုကရေစီကူးပြောင်းခြင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင် အလွန်မွန်မြတ်သော လုပ်ငန်းစဉ်အဖြစ် ကိုယ်စီတည်ဆောက်နေခြင်း၊ လိုက်နာကျင့်ကြံနေခြင်း ရှိ/မရှိ မေးခွန်းထုတ်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီသည် အများအား ကိုယ်စားပြုခြင်းဖြစ်၍ မိမိဆန္ဒ၊ လူတစ်စုဆန္ဒ၊ အများဆန္ဒ၊ တစ်နိုင်ငံလုံးဆန္ဒ ဖြစ်/မဖြစ် ဝေဖန်ဆန်းစစ်ကြည့်ရမည် ဖြစ်ပါသည်။ ။

## အသိပညာပေးဟောပြောပွဲများပြုလုပ်

**ကျောက်တံခါး ဩဂုတ် ၁၀**

စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဩဂုတ် ၈ ရက်က ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းအထက၌ ပြုလုပ်ရာ တာဝန်ရှိသူများက ရာသီတုပ်ကွေးရောဂါအကြောင်း၊ စားသုံးသူရေးရာကာကွယ်ရေးနှင့် စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက ပြသထားသည့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ယူနက်စကို ၏ နိုင်ငံတကာဥပဒေရေးရာအကြံပေးတို့ တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ရန်ကုန်မြို့ရှိ ယူနက်စကိုရုံးခွဲမှ နိုင်ငံတကာဥပဒေရေးရာအကြံပေးအား ယမန်နေ့က နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) ဧည့်ခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် နိုင်ငံတကာ ဥပဒေရေးရာအကြံပေးက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော (၁၉၇၀) ယူနက်စကို ကွန်ဗင်းရှင်းပါ "မူလပိုင်ရှင်ရှိသော ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများအား တရားမဝင်တင်သွင်း၊ တင်ပို့မှုနှင့် လွှဲပြောင်းမှု တားဆီးကာကွယ်ရေး" နှင့်ပတ်သက်၍ ဥပဒေပိုင်းဆိုင်ရာ ဆက်စပ်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ပြည်သူသို့ ကျယ်ပြန့်စွာ အသိပညာပေးနိုင်ရန် လိုအပ်မှုများနှင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအပေါ် ယူနက်စကိုမှ အကြံပြုချက်များကို ဆွေးနွေးခဲ့သည့်အပြင် ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးတွင် စီမံခန့်ခွဲမှုအပိုင်း၌ ဖြည့်စွက်ဆောင်ရွက်ရန်အချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဧရာဝတီတိုင်းဒေသကြီး၌ မိုးစပါးစိုက်ပျိုးရန် လျာထားချက် ၅၃၇၂၅၄ ဧက လိုအပ်လျက်ရှိ

**ပုသိမ် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရန် ၃၇၁၂၃၆၇ ဧက လျာထားသော်လည်း ဩဂုတ် ၈ ရက်အထိ ၃၁၇၅၁၁၃ ဧကသာ စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် စာရင်းများအရ ပုသိမ်ခရိုင်တွင် ၈၄၅၈၄၅ ဧက၊ ဟင်္သာတခရိုင်တွင် ၅၃၁၇၀၇ ဧက၊ မြောင်းမြခရိုင်တွင် ၅၂၁၅၆၃ ဧက၊ လပွတ္တာခရိုင်တွင် ၅၈၈၂၅၁ ဧက၊ မအူပင်ခရိုင်တွင် ၃၉၆၅၃၆ ဧက၊ ဖျာပုံခရိုင်တွင် ၈၂၈၄၆၅ ဧက စိုက်ပျိုးရန် လျာထားခဲ့ကြောင်း၊ တစ်တိုင်းလုံးလျာထားချက် ဧကပေါင်း ၃၇၁၂၃၆၇ ဧကရှိ သည့်အနက် ၃၁၇၅၁၁၃ ဧကသာ စိုက်ပျိုးနိုင်ခဲ့သည်ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဇူလိုင် ၂၄ ရက်မှစတင်၍ ရေကြီးနစ်မြုပ်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးပြီးဧက ၇၇၂၂၅ ဧက ပျက်စီးခဲ့သော်လည်း ဩဂုတ် ၇ ရက်တွင် ရေကျဆင်းမှုရှိခြင်းကြောင့် စိုက်ပျိုးပြီး စိုက်ခင်းများပေါ်လာသဖြင့် ပျက်စီးဆုံးရှုံးမှု အနည်းငယ်သာရှိသည်။ ပျက်စီးသောဧကအချို့ကို ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ မြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနများနှင့် ဒေသခံတောင်သူများပေါင်းစပ်ကာ ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပိုးမွှားကင်းရှင်းရေးနှင့် ဓာတ်မြေဩဇာ လိုအပ်ချက်များကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်(ရွှေဈေး) ၉၁၂၀၀၀ - ၉၁၂၀၀၀ မန္တလေး(ရွှေဈေး) ၉၁၂၀၀၀ - ၉၁၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၀/၇၁၅ ကျပ်၊ | ၇၇၀/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၅/၆၇၅ ကျပ်၊ | ၇၀၀/၇၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၁၅/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၀/၆၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၀၅/၆၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၂. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၄. ၂၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၀၀၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၇၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၃၄၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၇. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၆၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၆. ၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၀. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဝင်း
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဝေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲသင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်မိုးဦး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# လွှတ်တော်၏ ဥပဒေပြုရေးနှင့် လွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော်  ဩဂုတ်  ၁၀**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-kyun ဦးဆောင်သောအဖွဲ့နှင့် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးနှင့် လွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အတွေ့အကြုံများ မျှဝေပေးနိုင်ရေး၊ နည်းပညာများ ကူညီပံ့ပိုးပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-kyun တို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်၏ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးခွန်မောင်သောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

**ရန်ကုန်  ဩဂုတ်  ၁၀**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Chung Sye-kyun သည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ Minister Counsellor H.E. Mr. Kim Jung Han နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



# ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း UNESCO အကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ



**နေပြည်တော်  ဩဂုတ်  ၁၀**
ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း(UNESCO)မှ နိုင်ငံတကာ ဥပဒေရေးရာအကြံပေးပုဂ္ဂိုလ် Mr. Etienne Clement အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုနှင့် ရှေးဟောင်းဆိုင်ရာဥပဒေများမှာ ကောင်းမွန်ပြည့်စုံမှုရှိပါကြောင်း၊ ဥပဒေများအား အကောင်အထည်ဖော်ရာတွင် ထိရောက်အောင်မြင်ရန်အတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပြည်သူများနှင့် နိုင်ငံတကာခရီးသွားဧည့်သည်များအနေဖြင့် ဥပဒေများပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက်ရန် လိုအပ်ပါကြောင်း။

နှစ်ပေါင်း ၁၀၀ ကျော်သည့် ပစ္စည်းများအား ရှေးဟောင်းပစ္စည်းအဖြစ် သတ်မှတ်သည်ကိုလည်း သိရှိကြရန်လိုအပ်ပါကြောင်း၊ ရှေးဟောင်းပစ္စည်းဖြစ်ပါက နိုင်ငံတော်မှ ပိုင်ဆိုင်ပြီး လွှဲပြောင်းခြင်း၊ ရောင်းချခြင်းဆိုင်ရာကိစ္စရပ်များ ပြုလုပ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နိုင်သည်ကို သိရှိရန်လိုအပ်ပါကြောင်း။

ဥပဒေများအား အကောင်အထည်ဖော်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် လွန်စွာအရေးကြီးပါကြောင်း စသည်ဖြင့် အပြန်အလှန် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော်  ဩဂုတ်  ၁၀**
တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၁၀ ရက် အထိ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရေဘေးသင့်အိမ်ထောင်စု ၅၁၇၇၄ စုမှ လူဦးရေ ၂၀၈၄၅၀ ဦးသည် ကယ်ဆယ်ရေးစခန်း ၃၀၇ ခုသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၂၅၉၇၄၄၈၀၀ တန်ဖိုးရှိ ဆန်ရိက္ခာ၊ ငွေကျပ် ၅၀၀၀၀၀၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်း၊ အခြားလိုအပ်မှုအတွက် ငွေကျပ် ၃၅၄၈၄၅၀၊ သေဆုံးသူများအတွက် ငွေကျပ် ၉၀၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများအတွက် ငွေကျပ် ၂၁၈၇၇၇၂၄ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၉၁၀၇၀၉၇၄ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကယ်ဆယ်ရေးစခန်းများကို ပိတ်သိမ်းပြီးဖြစ်ကြောင်း၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အချို့ကယ်ဆယ်ရေးစခန်းများကိုလည်း ဆက်လက်ပိတ်သိမ်းလျက်ရှိပြီး ယခုအခါ ယာယီကယ်ဆယ်ရေးစခန်းများတွင် အိမ်ထောင်စု ၁၇၅၉၉ ခန့်မှ လူဦးရေ ၆၉၆၉၇ ဦးခန့် ကျန်ရှိနေကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

**(မိမိဖြိုး)**



# ရေဘေးသင့်ပြည်သူများအား အသုံးအဆောင်ပစ္စည်းများပေးဝေ

**အုတ်ဖို  ဩဂုတ်  ၁၀**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရေကြီးနစ်မြုပ်မှုကြောင့် သဘာဝဘေးကျရောက်သောကျေးရွာသို့ စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သော လုပ်ငန်းသုံးပစ္စည်းများနှင့် အသုံးအဆောင်များထောက်ပံ့ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မှဏ္ဍဒန်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများနှင့်အတူ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက လျှဒါန်းပစ္စည်းများကို ပေးဝေကြကြောင်း သိရသည်။

**(ကြေးမုံ)**

# မွမ်ဘိုင်း၌ ဆန္ဒပြပွဲကြီးဖြစ်ပွားသဖြင့် ကူးသန်းသွားလာမှုများ ခေတ္တရပ်ဆိုင်းသွားခဲ့ရ

**မွမ်ဘိုင်း ဩဂုတ် ၁၀**

အိန္ဒိယကျေးလက်ဒေသများ၌ စီးပွားရေးကျဆင်းနေချိန်ကာလအတွင်း တောင်သူလယ်သမားသားသမီးများအနေဖြင့် အစိုးရဝန်ထမ်းများအဖြစ် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ တက္ကသိုလ်ကောလိပ်များ၌ ပညာဆည်းပူးခွင့်ရရှိရေးတို့ကို တောင်းဆိုလျက် ဩဂုတ် ၉ ရက်တွင် စီးပွားရေးမြို့တော် မွမ်ဘိုင်း၌ လူထုဆန္ဒပြပွဲကြီး ပြုလုပ်ခဲ့ကြောင်း၊ ပါဝင်ဆန္ဒပြသူဦးရေ သန်းဝက်ထက်မနည်းရှိသဖြင့် ယင်းမြို့တွင် ကူးသန်းသွားလာမှုများ ခေတ္တရပ်ဆိုင်းသွားခဲ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဆိုပါဆန္ဒပြပွဲတွင် ပါဝင်သူဦးရေ နှစ်သန်းကျော်အထိရှိကြောင်း၊ လူဦးရေ သန်း ၂၀ ခန့် နေထိုင်ရာ မွမ်ဘိုင်းမြို့တွင် ပြုလုပ်သမျှဆန္ဒပြမှုများတွင် အကြီးကျယ်ဆုံးဖြစ်ကြောင်း ဆန္ဒပြပွဲဖြစ်မြောက်ရေး စည်းရုံးလှုံ့ဆော်သူများက ပြောကြားကြသည်။ သတင်းမီဒီယာများကမူ ဆန္ဒပြပွဲ၌ ပါဝင်သူဦးရေ ၆၀၀၀၀၀ မှ တစ်သန်းကြားတွင်ရှိသည်ဟု ခန့်မှန်းကြသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟာရာနာပြည်နယ်မှသည် အနောက်ပိုင်းရှိ ဂူဂျရတ်ပြည်နယ်တိုင်အောင် နိုင်ငံတစ်ဝန်း၌ အလုပ်လက်မဲ့ဦးရေ မြင့်တက်လာနေပြီး လယ်ယာစိုက်ပျိုးရေးထွက်ကုန်သီးနှံများ၏ဈေးနှုန်းများ ကျဆင်းလျက်ရှိရာ တောင်သူလယ်သမားများ၏ သားသမီးများအတွက် အစိုးရဝန်ထမ်းအလုပ်အကိုင် ခွဲတမ်းသတ်မှတ်ပေးရေး၊ တက္ကသိုလ်ကောလိပ်များ၌ ပညာသင်ယူနိုင်ခွင့်ရှိသူဦးရေ ခွဲတမ်းသတ်မှတ်ပေးရေးတို့ကို တောင်းဆိုခဲ့ကြသည်။

**ရိုက်တာ။**





# အီရတ်နိုင်ငံသို့ နောက်ထပ်ရဲအရာရှိ ၂၀ စေလွှတ်မည်ဟု ကနေဒါ ကြေညာ

**အော်တဝါ ဩဂုတ် ၁၀**

ကနေဒါနိုင်ငံသည် အီရတ်နိုင်ငံ တည်ငြိမ်ရေးအတွက် ကူညီနိုင်ရန် ရဲအရာရှိ ၂၀ ကို ထပ်မံစေလွှတ်ပေးမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၉ ရက်တွင် ပြောကြားသည်။

ကနေဒါ ရဲအရာရှိများသည် အစ္စလာမ့်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)လက်အောက်မှ ပြန်လည် လွတ်မြောက်လာသော နယ်မြေများ ပြန်လည်ထူထောင်ရာတွင် ပါဝင်ကူညီမည်ဖြစ်ပြီး အီရတ်ရဲအရာရှိများကိုလည်း သင်တန်းပေးသွားမည်ဖြစ်သည်။ အီရတ်နိုင်ငံ၌ ရဲတပ်ဖွဲ့ဝင်အင်အား ၆၀၀၀၀၀ ခန့်ရှိကြောင်း၊ ယင်းအနက် တပ်ဖွဲ့ဝင် ၁၀၀၀၀ မှ ၁၂၀၀၀ အထိမှာ အမျိုးသမီးများဖြစ်ကြသည်။

အိုင်အက်စ်အဖွဲ့က သိမ်းပိုက်ခဲ့သော ဒေသများ၌ ရဲဌာနအဆောက်အအုံ ၈၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ပျက်စီးခဲ့ရသည်။

အီရတ်နှင့်ဆီးရီးယားတို့၌ ဒေသဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များ၏ စွမ်းပကားကို မြှင့်တင်နိုင်ရန် လေ့ကျင့်သင်တန်းပေးမည် ဖြစ်ကြောင်း ကနေဒါအစိုးရက လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီ ၈ ရက်က ကြေညာခဲ့သည်။

**ဆင်ဟွာ။**

# စီချွမ်ပြည်နယ်၌ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူဦးရေ ၂၀ ထိ ရှိလာ

**ပေကျင်း ဩဂုတ် ၁၀**

စီချွမ်ပြည်နယ်တွင် ဩဂုတ် ၉ ရက်က အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ကယ်ဆယ်ရေးဝန်ထမ်းများက အပျက်အစီးများအောက်တွင် ပိတ်မိနေသူများအား လိုက်လံရှာဖွေကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ငလျင်လှုတ်ခတ်မှုကြောင့် သေဆုံးသူ ၂၀ အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် စီချွမ်ပြည်နယ် ကွမ်ယန်းမြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၂၀၀ (မိုင် ၁၂၀)အကွာရှိ လူနေကျဲပါးသောဒေသတွင် မြေအောက်အနက် ၁၀ ကီလိုမီတာ(ခြောက်မိုင်)ကို ဗဟိုပြု၍ မြေငလျင်လှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိတိုင်းတာရေးဌာနက ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူ ၂၀ သေဆုံးခဲ့ပြီး ၄၃၁ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ထို့ပြင် လူပေါင်း ၆၀၀၀၀ နီးပါးကို ဘေးကင်းရာသို့ ကယ်ဆယ်ရေးဝန်ထမ်းများက ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

စီချွမ်ပြည်နယ်အတွင်းရှိ နယ်မြေအများအပြားတွင် မြေပြိုမှုများနှင့် ကျောက်တုံးများပြိုကျမှုများကြောင့် လမ်းများပိတ်ဆို့လျက်ရှိသည်။

ငလျင်ဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သူများအတွက် ယာယီတဲများ ဆောက်လုပ်ပေးလျက်ရှိသည်။

အာဏာပိုင်များက ငလျင်လှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲဘေးအန္တရာယ်ဆိုးများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် စီမံမှုများလုပ်ဆောင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**



# စစ်ရေးတင်းမာမှုကိုဖြစ်စေနိုင်သော ပြောဆိုလုပ်ဆောင်ချက်များ ရှောင်ရှားကြရန် မြောက်ကိုရီးယားနှင့် အမေရိကန်ကို တရုတ်တိုက်တွန်း

**ဝါရှင်တန် ဩဂုတ် ၁၀**

အမေရိကန်ပြည်ထောင်စု၏ ပစိဖိတ်ဒေသ ပိုင်နက်နယ်မြေ ဖြစ်သော ဂူအမ်ကျွန်းကိုဦးတည်ကာ ဒုံးကျည်ဖြင့် တိုက်ခိုက်ရေးကိစ္စကို စဉ်းစားသုံးသပ်လျက်ရှိသည်ဟု မြောက်ကိုရီးယားနိုင်ငံက ပြောကြားခဲ့ပြီး အမေရိကန်ပြည်ထောင်စုအား မြောက်ကိုရီးယားက ခြိမ်းခြောက်လာပါက ယင်းနိုင်ငံကို မီးလောင်တိုက်သွင်းမည်ဟု သမ္မတဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။ အမေရိကန်ရော မြောက်ကိုရီးယားနိုင်ငံပါ စစ်ရေးတင်းမာမှုကို ဖြစ်ပေါ်စေနိုင်သည့် ပြောကြားချက်များ သို့မဟုတ် ပြုမူချက်များမှ ရှောင်ရှားကြရန် တရုတ်နိုင်ငံက တိုက်တွန်းလိုက်ကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

လက်ရှိဖြစ်ပေါ်နေသော တင်းမာမှုအခြေအနေ အဆုံးသတ်စေရေးအတွက် စေ့စပ်ဆွေးနွေးဖြေရှင်းကြရန် တိုက်တွန်းကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားက အမေရိကန်ကို တိုက်ခိုက်လာပါက ပြန်လည်အင်အားသုံးတိုက်ခိုက်မှုနှင့် ရင်ဆိုင်ရမည်ဟု သမ္မတဒေါ်နယ်ထရန့်က သတိပေးခဲ့သည်။ သို့ရာတွင် မြောက်ကိုရီးယားက ယင်းသတိပေးချက်ကို ပယ်ချခဲ့ပြီး ပစိဖိတ်ဒေသရှိ ဂူအမ်ကျွန်းအနီးသို့ ဒုံးကျည်ဖြင့် ပစ်ခတ်မည့်အစီအစဉ်ကို ဩဂုတ် ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက အမေရိကန်ကုန်းမြေအထိ ပစ်ခတ်နိုင်သော ဒုံးကျည်များကို တည်ဆောက်နိုင်သည့် နည်းပညာတွင် တိုးတက်မှုရရှိနေသည်ဆိုသော သတင်းပေါ်ထွက်ခဲ့ပြီးနောက် နှစ်နိုင်ငံအကြား စကားတိုက်ပွဲများ ဖြစ်ပေါ်လာစေခဲ့သည်။ မြောက်ကိုရီးယားသည် ဂူအမ်ကျွန်းမှ ကီလိုမီတာ ၃၀ မှ ၄၀ ကြားသို့ ရောက်ရှိအောင် ပစ်ခတ်နိုင်သော တာလတ်ပစ်ဒုံးကျည်လေးစင်းကိုပစ်ခတ်ရန် အစီအစဉ်အသေးစိတ်ရေးဆွဲထားပြီဖြစ်ကြောင်း ယင်းနိုင်ငံက ပြောကြားခဲ့သည်။ ဗုဒ္ဓဟူးနေ့တွင် ကြေညာခဲ့သည့်အစီအစဉ်ကို အသေးစိတ်ထွက်ပေါ်လာစေခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ အရှေ့တောင်ဘက် ကီလိုမီတာ ၃၀၀၀ (မိုင် ၂၀၀၀)ကျော်ကွာဝေးသော ဂူအမ်ကျွန်းသည် အမေရိကန်စစ်စခန်းတည်ရှိပြီး ရေငုပ်သင်္ဘောအုပ်စု၊ လေတပ်အခြေစိုက်စခန်းနှင့် ကမ်းခြေစောင့်တပ်ဖွဲ့တို့ပါဝင်သည်။ ဂူအမ်ကျွန်းတွင် လူ ၁၆၃၀၀၀ နေထိုင်သည်။

ဩဂုတ်လလယ်တွင် ဒုံးကျည်ဖြင့်တိုက်ခိုက်မည့် အသေးစိတ်အစီအစဉ်ကို အပြီးသတ်ရေးဆွဲပြီးမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်ကင်ဂျုံအန်၏ အမိန့်ကိုစောင့်ဆိုင်းနေကြောင်း မြောက်ကိုရီးယားပြည်သူ့လွတ်လပ်ရေးတပ်မတော် နည်းဗျူဟာတပ်ဖွဲ့ကွပ်ကဲရေးမှူး ဗိုလ်ချုပ်ကြီး ကင်ရော့ဂွမ်၏ ပြောကြားချက်ကို ကိုးကား၍ ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒုံးကျည်များပစ်ခတ်ရေးအစီအစဉ်တစ်ရပ်အား ရေးဆွဲနေသည်ဆိုသော မြောက်ကိုရီးယား၏ ပြောကြားချက်ကို ဂူအမ်အုပ်ချုပ်ရေးမှူးက ပယ်ချခဲ့သည်။

ထိုစဉ်အတွင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က မြောက်ကိုရီးယားနိုင်ငံအား ပြင်းထန်စွာဝေဖန်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့အလယ်တွင် အထီးကျန်နိုင်ငံဖြစ်အောင် မိမိကိုယ်မိမိ မပြုလုပ်သင့်ကြောင်း၊ ချူကလီးယားလက်နက်များ ပိုင်ဆိုင်နိုင်ရေးအတွက် ကြိုးပမ်းခြင်းမရှိသင့်ကြောင်း ဝန်ကြီးမက်တစ်က ပြောကြားသည်။

**ရိုက်တာ။**

# လေးနှစ်သင် ဒီဂရီကောလိပ်များအဖြစ် ဆောင်ရွက်ရာတွင် ဘက်စုံပညာပြိုင်ပွဲများကိုလည်း ပြန်လည်ကျင်းပရန် လျာထား

**နေပြည်တော် ဩဂုတ် ၁၀**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ယနေ့နံနက်(၁၀)နာရီတွင်ကျင်းပရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု တင်သွင်းခြင်းနှင့် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၏ **ပညာရေးတက္ကသိုလ်၊ ဖွံ့ဖြိုးရေးတက္ကသိုလ်များ အပါအဝင် ယခုပညာရေးကောလိပ်များ ပါဝင်ယှဉ်ပြိုင်ကြသော ဘက်စုံပညာပြိုင်ပွဲကို ပြန်လည်ကျင်းပပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယခုအစိုးရလက်ထက်တွင် ပညာရေးကောလိပ်များကို လေးနှစ်သင် ဒီဂရီကောလိပ်များအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လေးနှစ်သင် ဒီဂရီကောလိပ်များအဖြစ် ဆောင်ရွက်ရာတွင် ဘက်စုံပညာပြိုင်ပွဲများကိုလည်း ပြန်လည်ကျင်းပရန် လျာထားပါကြောင်း၊ လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်၏ တစ်နှစ်တာဆောင်ရွက်ရမည့် ပညာရေးပြက္ခဒိန်တွင် ဘက်စုံပညာပြိုင်ပွဲအစီအစဉ်ကို ထည့်သွင်းနိုင်ရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လေးနှစ်သင်ဒီဂရီကောလိပ်များအဖြစ် အဆင့်တိုးမြှင့်ခြင်းပြီးစီး၍ ပညာရေးပြက္ခဒိန်ရေးဆွဲပြီးချိန်တွင် ဘက်စုံပညာပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ ကျင်းပစဉ်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **ပြည်တွင်းအိမ်အကူအမျိုးသမီး လုပ်သားများနှင့် ပြည်ပရောက်အိမ်အကူအမျိုးသမီး လုပ်သားများ၏အခွင့်အရေးများကို ကာကွယ်ပေးရေးနှင့် ကုစားပေးရေးအစီအစဉ်များ ရေးဆွဲထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြည်တွင်းရှိ အိမ်အကူလုပ်သားများတွင် အရွယ်မရောက်သေးသူများ ပါဝင်နေပါကြောင်း။

အိမ်အတွင်းတွင်ရှိနေသည့် လုပ်သားများဖြစ်သည့်အတွက် အိမ်အကူလုပ်သားစာရင်း တိတိကျကျရရှိရန်အတွက် အကန့်အသတ်များစွာရှိပါကြောင်း၊ အိမ်အကူလုပ်သားများသည် အလုပ်ရှင်၏အိမ်တွင် မိသားစုဝင်ကဲ့သို့နေသည့်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် အလုပ်ချိန်နှင့်အညီ လိုက်နာလုပ်ကိုင်နိုင်ရန် ခက်ခဲပါကြောင်း၊ ဥပဒေလိုက်နာမှု ရှိ၊ မရှိ ပုံမှန် လိုက်လံစစ်ဆေးရန်အတွက်လည်း ခက်ခဲပါကြောင်း၊ အိမ်အကူများနှင့်ပတ်သက်၍ သီးခြား ဥပဒေမရှိသေးပါကြောင်း၊ ခေါင်းပုံဖြတ်မှု၊ အကြမ်းဖက်မှု၊ ညှဉ်းပန်းမှု၊ အရွယ်မရောက်သေးသူများကိစ္စနှင့် ပတ်သက်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေအရလည်းကောင်း၊ ကလေးသူငယ်ဥပဒေအရလည်းကောင်း ဥပဒေနှင့်အညီ အရေးယူလျက်ရှိပါကြောင်း။

ပြည်ပနိုင်ငံများသို့ တရားဝင်ရောက်ရှိသွားသူများဖြစ်စေ၊ တရားမဝင်ရောက်ရှိသွားသူများဖြစ်စေ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေနှင့်အညီ ခံစားခွင့်များရရှိရေးအတွက် ကူညီစောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ပြည်ပနိုင်ငံများတွင် လူကုန်ကူးခံရမှုကိစ္စရပ်များကိုလည်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ၏ အရေအတွက်စာရင်းကို တိတိကျကျကောက်ယူရေး ဆွေးနွေးလျက်ရှိပါကြောင်း၊ စာရင်းကောက်ယူရရှိမည်ဆိုပါက အိမ်အကူအလုပ်သမားများကို တရားဝင်အလုပ်သမားများအဖြစ် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပညာဆက်လက် မသင်ကြားနိုင်သည့် အမျိုးသမီးငယ်များ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ပြီး အလုပ်အကိုင်ရရှိရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ UNWomen အဖွဲ့နှင့် ILO အဖွဲ့တို့ ပူးပေါင်း၍ ပြုစုထားသည့် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအိမ်အကူများအား အကာအကွယ်ပေးရန် ပြဋ္ဌာန်းထားသည့် မူဝါဒများကို လေ့လာဆန်းစစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းနှင့် မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်တို့၏ မြောက်ဦးမြို့နယ်အတွင်း ပညာရေးကောလိပ် အသစ်တစ်ခုဖွင့်လှစ်ပေးရေး၊ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)ရှိ တက္ကသိုလ်အားကစားရုံအားပြုပြင်ပေးရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေ စာရင်း(ပုံစံ ၆၆/၆)များကို ဥပဒေနှင့်အညီရရှိရန် ဆောင်ရွက်ပေးရေး၊ မင်းတပ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးမှူးရုံး တည်ဆောက်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ဖြေကြားခဲ့ကြသည်။

ထို့နောက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်းက **တိုင်းရင်းသားလူမျိုး တစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်န်အေမျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်းဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

ဒေါက်တာဦးမောင်သင်းက အဆိုတင်သွင်းရာတွင် တိုင်းရင်းသားလူမျိုးများ စံပြုကိုးကားနိုင်သည့် ဒီအင်န်အေမျိုးရိုးဗီဇဖွဲ့စည်းမှု မှတ်တမ်းထားရှိခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း မျိုးရိုးဆင်းသက်မှုကို စိစစ်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်မှုလုပ်ငန်းများတွင်လည်း ကိုးကားနိုင်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင်လည်း ဒီအင်န်အေမှတ်တမ်းများ ထားရှိပြီးဖြစ်သည့်အတွက်ကြောင့် ၎င်းတို့နိုင်ငံသားနှင့် မိမိတို့နိုင်ငံသား သွေးနှောမှု ရှိ၊ မရှိကို စိစစ်နိုင်မည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံတွင် တိုင်းရင်းသား ၂၁ မျိုး၊ အိန္ဒိယနိုင်ငံတွင်လည်း တိုင်းရင်းသား လူမျိုး ၁၅ မျိုး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၉ မျိုးကို ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ထို့အတူ အာရှနိုင်ငံများတွင်လည်း ဆောင်ရွက်ထားပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်ဥက္ကဋ္ဌက အသိပေးကြေညာထားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က ကော်မတီ၏အစီရင်ခံစာကို တင်သွင်းသည်။ **စာမျက်နှာ ၈ သို့** ❖

# ကလေးအားကစားကွင်း အမည်ပြု၍ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူ လုပ်ဆောင်ပေးရန်အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ယနေ့နံနက်(၁၀)နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ **ရေးမြို့နယ် လမိုင်းမြို့ တိုက်နယ်ဆေးရုံ၌ လစ်လပ်နေသော လက်ထောက်ဆရာဝန်တစ်ဦးကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရေးမြို့နယ်တွင် လူဦးရေ ၂၆၃၆၂၄ ဦး နေထိုင်လျက်ရှိပြီး ခုတင်(၁၀၀)ဆံ့ ရေးမြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ ၄ ရုံ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၂ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၈ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၇ ခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမိုင်းတိုက်နယ်တွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်တစ်ဦးအား ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ခန့်ထားပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။



မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသန်းဝင်း



ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး၏ **ကျိုက်မရောမြို့နယ် ကျုံကွယ်ကျေးရွာ အုပ်စုအတွင်းရှိ နွတ်အောက်ရွာနှင့် ကော့ကလော့ကျေးရွာအုပ်စုရှိ မွေဟောက်ရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ တိုးချဲ့ပေးရန်၊ နီဒုံ၊ တောင်ကလေး၊ ကော့စပ်ကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ပေးရန်နှင့် မိကသစ်၊ အလှပ်ကုန်း၊ ကဒါ၊ ဖနုံ၊ မရမ်းကုန်း၊ ဦးလေးကျေးရွာများတွင် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျုံကွယ်ကျေးရွာအုပ်စု နွတ်အောက်ကျေးရွာနှင့် ကော့ကလော့ကျေးရွာအုပ်စုရှိ မွေဟောက်ကျေးရွာများသည် လက်ရှိကျန်းမာရေးဌာနခွဲဖွဲ့စည်းပုံမရှိသည့် ကျေးရွာများဖြစ်ပါကြောင်း၊ နွတ်အောက်ကျေးရွာနှင့် မွေဟောက်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဆောက်လုပ်ရန်အတွက် ပထမအဆင့်အနေဖြင့် ဖွဲ့စည်းပုံရှိရန် ဦးစွာလိုအပ်သည်ဖြစ်သဖြင့် နွတ်အောက်ကျေးရွာနှင့် မွေဟောက်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်လှစ်ခွင့်ပြုမိန့်ရရှိရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျိုက်မရောမြို့နယ်အတွင်းရှိ နီဒုံ၊ တောင်ကလေး၊ ကော့စပ်ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် စံကိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်ရန် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍လည်းကောင်း၊ ဝန်ထမ်းအိမ်ရာလိုအပ်လျက်ရှိသော မိကသစ်၊ အလှပ်ကုန်း၊ ကဒါ၊ ဖနုံ၊ မရမ်းကုန်းနှင့် ဦးလေးကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍လည်းကောင်း နှစ်စဉ်စီမံကိန်းများတွင် ရန်ပုံငွေရရှိရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)များကို ဆောက်လုပ်ပေးခြင်းမရှိသေးသည့် ကျေးရွာများတွင် အဆောက်အအုံသစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမှ ကျခံသုံးစွဲ၍ ကျန်းမာရေးဌာနများ အသစ်ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် ချင်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျေးလက်ကျန်းမာရေးဌာန ၃ ခု (ဆမီး၊ ကနောင်နှင့် မျူးတနူးကျေးလက်ကျန်းမာရေးဌာန)နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၆ ခု (ကြီးလေး၊ ဝက်မ၊ ဗုဒ္ဓဂါမ၊ ဂါရာပြင်၊ ရွှေလိုက်ဝနှင့် မြိတ်ဝကျေးလက်ကျန်းမာရေးဌာနခွဲ)အား အဆိုပြုတင်ပြထားရာ ဦးစားပေးအစီအစဉ်ဖြင့် ရွေးချယ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဦးစားပေးရွေးချယ်ရာတွင် ကျန်းမာရေးဌာနများ၏ လုပ်ငန်းဆောင်ရွက်ပေးနိုင်မှု၊ လွှမ်းခြုံနိုင်မည့် ကျေးရွာနှင့်လူဦးရေ၊ အဆောက်အအုံဆောက်လုပ်ရန် လိုအပ်သော အခြေခံလူမှုစီးပွားအချက်အလက်များအပေါ် အခြေခံ၍ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း၏ **ယနေ့မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း(Amusement Center)ဟု သဏ္ဌာန်ဆောင် အမည်ပြု၍ ပြည်ပမှ တင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ်လောင်းကစားနည်းမျိုးစုံပါဝင်သော အကြွေစေ့သုံးလောင်းကစားအဆင့် ဂိမ်း(Game) ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြရသဖြင့် ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီလုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)နှင့် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ဝင်းမြင့်ချစ်တို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ၄၂ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားရန် လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့ကို ဩဂုတ် ၁၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သူရဇော်)**

# လူမှုစီးပွားရေးပညာတတ် မျိုးဆက်သစ်သမဝါယမလူငယ်များ မွေးထုတ်ပေးရာဌာနေ

Kဇင်သစ်(မန်းတက္ကသိုလ်)

တက္ကသိုလ်ဝင်တန်းစာမေးပွဲ မဖြေဆိုခင်၊ ဖြေဆိုဆဲကာလတို့တွင် မိဘ၊ ဆရာ၊ ကျောင်းသားတို့ တက်ညီစွာကြိုးပမ်းအားထုတ်ခဲ့မှု၏ ရလဒ်က အောင်စာရင်းထွက်သည့်နေ့တွင် "အောင်ပြီ" ဟူသော အသံနှင့်အတူ ဝမ်းမြောက်ကြည်နူးမှုတွေက တိုးဝင်လာကြစမြဲပင်တည်း။ အောင်မြင်သူများအနေဖြင့် အဆင့်မြင့်ပညာ သင်ယူနိုင်ရန်နှင့် မိမိတို့ဝါသနာပါရာ တက္ကသိုလ်ကျောင်းတော်ကြီးများဆီသို့ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုတွေ တိုးပွားလာအောင် ဆက်လက်၍ ပညာလေ့လာဆည်းပူးကြရဦးမည် ဖြစ်ပေသည်။ ဝါသနာလည်းပါ သင်ယူတတ်မြောက်လိုချင်တဲ့စိတ်လည်းရှိ သတ်မှတ်အရည်အချင်းအမှတ်နှင့်ကိုက်ညီသူများအဖို့တော့ ရည်မှန်းချက်ပေါက်မြောက်သည်ဟုဆိုနိုင်ပေမယ့် တချို့ကျပြန်တော့ ကိုယ့်အိမ်ရဲ့ မိသားစုအနေအထားအရ ဝင်ငွေရှာရင်း အဝေးသင်တက္ကသိုလ်တက်ရောက်၍ ဘွဲ့တစ်ဘွဲ့ရအောင်ယူမည်ဆိုတဲ့ အတွေးတွေလည်းရှိနေကြမည်ဖြစ်ပေသည်။ အသက်မွေးဝမ်းကျောင်းပညာ၊ ဝိဇ္ဇာ-သိပ္ပံပညာ၊ ကျွမ်းကျင်မှုပညာရပ်များကို ဆည်းပူးပြီးလို့ ဘွဲ့ရပညာတတ်ကြီးတွေ ဖြစ်လာမည်ဆိုရင်တော့ မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် ပြည်သူ့အကျိုးအလုပ်အကျွေးပြုရန် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းပြီး တာဝန်ယူကြရမည်ဖြစ်ပေသည်။ အချို့လည်း ပြင်ပကုမ္ပဏီ၊ ဘဏ်များတွင် လုပ်ဆောင်ကြသလို အချို့မှာမူ ကိုယ်ပိုင်စီးပွားရေး၊ မိဘအမွေကိုဆက်လက်ထိန်းသိမ်းနိုင်ရန် ကိုယ်တိုင်သင်ယူတတ်မြောက်ထားသည့် ပညာရပ်များကို လက်တွေ့ကျကျ အသုံးပြုကြမည်လည်းဖြစ်ပေသည်။

ဆေးတက္ကသိုလ်ကဆင်းလို့ ဆရာဝန်ကြီးဖြစ်ကြသလို၊ နည်းပညာတက္ကသိုလ်ကဘွဲ့ရပြီး အင်ဂျင်နီယာကြီးတွေဖြစ်လာကြကာ ကိုယ်တတ်ကျွမ်းသည့် ပညာတို့ဖြင့် အများအကျိုးအတွက် ကူညီဖြည့်ဆည်းပေးရသလို မိသားစုရပ်တည်နိုင်ရေးကိုလည်း ရုန်းကန်ကြိုးပမ်းကြရသည်လည်း ရှိပေသည်။ သစ်တော၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ၊ အနုပညာ၊ ရေကြောင်း စသည့် တက္ကသိုလ်ကြီးများတွင် ပညာဆည်းပူးကြပြီး ကိုယ်စီဘွဲ့ရရှိကြသူများအဖို့တော့ ယင်းတို့နှင့်ဆက်နွှယ်ရာ လုပ်ငန်းနယ်ပယ်များတွင် အများအကျိုး၊ တိုင်းပြည်အကျိုးရွက်သယ်ပိုးရင်း ဘဝကို ရှင်သန်ခဲ့ကြသူတွေလည်း ဒုနဲ့ဒေးရှိနေမည်သာ။ တက္ကသိုလ်ဝင်တန်း အောင်မြင်လို့ အဆင့်မြင့်ပညာဆည်းပူးကာ ဘွဲ့ရရှိပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေကို ဖန်တီးပေးနိုင်မှု အခြေအနေမြင့်မားမှု ရရှိနေသည့် သမဝါယမတက္ကသိုလ်များအကြောင်းကိုလည်း လေ့လာမိသလောက် မျှဝေပါရစေ။

သမဝါယမတက္ကသိုလ်(သန်လျင်/စစ်ကိုင်း)၊ သမဝါယမကောလိပ် (ဖောင်ကြီး/မန္တလေး)တို့တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၁၅၀၀ ခန့်ကို နှစ်စဉ်ပထမနှစ်သင်တန်းသားများအဖြစ် ရမှတ်အပေါ် မူတည်ပြီး ဝင်ခွင့်ပြုကာ လက်ခံသင်ကြားနေသည်ကလည်း အားရကျေနပ်စရာ။ တက္ကသိုလ်နှစ်ခုမှာ လေးနှစ် တက်ရောက်ပြီး (၁)ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ(Regional Development)၊ (၂) စာရင်းကိုင်နှင့် ဘဏ္ဍာရေးပညာ(Accounting and Finance)၊ (၃)အသုံးချစာရင်းအင်း ပညာ (Applied Statistics)၊ (၄)ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ(Marketing Management)၊ (၅) လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ (Social Enterprise Management) စသည့် အထူးပြုဘာသာရပ်များဖြင့် (Bachelor of Business Science) စီးပွားရေးသိပ္ပံဘွဲ့ ရရှိမှာဖြစ်ပြီး ကောလိပ်နှစ်ခုမှာတော့ နှစ်နှစ်သင်တန်းတက်ရောက်ရပြီး ဒီပလိုမာကို ရရှိမှာဖြစ်ပါသည်။ နှစ်နှစ်တက်ရောက်ပြီး ဒီပလိုမာလက်မှတ် ရရှိသူများအဖို့ သမဝါယမတက္ကသိုလ်များတွင် တတိယနှစ်ကို ဆက်လက်တက်ရောက်ခွင့်ရမှာဖြစ်ကာ စတုတ္ထနှစ်အောင်မြင်ပြီးတာနဲ့ စီးပွားရေးသိပ္ပံဘွဲ့ကို ရရှိကြမှာဖြစ်ပါသည်။ ကောလိပ်ကျောင်းဆင်းလို့ ဒီပလိုမာလက်မှတ်ရပြီး ကုမ္ပဏီ၊ ဘဏ်များမှာ အလုပ်ဝင်ရောက်၍ အဝေးသင်တက္ကသိုလ် ဆက်တက်နေသူများလည်း ရှိနေခဲ့ပါသည်။

သမဝါယမတက္ကသိုလ်များတွင် ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းများကိုလည်း ဖွင့်လှစ်လျက်ရှိနေပြီဖြစ်ပါသည်။ သမဝါယမတက္ကသိုလ်/ကောလိပ်များတွင် ပူးပေါင်းဆောင်ရွက်မှု အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်၍ သင်ကြားသည့် သမဝါယမပညာ ဘာသာရပ်အပါအဝင် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုဘာသာရပ်များကို နိုင်ငံတကာအဆင့် သင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီမှုရှိအောင် သင်ကြားပို့ချနေသည်ကို တွေ့ရမှာဖြစ်ပါသည်။ ဈေးကွက်မြှင့်တင်ရေး၊ စီးပွားရေး၊ ဘဏ်နှင့် ငွေရေးကြေးရေး၊ စီမံခန့်ခွဲမှု၊ စာရင်းအင်း၊ Accounting၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဥပဒေနှင့် သမဝါယမ ဘာသာရပ်များကို ပထမနှစ်မှ စတုတ္ထနှစ်အထိ နှစ်အလိုက် သတ်မှတ်ထားသည့် ဘာသာများကို သင်ယူလေ့လာ ဆည်းပူးကြရသည့်အတွက် သမဝါယမတက္ကသိုလ်ဘွဲ့ရများသည် အထူးပြုဘာသာရပ်များအပြင် အခြားလိုအပ်သော အထောက်အကူပြုဘာသာရပ်များကို လေ့လာဆည်းပူးခွင့်ရနေကြသည်ဟုလည်း သိရပါသည်။

လက်တွေ့အသုံးချ ကွန်ပျူတာပညာရပ်ကိုလည်း သင်ကြားမှု သင်ယူမှုအထောက်အကူပြုပစ္စည်း လုံလောက်စွာဖြင့် သီအိုရီနှင့် လက်တွေ့ပေါင်းစပ်၍ ပို့ချပေးလျက်ရှိခြင်းကြောင့် ဘာသာရပ်စွယ်စုံကို လေ့လာခွင့်ရနေသည့် ကျောင်းတော်ကြီးများဟု ကျော်စောနေခြင်းသည်လည်း ကျောင်းဆင်းဘွဲ့ရများ၏ စကားသံတွေက သက်သေထူနေပါသည်။ သို့ပါသောကြောင့်လည်း တက္ကသိုလ်စတုတ္ထနှစ် မဖြေဆိုခင်ကပင် ဘွဲ့ရကျောင်းသားများကို အလုပ်ခန့်အပ်လိုကြောင်း အမှာလွှာတွေတင်လာကြသည့် ကုမ္ပဏီ၊ ဘဏ်များ၏ မျက်စိကျရာရပ်ဝန်းလည်းဖြစ်နေသည်ဟု သိရှိရပါသည်။

စီးပွားရေး၊ စီမံခန့်ခွဲရေးနှင့် သမဝါယမပညာရပ်များကို သင်ကြားပေးနေပြီး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ သမဝါယမတက္ကသိုလ်/ကောလိပ်များအပြင် သမဝါယမသင်တန်းကျောင်း(တောင်ကြီး၊ မကွေး၊ ပုသိမ်၊ မော်လမြိုင်)နှင့် သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း(ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်)တို့မှလည်း သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ အသင်းဝန်ထမ်းများနှင့် အသင်းအမှုဆောင်ဒါရိုက်တာ အဖွဲ့ဝင်များကိုလည်း စာရင်းရေး၊ စာရင်းကိုင်၊ စာရင်းစစ်သင်တန်း၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးသရုပ်ခွဲ၊ ငွေကြေးစီမံခန့်ခွဲမှု၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း ဆရာစားမချန် ဆွေးနွေးပို့ချသင်ကြားနေမှုတွေ ကလည်း လူမှုစီးပွားရေးပညာတတ် သမဝါယမမျိုးဆက်သစ်များ

> မြန်မာ့သမဝါယမလုပ်ငန်းများတွင် လူမှုစီးပွားရေးပညာတတ် မျိုးဆက်သစ်ခေတ်လူငယ်များ လိုအပ်လျက်ရှိနေချိန်၊ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုစကြဲလမ်းတွင် ပါဝင်လျှောက်လှမ်းခွင့်ရသည့်အခါသမယ၌ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအနေဖြင့် သမဝါယမတက္ကသိုလ်၊ ကောလိပ်များသို့တက်ရောက်ပညာဆည်းပူး၍ နောင်အနာဂတ်တွင် လူကောင်းလူတော်များဖြစ်အောင် အဆင့်မြင့်ပညာရပ်များကို ဆည်းပူးနိုင်ကြလိမ့်မည်ဟု…

**ဇယား(၁)**

| စဉ် | အသင်းအမျိုးအစား | အမှုဆောင်(ချိန်ပြည့်) | အမှုဆောင်(ပိုင်း) | လခစားဝန်ထမ်း | နေ့စား/ပုတ်ပြတ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | အခြေခံ အသင်း | ၁၄၀၁၈ | ၁၂၅၆၇၅ | ၄၃၅၇ | ၂၄၅၅ | ၁၄၆၅၀၅ |
| ၂ | အသင်းစုများ | ၈၆၁ | ၁၇၁၆ | ၁၁၃၂ | ၂၇၈ | ၃၉၈၇ |
| ၃ | အသင်းစုချုပ်များ | ၆၄ | ၆၂ | ၃၃၉ | ၂၃ | ၄၈၈ |
| | **စုစုပေါင်း** | **၁၄၉၄၃** | **၁၂၇၄၅၃** | **၅၈၂၈** | **၂၇၅၆** | **၁၅၀၉၈၀** |

မွေးထုတ်ပေးရာဌာနခွဲများဟု ဆို၍ရက ဆိုနိုင်ပါသည်။ အဆိုပါ သင်တန်းကျောင်းများတွင် လက်မှတ်ရစာရင်းကိုင်သင်တန်းနှင့် ကွန်ပျူတာသင်တန်းများကိုတော့ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ မည်သူမဆို တက်ရောက်နိုင်ကာ ကုန်စုံဆိုင်၊ စတိုးဆိုင်တို့တွင် ယင်းကျောင်းများမှ သင်တန်းဆင်းလက်မှတ်များဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနေကြပါသည်။ သမဝါယမဆိုင်ရာသဘောတရား၊ လုပ်နည်းစနစ်၊ သမဝါယမမူဝါဒများ၏ ကောင်းမွန်ခိုင်မာမှု၊ စံပြဖြစ်မှုတို့ကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးနေခြင်းကြောင့်လည်း လူမှုစီးပွားရေးပညာတတ် မျိုးဆက်သစ်သမဝါယမလူငယ်များ မွေးထုတ်ပေးရာ ကျောင်းတော်ကြီးများအဖို့ အပြုံးကိုယ်စီရှိနေကြသည်ဆိုတာကတော့ တုန့်ဆိုင်းဖွယ်ရာမရှိပေ။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တက္ကသိုလ်အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း မတိုင်ခင် ၂၀၀၀-၂၀၀၁ ခုနှစ်ကတည်းက ရန်ကုန်သမဝါယမဒီဂရီကောလိပ်က လေးနှစ်သင်တန်းပို့ချပြီး စီးပွားရေးသိပ္ပံဘွဲ့ရပညာတတ်များကို နှစ်စဉ်

**ဇယား(၂)**

| တက္ကသိုလ်/ကောလိပ် | သိပ္ပံ | ဝိပ္ပံ | ဝိဇ္ဇာ |
|---|---|---|---|
| သမဝါယမတက္ကသိုလ်(သန်လျင်) | ၃၆၀ မှတ်နှင့်အထက် အမြင့်ဆုံး ၄၄၇ | ၃၅၀မှတ်နှင့်အထက် ၄၄၉ | ၂၉၀ မှတ်နှင့်အထက် ၄၂၆ |
| သမဝါယမတက္ကသိုလ်(စစ်ကိုင်း) | ၃၇၀ မှတ်နှင့်အထက် | ၃၆၀မှတ်နှင့်အထက် | ၃၀၀ မှတ်နှင့်အထက် |
| သမဝါယမကောလိပ်(မန္တလေး) | ၃၅၅ မှတ်နှင့်အထက် | ၃၃၅မှတ်နှင့် အထက် | ၂၈၅ မှတ်နှင့်အထက် |
| သမဝါယမကောလိပ်(ဖောင်ကြီး) | ၃၄၅ မှတ်နှင့်အထက် | ၃၂၅ မှတ်နှင့်အထက် | ၂၇၅ မှတ်နှင့်အထက် |

မွေးထုတ်ပေးလျက်ရှိပါသည်။ ထိုနှစ်မှစ၍ သမဝါယမတက္ကသိုလ်(သန်လျင်)မှ ၂၀၁၅-၂၀၁၆ ခုနှစ်ထိ ဝိဇ္ဇာဘွဲ့(စီးပွားရေးသိပ္ပံ)နှင့် စီးပွားရေးသိပ္ပံဘွဲ့ရ ၆၂၅၀ ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး စစ်ကိုင်းသမဝါယမတက္ကသိုလ်ကတော့ သုံးနှစ်အတွင်း စီးပွားရေးသိပ္ပံဘွဲ့ရ ၁၆၂၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ သမဝါယမ တက္ကသိုလ်/ကောလိပ်များ၏ နှစ်အလိုက် ဒီပလိုမာ/ဘွဲ့ရများကို အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကတော့ -

| ပညာသင်နှစ် | ဘွဲ့/ဒီပလိုမာ | အစိုးရ | ကုမ္ပဏီ |
|---|---|---|---|
| ၁၉၉၅-၁၉၉၆ | ၁၄၆၆၆ ဦး | ၈၀၈ ဦး | ၁၉၉၈ဦး |
| မှ | **ဘဏ်** | **ကိုယ်ပိုင်စီးပွား** | **အခြား** |
| ၂၀၁၁-၂၀၁၂ထိ | ၅၅၀ဦး | ၂၅၄၈ဦး | ၈၇၆၂ဦး |

ရှိနေကြောင်း လေ့လာသိရှိရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန(တက္ကသိုလ်၊ ကောလိပ်များအပါအဝင်) ဖွဲ့စည်းပုံကို လေ့လာကြည့်လျှင် ၃၀-၆-၂၀၁၇ ရက်နေ့စာရင်းအရ-

| ရာထူး | ဖွဲ့စည်းပုံ | ခန့်ပြီး | လစ်လပ် |
|---|---|---|---|
| အရာထမ်း | ၁၄၈၄ | ၈၆၃ | ၆၂၁ |
| အမှုထမ်း | ၁၆၈၇၆ | ၅၅၅၄ | ၁၁၃၂၂ |
| ပေါင်း | ၁၈၃၆၀ | ၆၄၁၇ | ၁၁၉၄၃ |

ရှိနေကြောင်း တွေ့ရှိရပါသည်။ သမဝါယမနှင့် သက်ဆိုင်သော အစိုးရဌာနများတွင် လစ်လပ်အင်အားများရှိနေခြင်းကြောင့် သမဝါယမဘွဲ့ရများအဖို့ မျှော်လင့်ချက်မြင့်မားသော အလုပ်အကိုင်အခွင့်အလမ်းကို ရရှိနိုင်မှာဖြစ်သလို အခြားသော အစိုးရဌာနများတွင်လည်း အရည်အချင်းရှိရှိ ထမ်းဆောင်ခွင့်တွေလည်း ရှိနေမှာဖြစ်ပါသည်။ ယနေ့အထိ သမဝါယမဦးစီးဌာန အဆင့်ဆင့်တွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် သမဝါယမအသင်းပေါင်း ၄၀၆၂၅ သင်းတွင်လည်း အမှုဆောင်ဒါရိုက်တာအဖွဲ့၊ အသင်းဝန်ထမ်းခန့်အပ်ထားမှု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အခြေအနေကို ဇယား(၁)ပါအတိုင်း တွေ့မြင်နိုင်ပါသည်-

သမဝါယမတက္ကသိုလ်များမှဘွဲ့ရပြီး မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် မိမိတို့နေထိုင်ရာရပ်ကွက်၊ ကျေးရွာများတွင် ဖွဲ့စည်းထားသည့် အများအကျိုးအလေးထားဆောင်ရွက်နေသည့် သမဝါယမအသင်း အဆင့်ဆင့်တွင်လည်း မိမိတို့ ကြိုက်နှစ်သက်သည့် တာဝန်များကို ထမ်းဆောင်ကြမည်ဆိုပါကလည်း အများအကျိုးဆောင်လို့ ကိုယ့်အကျိုးလည်း အောင်မြင်နိုင်မည် ဖြစ်ပေသည်။ သမဝါယမအသင်းလုပ်ငန်းများ တိုးတက်မြင့်မားလာသည်နှင့်အမျှ အသင်းတိုင်းတွင် အနည်းဆုံး ဝန်ထမ်းတစ်ဦးထက်မနည်း ခန့်အပ်မှုတွေလည်း ရှိလာနိုင်မည်ဖြစ်ပါသည်။

သို့ဆိုရာ သမဝါယမတက္ကသိုလ်/ကောလိပ်များကို ဝင်ခွင့် ပထမနှစ်တက်ရောက်ရန် ဘယ်လိုလုပ်ဆောင်ရမည်လဲဟု မေးဖွယ်ရာရှိပါသည်။ သမဝါယမတက္ကသိုလ်/ကောလိပ်များသို့ ဝင်ခွင့်လျှောက်လိုလျှင် သက်ဆိုင်ရာ တက္ကသိုလ်/ကောလိပ်၊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ် သမဝါယမဦးစီးဌာနများတွင် လျှောက်လွှာပုံစံ ဝင်ခွင့်လမ်းညွှန်များထုတ်ယူပြီး သတ်မှတ်ရက်အမီ ပေးပို့လျှောက်ထားနိုင်ပါသည်။

ယခုနှစ်တွင် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်များကို ဇူလိုင်လ ၁၀ ရက်နေ့မှစတင် ထုတ်ယူနိုင်ပြီး ဩဂုတ်လ ၃၁ ရက်နေ့နောက်ဆုံးထား၍ သတ်မှတ်လိပ်စာအတိုင်း ပေးပို့လျှောက်ထားရမည်ဟု နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြေညာထားသည်ကို သတိပြုမိပါသည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့် အောင်မြင်စေကာမူ အားလုံးလျှောက်ထားခွင့်ရှိပါသည်။ သိပ္ပံ၊ ဝိပ္ပံ၊ ဝိဇ္ဇာတွဲဖြင့် အောင်မြင်သူများအဖို့ စုစုပေါင်းရမှတ် ၄၅၀ နီးပါး ရရှိသူများပင် သမဝါယမပညာရပ်များကို သင်ယူရန်ဆန္ဒရှိသူတို့မှာ ယခင်နှစ်များတွင် လျှောက်ထားမှုများရှိခဲ့ကြောင်း သိရှိရပါသည်။ သင်ကြားမှုအပိုင်းတွင် အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများက စာတွေ့၊ လက်တွေ့ ထိထိမိမိ သင်ကြားပေးခဲ့သည့် ဂုဏ်သတင်းကြောင့်လည်း ပထမနှစ်ဝင်ခွင့်လျှောက်ထားသူဦးရေ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ကိုလည်း တွေ့နေရပါသည်။ တက်ရောက်ဆဲ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်/ကောလိပ်အလိုက် လက်ခံခဲ့သည့် ဝင်ခွင့်ရမှတ်ကို ဇယား(၂)ပါအတိုင်းရှိခဲ့ကြောင်း သိရှိရပါသည်-

၁၉၈၈ ခုနှစ်နောက်ပိုင်း အစိုးရအဆက်ဆက်တို့၏ လျစ်လျူရှုခြင်းခံခဲ့ရသည့် သမဝါယမအသင်းများသည် နိုင်ငံတော်အစိုးရ ဘတ်ဂျက်ငွေ လုံးဝသုံးစွဲခြင်းမပြုဘဲ နိုင်ငံခြားချေးငွေများဖြင့် ၂၀၁၃ ခုနှစ်မှစ၍ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးခြင်း၊ လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျအငှားဝယ်စနစ်ဖြင့် ရောင်းချပေးခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာအဆင့် မြှင့်တင်နိုင်ရန် လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတို့ကို သမဝါယမအဝန်းအဝိုင်းအင်အားဖြင့် တတ်စွမ်းသမျှ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် တစ်ကျော့ပြန် ခေါင်းမော့လာသည့် မြန်မာ့သမဝါယမ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် လူမှုစီးပွားရေးပညာတတ် မျိုးဆက်သစ်သမဝါယမလူငယ်များက

**စာမျက်နှာ ၇ သို့ ✻**

# ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN)တို့ ဆဋ္ဌမအကြိမ်မြောက်ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၁၀**
ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN)တို့၏ ဆဋ္ဌမအကြိမ် တရားဝင် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN တို့၏ အစည်းအဝေးတွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရထံသို့ အဆိုပြုတောင်းဆိုထားသည့် အချက် (၉) ချက်အား ဆွေးနွေးခဲ့ကြသည်။



အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်းနှင့် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်တို့က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဒေါက်တာတင်မျိုးဝင်းက "ကျွန်တော်တို့ DPN နဲ့ အဆိုပြုထားတဲ့အချက် (၉)ချက်ကလည်း တော်တော်လေးကို ပြီးမြောက်သွားပြီ ဖြစ်ပါတယ်။ ဒီကြားထဲမှာ ကျွန်တော်တို့ ငြင်းခုန်ကြသလို တူတဲ့အရာတွေကိုလည်းလွတ်လပ်စွာနဲ့ အတည်ပြုခဲ့ကြပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာလည်းကျန်ရှိနေတဲ့အချက်တွေကို အဓိကထား ဆွေးနွေးနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့လည်း ဒီမှာရှိတဲ့ ခေါင်းဆောင်တွေဆီကနေ ငြိမ်းချမ်းရေးခြေလှမ်းကို ဆွေးနွေးမှုအပြီးမှာ ရနိုင်လိမ့်မယ်လို့ ယုံကြည်နေကြောင်း စကားလက်ဆောင်ပါးလိုက်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ဘယ်ကိုသွားသွားရောက်တဲ့နေရာမှာ ငြိမ်းချမ်းရေးနဲ့ပဲ စပါတယ်။ ငြိမ်းချမ်းရေးရမှ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်မယ်။ ကျွန်တော်တို့ရဲ့ ပြည်သူတွေအားလုံး ယုံကြည်မျှော်လင့်နေကြတဲ့ ငြိမ်းချမ်းရေးမှာ အတူတကွ ပူးပေါင်းပါဝင်ကြပါစို့လို့ ပြောကြားလိုပါတယ်"ဟုပြောကြားသည်။

DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်က ယခုအကြိမ်ဆွေးနွေးမှုအား အမြင့်ဆုံးမျှော်လင့်ချက်ထား၍ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယခုအကြိမ်တွင် အခွင့်အရေးနည်းလမ်းကောင်းကို မိမိတို့ မဖန်တီးနိုင်ပါက ရှေ့လျှောက်ကြုံလာနိုင်သည့်အရာများက ပိုမိုရှုပ်ထွေးနိုင်သည်ဟု သုံးသပ်မိကြောင်း၊ အရေးကြီးသည်မှာ ယနေ့ဆွေးနွေးမှုသည် မိမိတို့ကိုယ်စီကိုယ်စီ တိုင်းပြည်အပေါ်တွင်ထားရှိသည့် စိတ်ရင်းစေတနာပေါ်တွင် များစွာမူတည်နေသည်ဟု ယူဆကြောင်း၊ အပြောတစ်မျိုးတည်းဖြင့် လူများကို ယုံကြည်အောင် လုပ်ယူ၍မရကြောင်း၊ လက်တွေ့တွင် လူတိုင်းလူတိုင်း၏ ယုံကြည်မှုကိုရရှိရန် လုပ်ဆောင်မှုနှင့် ပြသဖို့လိုလာပြီဟု သုံးသပ်မိကြောင်း ပြောကြားသည်။

"တတိယအကြိမ် ကျင်းပမယ့် ပင်လုံညီလာခံ (ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -၂၁ ရာစုပင်လုံ) မှာ ကျွန်တော်တို့ကို တန်းတူတက်ရောက်စေချင်တယ်ဆိုရင် ကျွန်တော်တို့ ပါဝင်နိုင်တဲ့ အခင်းအကျင်းကိုအခိုင်အမာ သဘောတူထားဖို့လိုတယ်။ ယုံကြည်မှုတည်ဆောက်ထားဖို့လိုတယ်လို့ ထင်တယ်။ ဒါဟာတိုင်းပြည်တစ်ခုလုံး ငြိမ်းချမ်းရေးအတွက် ပထမအဆင့်အနေနဲ့ ကျွန်တော်တို့က စလှမ်းနေတယ်လို့ မြင်တယ်။ ငြိမ်းချမ်းရေးရရှိဖို့ သွားနှင့်သူတွေကို မသွားနဲ့လို့ တားလို့မရသလိုဘဲ မသွားနိုင်တဲ့ သူတွေကိုလည်း မကျန်ခဲ့နဲ့လို့ မှတ်ထားလို့ မရပါဘူး။ အရေးကြီးတာကတော့ အတူတကွသွားရေးပါပဲ။ ဖော်ဆောင်တဲ့အခါ အဆင်မချောခဲ့လို့ သွားနှင့်သူနဲ့ ကျန်ခဲ့သူရှိနေတာပါ"ဟု ခူဦးရယ်က ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အစည်းအဝေးတွင် DPN အနေဖြင့် တောင်းဆိုထားသည့် အချက်များအားလုံးကို အသေးစိတ် ရရှိနိုင်စေရန်အတွက် တစ်ချက်ချင်း ပြန်လည်ရှင်းလင်းညှိနှိုင်းသွားရန် ငြိမ်းချမ်းရေးကော်မရှင်ထံသို့ တောင်းဆိုခဲ့သည်။

ခူဦးရယ်က "ဘယ်အချက်ကကျန်သေးတယ်။ ဘယ်အချက်တော့ ဆွေးနွေးပြီးပြီဆိုတာထက် တစ်ချက်ချင်း ကျွန်တော်တို့ နားလည်မှု တူညီနေပြီလား။ နှစ်ဖက်စလုံးက လက်ခံကြပြီလားဆိုတဲ့ တစ်ချက်ချင်းဆွေးနွေးတဲ့ပုံစံကို ပြန်သွားချင်ပါတယ်။ ဆိုလိုတာကတကယ်ပဲ နှစ်ဖက်စလုံးကသဘောတူတာဟုတ်၊ မဟုတ် တိတိကျကျ စစ်ဆေးတဲ့သဘောနဲ့သွားချင်တာဖြစ်ပါတယ်။ မဟုတ်ရင် တစ်ကြိမ်ပြီးတိုင်း နောက်တစ်ကြိမ်ကျရင် တစ်မျိုးပြန်ပြန်ပြီး အဆင်မချောလို့ ဝေါဟာရတစ်လုံးတည်းနဲ့ ပြန်ပြောရတာမျိုးကအဆင်မပြေဘူးထင်တယ်။ ဒါဟာကြန့်ကြာမှုကို ဖြစ်စေတယ်လို့ နားလည်ပါတယ်"ဟု အဖွင့်နှုတ်ခွန်းဆက်စကားတွင် ပြောကြားခဲ့သည်။

မတ် ၃ ရက်က ပြုလုပ်သည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် DPNတို့၏ လေးကြိမ်မြောက် အစည်းအဝေးအပြီးတွင် တောင်းဆိုချက် (၉)ချက်ကိုမူအားဖြင့် သဘောတူညီချက်များရရှိထားပြီးဖြစ်သည်။

ဦးလှမောင်ရွှေက "အစည်းအဝေးက ဒီနေ့ ၂ နာရီခွဲလောက်မှာ ပြီးတယ်။ ခိုင်မာအောင်လုပ်ဆောင်နိုင်ဖို့အတွက် ဒုတိယရှေ့နေချုပ် တက်တယ်။ ကျွန်တော်တို့ DPN ရဲ့ အချက် (၈)ချက်ကို အသေးစိတ် ပြန်သုံးသပ်ဆွေးနွေးရာမှာတော့ တစ်ကနေ လေးအထိ နှစ်ဖက်စလုံး ကျေကျေညက်ညက် ဆွေးနွေးပြီးသွားပါပြီ။ ငါးကိုတော့ ပြောနေပြီ။ ကျန်တာတွေ ဆက်ပြီးတော့ မနက်ဖြန် မနက် ၉ နာရီမှာ ဆက်ဆွေးနွေးပါမယ်။ အဆင်ပြေပါတယ်"ဟု ယနေ့ အစည်းအဝေးအပြီးတွင်ပြောသည်။

ယနေ့ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်မှ ဒေါက်တာတင်မျိုးဝင်း၊ ဦးသိန်းဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)၊ဦးဝင်းမြင့် (ဒုတိယရှေ့နေချုပ်)၊ ဦးအောင်ကြည်၊ ဦးနိုင်ငံလင်း၊ ဦးအောင်စိုး၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးဇော်ဌေး၊ ဒေါက်တာမင်းဇော်ဦးနှင့်ဦးလှမောင်ရွှေတို့ တက်ရောက်ကြသည်။

DPN မှ ခူဦးရယ်၊ နိုင်အောင်မငေး၊ စပ်ဆေအွန်၊ ဦးဘုန်းနိုင်၊ ဦးမင်းထွန်း၊ ဒေါက်တာနိုင်ရွှေသိန်း၊ စိုင်းဟတ်ဟန်၊ ဦးထွန်းဇော်နှင့်နာဗစ်ဘွန်တို့ တက်ရောက်ပြီး လေ့လာသူများအဖြစ် PPWT မှ ကိုယ်စားလှယ် စိုင်းငင်း၊ ဒေါက်တာရွှေခါးရ်နှင့် သောမတ်စ်တို့ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် DPNတို့၏ ခြောက်ကြိမ်မြောက် ဒုတိယနေ့ အစည်းအဝေးကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီတွင် NRPC ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **သတင်း. . ရဲခေါင်ညွန့်၊ ဓာတ်ပုံ. . ဖိုးထောင်**

---

## ❒ ငမိုးရိပ်တံတားသစ်မှ

ကုန်စည်စီးဆင်းမှု ထိခိုက်မှုမရှိစေရန် စက်တပ်သမ္ဗန်များ၊ ရေယာဉ်များ ကင်းလွတ်အကျယ် ပေ ၅၀ နှင့် တံတားအောက်ရေကင်းလွတ်အမြင့် ၁၈ ပေအထိ ထားရှိထားကြောင်း တံတားပေါ်ယာဉ်သွားလမ်းမှာ ယာဉ်နှစ်စီးသွားလာနိုင်ပြီး တံတားတစ်ဖက်တစ်ချက်တွင် လူသွားစင်္ကြံပေ ကျော်ထားရှိထားကြောင်း၊ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၇၅ တန်၊ ပင်မတံတားအရှည် ပေ ၂၈၀ ၊ ချဉ်းကပ်လမ်းနှစ်ဖက်အပါအဝင် တံတားတစ်ခုလုံး အရှည်မှာ ၄၀၆ ပေအထိရှိကြောင်း၊ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ရေရှည်ခိုင်ခံ့သော တံတားတစ်စင်းဖြစ်အောင် ၁ ဒသမ ၂ မီတာ အချင်းရှိ ဘိုးပိုင်စနစ်ဖြင့် တည်ဆောက်ထားကြောင်း ပြောကြားသည်။

အဆိုပါ ဒဂုံမြို့သစ်မြောက်ပိုင်း(၃၃)ရပ်ကွက်နှင့် တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းတို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ခွင့်ပြုဘဏ္ဍာငွေဖြင့် တည်ဆောက်ပေးနိုင်သောကြောင့် ဒဂုံမြို့သစ်မြောက်ပိုင်းနေ ပြည်သူများသည် ယာဉ်ကြောကျပ်တည်းမှုအတွက် ပေးနေရသောအချိန်များ အထိုက်အလျောက်လျော့ပါးလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ-စောသိန်းဝင်း**

---

## ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၀**
ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိစေရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိစဉ် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ် မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့်နေရာ အနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေ နှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ ယနေ့ ညနေပိုင်းတွင် လေယာဉ်ကိုယ်ထည်အစိတ်အပိုင်းများအား ထပ်မံရှာဖွေ ဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---



သက်ငယ်မုဒိမ်းမှုကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၈ ရက် ည ၈ နာရီက ပေါက်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်း၌ ပြုလုပ်ခဲ့ရာ မင်္ဂလာဒုံမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး မြထွန်းကျော် ဟောပြောစဉ်။
**(ဌေးကြိုင်)**

---

## ❖ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ

"ဟိုရက်ကတော့ တံတားကျိုးတယ်ဆိုပြီးတော့ စက်လှေထွက်တာ တစ်ရက်လောက်နားလိုက်ရပါတယ်။ ဟိုဘက်မှာ ပြန်ကောင်းသွားတဲ့အတွက် ကုန်သွယ်မှုက ပုံမှန်အတိုင်း ပြန်ဖြစ်နေပါပြီ။ ကျွန်တော် အဓိကတင်ပို့တာကတော့ ချင်း၊ ဆန်၊ ဆီးသီး၊ ဆီးသီးခြောက်နဲ့ နနွင်းတက်တို့ ဖြစ်ပါတယ်"ဟု ပြောသည်။

"စစ်တွေဘက်ကဆိုရင် ရာသီဥတုအခြေအနေကြည့်ပြီး သင်္ဘောကြီးတွေ၊ စက်လှေကြီးတွေနဲ့ ပင်လယ်ပြင်ကို ဖြတ်ရပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကိုရောက်ဖို့ ၁၀ နာရီလောက်အချိန်ပေးရပါတယ်။ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းက သွားမယ်ဆိုရင် နတ်မြစ်ကိုဖြတ်လိုက်ပြီး နှစ်နာရီလောက်ပဲ အချိန်ပေးရပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇူလိုင်လတွင် မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းအနေဖြင့် ကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၄၇၅၂၀၅ ဒသမ ၁၇၀ တင်ပို့နိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇူလိုင်လတွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၂၉၂၂၂ ဒသမ ၃၇၉ သန်း တင်ပို့နိုင်ခဲ့သည့်အတွက် ယခုဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၈၅၄၀၁၇ ဒသမ ၂၀၉ သန်း ပိုမိုတင်ပို့နိုင်ခဲ့သည်ဟု သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - အေဝမ်းစိုး၊ မျိုးသူဟိန်း**

---

✱ စာမျက်နှာ ၆ မှ

ကြိုးပမ်းဆောင်ရွက်မှုသာ နှစ်ပေါင်း(၁၁၂)နှစ်ကျော် ရှင်သန်ရပ်တည်ခဲ့သည့် မြန်မာ့သမဝါယမအဖွဲ့အစည်းသည် အနာဂတ်တွင် တင့်တယ်လန်းဆန်းနေမည်ဖြစ်ပေသည်။ လူမှုစီးပွားရေးပညာတတ်မျိုးဆက်သစ် သမဝါယမလူငယ်များ မွေးထုတ်ပေးရာတက္ကသိုလ်ကျောင်းတော်ကြီးများကိုလည်း လက်ရှိအနေအထားထက် ပိုမိုတိုးတက်အောင်မြင်လာပြီး ပါရဂူဘွဲ့ရများ မွေးထုတ်ပေးနိုင်သည်အထိ စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်မိပါသည်။

အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (ICA ) အဖွဲ့ဝင် ၉၅ နိုင်ငံကျော်တွင် ကမ္ဘာ့ပြည်သူ အသင်းသားပေါင်း တစ်ဘီလီယံကျော်ရှိပြီး အလုပ်အကိုင် သန်း ၁၀၀ ကို သမဝါယမများက ဖော်ဆောင်ပေးလျက်ရှိပါသည်။ ယင်းအလုပ်အကိုင် ဖန်တီးနိုင်မှုမှာ ပုဂ္ဂလိကလုပ်ငန်းများက ဖော်ဆောင်ပေးမှုထက် ၂၀ ရာခိုင်နှုန်း ပိုမိုများပြားတာကို တွေ့ရှိရပါသည်။ ကမ္ဘာ့အကြီးဆုံး သမဝါယမအသင်း ၃၀၀ ၏ နှစ်စဉ်လှည့်လည်ငွေစာရင်းမှာ အမေရိကန် ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိပြီး ကမ္ဘာ့လူဦးရေ သန်း ၂၅၀ ကျော်သည် သမဝါယမလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းလျက်ရှိနေပါသည်။

သမဝါယမအသင်းအဖွဲ့များအနေဖြင့် G20 နိုင်ငံများ၏ စုစုပေါင်း အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေ ၁၂ ရာခိုင်နှုန်းနီးပါးကို အလုပ်အကိုင်များ ဖန်တီးပေးလျက်ရှိနေသည်ကို လေ့လာမိပါသည်။ ကမ္ဘာ့နိုင်ငံများတွင် သမဝါယမများက အလုပ်အကိုင် ဖန်တီးပေးနိုင်မှု စွမ်းစွမ်းတမံဆောင်ရွက်ပေးနေချိန်တွင် မြန်မာ့သမဝါယမများသည်လည်း ယခုထက်ပိုမို၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေဦးမည်ဆိုတာ လေးနက်စွာ ယုံကြည်မိပါသည်။ မြန်မာ့သမဝါယမလုပ်ငန်းများတွင် လူမှုစီးပွားရေးပညာတတ် မျိုးဆက်သစ်ခေတ်လူငယ်များ လိုအပ်လျက်ရှိနေချိန်၊ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုစကြီလမ်းတွင် ပါဝင်လျှောက်လှမ်းခွင့်ရသည့် အခါသမယ၌ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအနေဖြင့် သမဝါယမတက္ကသိုလ်၊ ကောလိပ်များသို့ တက်ရောက်ပညာဆည်းပူး၍ နောင်အနာဂတ်တွင် လူကောင်းလူတော်များဖြစ်အောင် အဆင့်မြင့်ပညာရပ်များကို ဆည်းပူးနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း ရေးသားလိုက်ရပါတော့သည်။ ။

■

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီးတို့က ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် ဩဂုတ် ၁၀**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီးတို့သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-kyun နှင့် ဇနီး ဦးဆောင်သော ကိုရီးယားလွှတ်တော် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ထမင်းစားခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့သည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် လွှတ်တော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် အပြန်အလှန် ဆုတောင်းစကား ပြောကြားကြပြီး အတူတကွ ညစာသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များအား ပန်းခြင်းပေးအပ်ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မဲခေါင်ဒေသလုံခြုံရေး ညှိနှိုင်းဆောင်ရွက်မှုဗဟိုဌာန ဖွင့်ပွဲအခမ်းအနား ကျိုင်းတုံမြို့၌ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**
မဲခေါင်ဒေသလုံခြုံရေးညှိနှိုင်းဆောင်ရွက်မှုဗဟိုဌာန ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက်ရှိ Amazing Kyaingtong Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များက အမှတ်(၂၈) မူးယစ်တပ်ဖွဲ့စု ရုံးဝင်းအတွင်းရှိ မဲခေါင်မြစ်ဝှမ်းဒေသ မူးယစ်သတင်းဖလှယ်ပေါင်းစပ်ညှိနှိုင်းရေးရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ သတင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မြဝင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်မြင့်အောင်နှင့် တာဝန်ရှိသူများ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

■

**❖ စာမျက်နှာ ၅ မှ**
အစီရင်ခံစာတင်သွင်းရာတွင် ဦးထွန်းထွန်းဟိန်က အမျိုးသားလွှတ်တော်သည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ဖြင့် အရေးယူခံရလျှင် အာမခံရရှိရန်၊ ပုဒ်မ ၈၀ ပုဒ်မခွဲ (ဂ)ကို "ပုဒ်မ ၆၆ ပုဒ်မခွဲ (က)(ခ)နှင့် (ဃ)တို့ပါ ပြစ်မှုများကို အာမခံပေးနိုင်သည့် ပြစ်မှုများအဖြစ် သတ်မှတ်သည်"ဟု လည်းကောင်း၊ "ပုဒ်မခွဲ(ဃ)ကို အသရေဖျက်ခံရသူ သို့မဟုတ် ၎င်းက ကိုယ်စားလှယ်လွှဲခံရသူက တိုင်တန်းချက်မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်း မပြုနိုင်စေရန်"ဟု လည်းကောင်း ဖြည့်စွက်ပြင်ဆင်ထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ ၏ ပြစ်ဒဏ်ကို သုံးနှစ်ထိထောင်ဒဏ်ဟု သတ်မှတ်မည့်အစား သုံးနှစ်အောက်ထောင်ဒဏ်ဟု ပြင်ဆင်လိုက်ပါက ပုဒ်မ ၆၆ ပါ ပြစ်မှုများသည် အာမခံပေးရမည့် ပြစ်မှုအဖြစ်သို့ ပြောင်းလဲသွားမည် ဖြစ်ပါကြောင်း ထည့်သွင်းတင်ပြသည်။

ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်ဥက္ကဋ္ဌက အသိပေးကြေညာထားသည်။ **ကျော်သူထက်(သတင်းစဉ်)**

**✳ မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ**
မြန်မာ့ကျောက်မျက်ရတနာများကို လေ့လာကြည့်ရှုကြပြီး တင်ဒါများကို လွတ်လပ်စွာတင်သွင်းလျက်ရှိသည်။

ယနေ့တွင် ကျောက်စိမ်းတွဲအမှတ် ၄၄၀၁ မှ ၅၅၀၀ အထိ ကျောက်စိမ်းတွဲ ၁၁၀၀ မှ တင်ဒါအောင်မြင်သူများစာရင်းကို ထုတ်ပြန်ကြေညာပြီး တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြသည်။

ဆက်လက်၍ ကျောက်စိမ်းအတွဲအမှတ် ၅၅၀၁ မှ ၆၅၆၁ အထိ ကျောက်စိမ်းတွဲ ၁၀၆၁ တွဲ၏ တင်ဒါတင်သွင်းခြင်းကို ယနေ့ ညနေ ၅ နာရီခွဲတွင် ပိတ်သိမ်းမည်ဖြစ်ကြောင်းနှင့် ဝယ်ယူခွင့်ရရှိသူများစာရင်းကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းမှစတင်၍ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြသရောင်းချပွဲသို့ ပြည်တွင်းပြည်ပကျောက်မျက်ရတနာကုမ္ပဏီ ၁၈၉၄ ခုနှင့် ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာကုန်သည် ၅၃၁၁ ဦး တက်ရောက်ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ယနေ့အထိ ကျောက်စိမ်းအတွဲအမှတ် ၁ မှ အတွဲအမှတ် ၅၅၀၀ အထိ ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ ၄၂၈၂ တွဲ ရောင်းချခဲ့ရကြောင်း သိရသည်။ **(သတင်းစဉ်)**

**✪ ရှေ့ဖုံးမှ**
ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၆၀) ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆုတောင်းစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်း သီဆိုဖျော်ဖြေကြသူများအား အမှတ်တရပန်းစည်းပေးအပ်ပြီး နှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း ပြည်ပသို့တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၄၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၈၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်း အလုပ်အကိုင်ရရှိရေးကို ဦးစားပေး ဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များဆောင်ရွက်ပေးခဲ့ပါသည်။

**၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေ**

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် | အလုပ်ရ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း | |
| ၁။ | ပြည်ထောင်စုနယ်မြေ | ၅၈ | - | ၅၈ | |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၈၇ | ၁၁၉၉၃ | ၁၂၀၈၀ | |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၁ | ၅၃ | ၁၅၄ | |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၆၉ | ၂၅၃၂ | ၂၆၀၁ | |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၁၂၈ | ၁၂၀၈ | ၁၃၃၆ | |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၅၈ | ၄၇၅ | ၆၃၃ | |
| ၇။ | မကွေးတိုင်းဒေသကြီး | ၁၇ | ၄၈၃ | ၅၀၀ | |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ၁၀ | ၂၈၃ | ၂၉၃ | |
| ၉။ | ကချင်ပြည်နယ် | ၆ | ၃၄ | ၄၀ | |
| ၁၀။ | ကယားပြည်နယ် | ၁၄ | ၂၆ | ၄၀ | |
| ၁၁။ | ကရင်ပြည်နယ် | ၁၆ | ၁၅၈ | ၁၇၄ | |
| ၁၂။ | ချင်းပြည်နယ် | ၂ | - | ၂ | |
| ၁၃။ | မွန်ပြည်နယ် | ၆၄ | ၁၉၉ | ၂၆၃ | |
| ၁၄။ | ရခိုင်ပြည်နယ် | ၄၈ | ၃၂ | ၈၀ | |
| ၁၅။ | ရှမ်းပြည်နယ် | ၁၂၀ | ၂၁၈ | ၃၃၈ | |
| | **စုစုပေါင်း** | **၈၉၈** | **၁၇၆၉၄** | **၁၈၅၉၂** | |

**၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှု အခြေအနေ**

| စဉ် | နိုင်ငံ | စေလွှတ်ဦးရေ | မှတ်ချက် |
|---|---|---|---|
| ၁။ | မလေးရှားနိုင်ငံ | ၈၇၂ ဦး | |
| ၂။ | စင်ကာပူနိုင်ငံ | ၇၇ ဦး | |
| ၃။ | ကိုရီးယားနိုင်ငံ | ၇၄၁ ဦး | |
| ၄။ | ထိုင်းနိုင်ငံ | ၁၂၂၈၀ ဦး | |
| ၅။ | ဂျပန်နိုင်ငံ | ၃၁၄ ဦး | |
| ၆။ | ယူအေအီး | ၆ ဦး | |
| ၇။ | ကာတာနိုင်ငံ | ၃ ဦး | |
| | **စုစုပေါင်း** | **၁၄၂၉၃ ဦး** | |

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
## ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Parinya Khoonnasee နှင့်အဖွဲ့အား တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၀**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် (၆)ကြိမ်မြောက် မြန်မာ-ထိုင်း Senior Staff Talks အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Parinya Khoonnasee နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က Senior Staff Talks အစည်းအဝေးသည် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အရေးပါသည့် ပူးပေါင်းလုပ်ဆောင်မှုများအတွက် များစွာအထောက်အကူရစေသည့်အပြင် မိမိတို့နှစ်နိုင်ငံအတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေပါကြောင်း၊ မိမိတို့တပ်မတော်နှစ်ရပ်အကြား ပုံမှန်ပြုလုပ်နေသည့် Township Border Committee၊ Regional Border Committee၊ Senior Staff Talks နှင့် High Level Committee အစည်းအဝေးများသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကောင်းမွန်စေပြီး ဒေသတွင်းနိုင်ငံများအတွက်ပါ စံနမူနာတစ်ရပ်ဖြစ်စေကြောင်း၊ ရိုးသားပွင့်လင်းမှုနှင့် ယုံကြည်မှုမှာ အရေးကြီးကြောင်း ဆွေးနွေးပြောကြားသည်။

ထိုင်း Senior Staff Talks အဖွဲ့ခေါင်းဆောင် Lt. Gen. Parinya Khoonnasee က (၆)ကြိမ်မြောက် Senior Staff Talks အစည်းအဝေးတွင် နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးမှုနှင့် ရလဒ်ကောင်းများရရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

**(သတင်းစဉ်)**

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး
## ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၁၀**
ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်ပညာရေးတက္ကသိုလ်ရှိ Learning Hub ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းပေါင်း ၄၆၀၀၆ ကျောင်းရှိပါကြောင်း၊ ဆရာဆရာမပေါင်း သုံးသိန်းခြောက်သောင်းကျော်ရှိပြီး ပုဂ္ဂလိကနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အပါအဝင် ကျောင်းသား ကျောင်းသူ မူလတန်း၊ အလယ်တန်း၊ အထက်တန်း စုစုပေါင်း ကိုးသန်းခွဲရှိပါကြောင်း၊ ကျေးလက်နှင့် ဝေးလံသောဒေသများတွင် ကျောင်းအဆင့်များကို တိုးမြှင့်ပေးလျက်ရှိပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၅၀၉၉ ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပါကြောင်း၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းကျောင်း စုစုပေါင်း ၅၉ ကျောင်းရှိပြီး နှစ်စဉ် သင်တန်းသား နှစ်သောင်းသာလျှင် မွေးထုတ်ပေးနိုင်ပါကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်အတွက် နည်းပညာနှင့် သက်မွေးပညာကျောင်းများကို ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ ကာလတို ကျွမ်းကျင်မှုသင်တန်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်း ၁၇၀ ကျော်ရှိပြီး ၁၃၂ ကျောင်းသည် ပညာရေးဝန်ကြီးဌာန၏လက်အောက်တွင်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးတွင် ကျောင်းသား ကျောင်းသူ ဦးရေ ခုနစ်သိန်း ရှစ်သောင်းနီးပါးရှိပြီး ငါးသိန်းနီးပါးသည် အဝေးသင်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူလျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ခွင့်အခွင့်အရေးရရှိရေးနှင့် ကျောင်းသားကျောင်းသူတိုင်း သင်ယူပြီးမြောက်မှုနှုန်း မြင့်မားရေးနှင့် အလယ်တန်း၊ အထက်တန်း ဆက်လက်ပညာသင်ယူနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် အရည်အသွေးပြည့်ဝသော ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဘွဲ့ရလူငယ်များ ပြုစုပျိုးထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာရေးကဏ္ဍအနေဖြင့် နှစ်စဉ် ဆရာ ဆရာမများ၏လိုအပ်ချက်များကို ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်ချက်များကို ဦးစားပေးအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ ပိုမိုတိုးတက်အောင်မြင်ရေးအတွက် မိသားစုစိတ်ဓာတ်ဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေမှုစနစ်အတွက် ပထမအဆင့် အဆိုပြုလွှာစတင်ခေါ်ယူ

**ရန်ကုန် ဩဂုတ် ၁၀**
ရန်ကုန်မြို့ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများတွင် ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေမှု စတင်ကျင့်သုံးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပထမအဆင့် အဆိုပြုလွှာတင်ဒါကို ဩဂုတ် ၉ ရက်က ခေါ်ယူလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။




ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေမှုအတွက် တင်ဒါခေါ်ယူမှုကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) နှင့် Yangon Payment Services(YPS) ၏ ကတ်စနစ်ဖြင့် ငွေပေးချေမှု လုပ်ငန်းဝန်ဆောင်မှုအတွက် (၁) Cards Issuing လုပ်ငန်း၊ (၂)Cards Acquiring လုပ်ငန်းနှင့် (၃) Cards Top up Agent လုပ်ငန်းများကိုဆောင်ရွက်ရန် လုပ်ကိုင်လိုသော နိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများ (သို့မဟုတ်) မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ တင်ဒါတင်သွားနိုင်ကြောင်း သိရသည်။

"ကတ်စနစ်ဖြင့် ငွေပေးချေမှုအတွက် တင်ဒါစခေါ်လိုက်ပါပြီ။ ပြည်တွင်းကုမ္ပဏီ ဒါမှမဟုတ် ဖက်စပ်ကုမ္ပဏီတွေကို တင်ဒါခေါ်ယူထားပါတယ်။ တင်ဒါနဲ့ပတ်သက်ပြီးတော့လည်း အသေးစိတ်ကို ရှင်းလင်းဆောင်ရွက်မှာ ဖြစ်ပါတယ်" ဟု ဒေါက်တာမောင်အောင်က ပြောသည်။

တင်ဒါအဆိုပြုလွှာ (ပထမအဆင့်)ကို ဩဂုတ် ၉ ရက်တွင် စတင်ရောင်းချခဲ့ခြင်းဖြစ်ပြီး တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းခြင်းအစီအစဉ်ကို ဩဂုတ် ၁၅ ရက်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပြုလွှာ (ပထမအဆင့်)ကို ဩဂုတ် ၂၅ ရက်တွင် စတင်လက်ခံသွားမည်ဖြစ်ပြီး နောက်ဆုံးလက်ခံမည့်ရက်ကို စက်တင်ဘာ ၁၆ ရက်ကို သတ်မှတ်ထားသည်။

**(ဝဝ၁)**

# တွေးခေါ်မြော်မြင်နိုင်မှုကို ဆန်းစစ်ဖော်ထုတ်သောမေးခွန်းများ ပိုမိုထည့်သွင်းမည့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းလွှာ

သင်ကြားသင်ယူမှုနှင့် စစ်ဆေးတိုင်းတာမှုလုပ်ငန်းများကို ချိတ်ဆက်အကောင်အထည်ဖော်ရာ၌ သင်ကြားသင်ယူမှုအပိုင်းတွင် ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ပြဿနာဖြေရှင်းနိုင်မှုနှင့် ဝေဖန်ပိုင်းခြားနိုင်မှု အရည်အသွေးများပြည့်ဝလာအောင် လုပ်ဆောင်ပေးရမည်ဖြစ်သကဲ့သို့ စစ်ဆေးတိုင်းတာမှုအပိုင်းတွင် ဆက်စပ်အသုံးချနိုင်မှု၊ ဝေဖန်ပိုင်းခြားနိုင်မှုနှင့် ပြဿနာဖြေရှင်းနိုင်မှုတို့ကို ဦးတည်စစ်ဆေးပေးနိုင်အောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာကို ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုမှုကိုအားပြုသည့် အလေ့အထမှ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် လေ့လာသင်ယူမှုဖြစ်စဉ်အပေါ်တွင် အခြေခံ၍ ဖြေဆိုနိုင်မည့် အလေ့အထသို့ပြောင်းလဲရန်အတွက် တွေးခေါ်မြော်မြင်နိုင်မှုကို ဆန်းစစ်ဖော်ထုတ်သောမေးခွန်းများကို ပိုမိုထည့်သွင်းရမည်ဖြစ်သည်။

စာမေးပွဲဆိုသည်မှာ သင်ကြားသင်ယူမှုနှင့် စစ်ဆေးတိုင်းတာမှုကို ချိတ်ဆက်ဆောင်ရွက်ရသောလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ အခြေခံပညာကျောင်းများတွင် သင်ကြားသင်ယူမှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်သည့်အခါ ကျောင်းသားကျောင်းသူများအတွက် အောက်ပါသင်ယူမှုရလဒ်များကို ရရှိရန် ရည်ရွယ်ပါသည်။ ယင်းတို့မှာ-

- (၂၁) ရာစုနှစ် ကျွမ်းကျင်မှုနှင့် အသိပညာများရရှိစေရန်
- ဘာသာရပ်အလိုက်၊ သင်ခန်းစာတစ်ခုချင်းအလိုက် သင်ရိုးအားလုံး ကျွမ်းကျင်စွာ လွှမ်းခြုံလေ့လာမှုရှိစေရန်
- ဘာသာရပ်သင်ရိုးတစ်ခုစီအတွက် လိုအပ်သည့်အသိပညာဗဟုသုတ (Knowledge)၊ ကျွမ်းကျင်မှု (Skill)၊ အတွေးအခေါ် အယူအဆ (Concept)နှင့် ကောင်းမွန်သောစိတ်နေစိတ်ထား (Attitude) များရရှိစေရန်
- ဖတ်စာအုပ်ကိုအလွတ်ကျက်မှတ်၍ ဖြေဆိုမှုလျော့နည်းစေရန်
- ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှု (Critical Thinking) ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ဖြစ်သည်။

စစ်ဆေးတိုင်းတာမှုလုပ်ငန်းသည် အထက်ပါရည်ရွယ်ချက်များ ပေါက်မြောက်ခြင်း ရှိ၊ မရှိ လေ့လာဆန်းစစ်ရသည့် လုပ်ငန်းဖြစ်ပါသည်။ သို့ဖြစ်ရာ တွေးခေါ်မြော်မြင်မှုနှင့်ဆိုင်သောမေးခွန်းများ ထည့်သွင်းစစ်ဆေးခြင်းသည် လွန်စွာအရေးကြီးပါသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာပုံစံ (Question Format) လုံးဝပြောင်းလဲမည်မဟုတ်ပါ။ ဆိုလိုသည်မှာ မေးခွန်းတည်ဆောက်မှု ပုံစံအနေဖြင့် ယခင်နှစ်များအတိုင်းဖြစ်ပါသည်။ သို့ရာတွင် ဘာသာရပ်တစ်ခုချင်းအပေါ် မူတည်၍ အချို့သောမွမ်ဓိဌာန်မေးခွန်း၊ မေးခွန်းတို၊ မေးခွန်းရှည်များကို ကျောင်းသုံးစာအုပ်ထဲက ပြဋ္ဌာန်းထားသည့်အတိုင်း တစ်ထပ်တည်း မေးမည်မဟုတ်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အချို့သောမေးခွန်းများကို ကိုယ်ပိုင်အတွေးအခေါ်ဖြင့် စဉ်းစားဖြေဆိုကြရမည်ဖြစ်ပါသည်။

ယခင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာ၏ အချို့မေးခွန်းများတွင် ကျောင်းသား ကျောင်းသူတို့၏ စဉ်းစားတွေးခေါ်မှုထက် ရွေးချယ်ကျက်မှတ်မှုကို အားပေးသကဲ့သို့ဖြစ်နေပါသည်။ သို့ဖြစ်၍ နှစ်စဉ်မေးနေကျ ပုံစံတူမေးခွန်းများအစား တွေးခေါ်မြော်မြင်နိုင်မှုကိုအားပြုသောမေးခွန်းများကို ပိုမိုထည့်သွင်းခြင်းဖြင့် မေးခွန်း၏အနှစ်သာရ မြင့်မားလာမည်ဖြစ်ပါသည်။ ကျောင်းသားကျောင်းသူတို့၏ တတ်မြောက်မှုသည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာတွင် ယခင်နှစ်များကကဲ့သို့ပင် Objective Type မေးခွန်းများပါဝင်မည်ဖြစ်သည့်နည်းတူ သင်ရိုးတစ်ခုလုံးကိုခြုံငုံ၍ စဉ်းစားတွေးခေါ်ဖြေဆိုရန် လိုအပ်သည့် မေးခွန်းများလည်း ပါဝင်မည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများသည်လည်း မိမိ၏တတ်မြောက်ကျွမ်းကျင်မှုအဆင့်နှင့်အညီ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်ကို အခက်အခဲမရှိ ဆက်လက်ဆည်းပူးကြပြီး အနာဂတ်နိုင်ငံတော်ကိုတည်ဆောက်မည့် တွေးခေါ်မြော်မြင်မှုမြင့်မားသောလူသားကောင်းများဖြစ်ထွန်းလာနိုင်မည် ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာပုံစံသစ်ကို ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်ပြောင်းလဲကျင့်သုံးမည်ဖြစ်ပါသည်။ အများပြည်သူသိရှိနိုင်စေရန်အတွက် အနည်းဆုံးတစ်နှစ် ကြိုတင်အသိပေးမည်ဖြစ်ပါသည်။

ခိုင်ထွန်းကျော်

# စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ OISCA တို့ ပူးပေါင်းကာ စိုက်ပျိုးရေးနှင့် ခေါင်းဆောင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းဖွင့်

**နေပြည်တော် ဩဂုတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ရေအေး ကျေးရွာအနီး တောင်သူ ဦးသက်နိုင်ဦး စိုက်ပျိုးထားသည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ၁၀ နှစ်ကြာ သုတေသနပြု ထုတ်လုပ်လိုက်သော ပင်စည်ထိုးပိုးဒဏ်၊ ရေငတ်ဒဏ်၊ ကြံအူနီနှင့် မှိုနံ့ရောဂါဒဏ်တို့ ခံနိုင်ရည်ရှိပြီး ခုတ်သိမ်း ရာသီကုန်သည်အထိ ပန်းမပွင့်ဘဲ တစ်ဧကလျှင် တန် ၇၀ ခန့်အထိ ထွက်ရှိနိုင်သည့် DAR-4 ကြံမျိုးသစ် ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ သည် စိုက်ပျိုးရေးသုတေသန(တပ်ကုန်း)ခြံအတွင်း ပြောင်း၊ နေကြာ၊ ပဲတီစိမ်း၊ မြေပဲသီးနှံများ မျိုးသန့်မျိုးပွားလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်း ခရိုင် ပျော်ဘွယ်မြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ OISCA တို့ ပူးပေါင်းဖွင့်လှစ်သည့် စိုက်ပျိုးရေး နှင့် ခေါင်းဆောင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ဖွင့်ပွဲ သို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဂျပန်နိုင်ငံ OISCA- International အဖွဲ့ ဥက္ကဋ္ဌ Dr. YOSHIKO Y.NAKANO နှင့် MITSUBISHI ကော်ပိုရေးရှင်းအဖွဲ့ ဒုတိယအမှုဆောင် ဥက္ကဋ္ဌ Mr. MURAKOSHI တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အမှာစကားများ ပြောကြား ခဲ့သည်။

OISCA- International အဖွဲ့အနေဖြင့် ၁၉၉၆ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းကြီး ဒေသတွင် အခြေစိုက်စတင်၍ ကျေးလက်နေ မျိုးဆက်သစ် တိုင်းရင်းသားလူငယ် မောင်မယ် ၂၀ ကို နှစ်စဉ် သင်တန်း ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ပျော်ဘွယ်မြို့နယ်တွင် ဖွင့်လှစ်သည့် သင်တန်းကျောင်းသည် ဒုတိယမြောက် သင်တန်းကျောင်းဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ DAR-4 ကြံမျိုးသစ် စိုက်ပျိုးအောင်မြင်နေမှုကို ကွင်းဆင်းကြည့်ရှုစဉ်။

**(သတင်းစဉ်)**

## ခရိုင်နှင့် မြို့နယ်စက်မှုလယ်ယာရုံး၌ အာမခံလုပ်ငန်းအကြောင်း အသိပညာပေးဟောပြော

**ဟသ်ာတ ဩဂုတ် ၁၀**

မြန်မာ့အာမခံလုပ်ငန်းအကြောင်း အသိပညာပေးဟော ပြောခြင်းနှင့် ပြည်သူ့ဝန်ထမ်း အသက်အာမခံထားရှိသူ များအား လက်ခံဆောင်ရွက်ပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဟသ်ာတခရိုင် စက်မှုလယ်ယာ ဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးလှိုင်တိုးက ဌာနဝန်ထမ်းများအနေဖြင့် အာမခံလုပ်ငန်း များအကြောင်း သိရှိစေရန်နှင့် သိရှိလိုသည်များကို မေးမြန်း ရန် ပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ဟသ်ာတခရိုင်ရုံး တာဝန်ခံ ဦးနေဝင်းက အာမခံလုပ်ငန်းများဖြစ်သည့် ပြည်သူ့ဝန်ထမ်း အသက်အာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ မီးနှင့် အမျိုးမျိုးအာမခံ၊ ရေကြောင်းပို့ကုန်ပစ္စည်းအာမခံ၊ မြွေအန္တရာယ်အာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ နှင့် ခရီးသွားအာမခံလုပ်ငန်းများအကြောင်းနှင့် အာမခံ လုပ်ငန်းများထားရှိခြင်းဖြင့် ရရှိခံစားနိုင်မည့် အကျိုးကျေးဇူး များကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည် များကို မေးမြန်းရာ အာမခံလုပ်ငန်းခရိုင်ရုံး တာဝန်ခံက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ခရိုင်နှင့် မြို့နယ်စက်မှု လယ်ယာဦးစီးဌာနရုံးမှ ပြည်သူ့ဝန်ထမ်း အသက်အာမခံ ထားရှိမည့် ဝန်ထမ်း ၄၀ အတွက် လက်ခံဆောင်ရွက်ပေး ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အာမခံလုပ်ငန်း ခရိုင်ရုံးတာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(မြန်/ဆက်)**

## ယင်းမာပင်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ရှင်းလင်း

**ယင်းမာပင် ဩဂုတ် ၁၀**

ယင်းမာပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ် ကျေးလက်ဦးစီးဌာနက စီစဉ်သော မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ နှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီနှင့် ဘဏ္ဍာရေးကော်မတီများဖွဲ့စည်းခြင်းကို ဩဂုတ် ၈ ရက်က ကျောက်ကုန်းကျေးရွာ သာသနရံသီဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက် ရမည့်လုပ်ငန်းစဉ်များကို ခရိုင်ကျေးလက်ဦးစီးကိုယ်စား ဒုတိယဦးစီးမှူး ဦးကျော့မောင်မောင်၊ မြို့နယ်ကျေးလက်ဦးစီး ဦးမြင့်သန်းနှင့် မြို့နယ်တိရစ္ဆာန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာအေးအောင်တို့က ရှင်းလင်းပြောကြား ပြီး မြို့နယ်မြစိမ်းရောင်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်ကျေးလက် ဦးစီး ဦးမြင့်သန်းက ကော်မတီများ ဖွဲ့စည်းရခြင်းနှင့် ရန်ပုံငွေစီမံခန့်ခွဲမှု၊ အရင်း မပျောက် မြစိမ်းရောင်ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားကာ ကျေးရွာပြည်သူတို့၏ ဆန္ဒမဲများဖြင့် ကော်မတီအသီးသီးကို ရွေးချယ်ဖွဲ့စည်း ခဲ့ကြသည်။

ယင်းမာပင်မြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာ နှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၁၆ ရွာကို ရန်ပုံငွေ လွှဲအပ်ပေးနိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ငါးရွာ ကို တိုးချဲ့သွားမည်ဖြစ်ရာ စုစုပေါင်း ၂၁ ရွာရှိမည်ဖြစ်သည်။ ယင်းမာပင်ခရိုင် အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ကျေးရွာ ၇၉ ရွာရှိ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ ရွာ တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကျေးရွာပေါင်း ၈၉ ရွာအထိ ရှိလာမည်ဖြစ်သည်။ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများ၏ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုရရှိရေး အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာနများက အမြဲမပြတ် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မေသရဖူး)**

## ကရင်ပြည်နယ်အတွင်း ပရဆေးပင်အရင်းအမြစ်များအား ထိန်းသိမ်းနိုင်ရေးနှင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးသင်တန်း ဒုတိယအကြိမ်ဖွင့်လှစ်

**ဘားအံ ဩဂုတ် ၁၀**

ကရင်ပြည်နယ်အတွင်း သစ်တောနှင့် ဆေးဖက်ဝင်အပင်အရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ စိုက်ပျိုးထုတ်ကုန်အရည်အသွေး တိုးမြင့်အောင်ပြုလုပ်နိုင်စေရန်နှင့် ကျေးလက် နေပြည်သူများ၏ အလုပ်အကိုင်အခွင့် အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် အတွက် ရည်ရွယ်ပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် နီပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ယနေ့ နံနက် ၈ နာရီတွင် ကရင်ပြည်နယ် ပရဆေးပင်များဆိုင် ရာ နည်းပညာသင်တန်းကျောင်း ခန်းမ၌ ဒုတိယအကြိမ် ပရဆေးပင် ဆိုင်ရာ နည်းပညာသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်၏ ပရဆေးပင်များ ဆိုင်ရာ နည်းပညာသင်တန်းကျောင်း ကို ဘားအံမြို့ စက်မှုဇုန်လျှပ်စစ်ဓာတ်အားခွဲရုံ(?)ဆည် အနီး ဧက ၄၀ အကျယ်ရှိသည့် မြေ နေရာတွင် ၂၀၁၃ ခုနှစ်မှစ၍ ပြည်နယ် အစိုးရနှင့် နီပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ပရဆေးထုတ်ကုန် အရည် အသွေးကောင်းမွန်အောင် ဆောင် ရွက်လျက်ရှိကြောင်း၊ ကရင်ပြည်နယ် တွင် ပရဆေးမျိုးစိတ်ပေါင်း ၁၅၀ ခန့်ရှိပြီး ဈေးကွက်တွင် တွက်ခြေကိုက် မည့် အပင်များဖြစ်သည့် ဂျပန်ဂျင်း၊ ရဲယို၊ ခွေးလှေးယား၊ ဆေးခါးကြီး၊ နနွင်းတို့ကို အဓိကထား စိုက်ပျိုးထုတ် လုပ်၍ Fame ဆေးဝါးကုမ္ပဏီသို့ တင်ပို့ရောင်းချကြောင်း၊ ပရဆေးပင် များဆိုင်ရာ နည်းပညာသင်တန်း ကျောင်းမှ စိုက်ပျိုးထုတ်လုပ်မှုအပြင် ပြည်နယ်အတွင်း ဒေသခံတောင်သူ များအနေဖြင့် ပရဆေးပင်များကို စိုက်ပျိုးဖြစ်ထွန်းပါက ဈေးကွက်ဝင် ဝယ်လိုအား ပြည့်မီမည်ဖြစ်သော ကြောင့် ယခုလို သင်တန်းကိုဖွင့်လှစ်ရ ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများထံ မှ သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး က အဖွင့်အမှာစကား ပြောကြားပြီး ကရင်ပြည်နယ် ပရဆေးပင်များဆိုင် ရာ နည်းပညာသင်တန်းကျောင်းမှ ဒေါ်သီတာဆွေက သင်တန်းဖွင့်လှစ် ရခြင်းနှင့်ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ကော့ကရိတ် မြို့နယ်၊ မြဝတီမြို့နယ်၊ ကြာအင်းဆိပ် ကြီးမြို့နယ်တို့မှ ပရဆေးဖက်ဝင် သစ်တောသစ်ပင်များနှင့် နီးစပ်မှုရှိ သော စိုက်ပျိုးရေး၊ သစ်တောဦးစီးဌာန တို့မှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူ လယ်သမားများ စုစုပေါင်း ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်းနှင့် တတိယအကြိမ် သင်တန်းကို ဩဂုတ် ၁၄ ရက်တွင် ပြည်နယ်အတွင်း ကျန်ရှိသော ဖာပွန် မြို့နယ်နှင့် သံတောင်မြို့နယ်များမှ သင်တန်းသားများကို ခေါ်ယူပို့ချပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(မြန်/ဆက်)**



## ကျောင်းကျန်းမာရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး ဟောပြော

**ကျိုက်မရော ဩဂုတ် ၁၀**

ကျိုက်မရောမြို့နယ် ဘိန်းဗျော အမကနှင့် နတ်စမ်းကျေးရွာ အမကတို့ရှိ ကလေးငယ်များ၏ ကျန်းမာရေးနှင့် ဦးနှောက်ဉာဏ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းကျန်းမာရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးဟောပြောပွဲကို ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ရာသီ တုပ်ကွေးဖျားနာခြင်း ကြိုတင်ကာကွယ်ရေးအတွက် တိုင်းရင်းဆေး ဆရာမ ဒေါ်ယဉ်မင်းလတ်က ဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက ရည်မှန်းချက်အတွက် စာဖတ်ပါခေါင်းစဉ် ဖြင့် ဟောပြောခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် စာပေရေချမ်းစင် စာအုပ် များနှင့် ဂျာနယ်စာစောင်များကို ဖြန့်ဝေခဲ့သည်။

**မြို့နယ်(မြန်/ဆက်)**

## ငါန်းဇွန်အထက၌ ပျက်စီးနေသော စာသင်ဆောင်များကို စစ်ဆေး

**ငါန်းဇွန် ဩဂုတ် ၁၀**

ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပျက်စီးယိုယွင်းနေသော စာသင်ဆောင်များကို Third Party အဖွဲ့ဝင်များက ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီခွဲတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပျက်စီးယိုယွင်းနေသည့် စာသင်ဆောင်များမှာ သက်တမ်း ၄၉ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော မြဝတီဆောင် (အလျား ၈၃ ပေ ၁၀ လက်မ × အနံ ၂၆ ပေ ခုနစ်လက်မ)နှင့် သက်တမ်း ၄၇ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော ရတနာမွန်ဆောင်(အလျား ၄၅ ပေ ခုနစ်လက်မ × အနံ ၂၉ ပေ လေးလက်မ) နှစ်ထပ် ဆောင်များဖြစ်ပြီး အန္တရာယ်ကင်းရှင်းစွာ ဆက်လက်အသုံးပြုသင့်၊ မသင့် Third Party အဖွဲ့ဝင် ခြောက်ဦးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒု-ဦးစီးမှူး ဦးဝင်းနိုင်ထွန်း၊ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ရီ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းအကျိုးတော်ဆောင်များက စာသင်ဆောင် များကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးကို အထောက်အကူပြုနိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

**မင်းဘူး ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ တိုင်းဒေသကြီးအဆင့် အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေးကို အထောက်အကူပြုနိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များနှင့် တွေ့ဆုံ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က အဖွင့်အမှာစကား ပြောကြားရာ၌ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အခြေခံရမည့် အချက်များ၊ သတိပြုရန်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မို့မို့သွင်က အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် အလုပ်ရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များက အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ခရိုင်အတွင်းရှိ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်ရှင်ကိုယ်စားလှယ် ၁၇ ဦးနှင့် အလုပ်သမားကိုယ်စားလှယ် ၃၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**

❑

## ASEAN-Korea Center(AKC) က ကြီးမှူး၍ ASEAN Trade Fair 2017 ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၀**

အာဆီယံ-ကိုရီးယားစင်တာ (ASEAN-Korea Center-AKC)က ကြီးမှူး၍ ASEAN Trade Fair 2017 ကို ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ COEX Hall အဆောက်အအုံ၌ အောက်တိုဘာ ၂၅ ရက် မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံ ၁၀ နိုင်ငံမှ ကုမ္ပဏီ ၁၀၀ ခန့်နှင့် ကိုရီးယားနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများအပြင် စားသောက်ကုန်ထုတ်လုပ်သည့် စက်ပစ္စည်းများ ခင်းကျင်းပြသသည့် ကုန်စည်ပြပွဲကြီးဖြစ်သည်။ ပြပွဲတွင် အခြောက်ခံထားသည့် သစ်သီးခြောက်များ၊ အေးခဲထားသည့်ရေထွက်ပစ္စည်းများ၊ အချိုရည်၊ ဘီယာနှင့် ဝိုင်များ၊ လက်ဖက်၊ ကော်ဖီ၊ အစေ့အဆန်များ၊ တန်ဖိုးမြှင့်စားသောက်ကုန်လုပ်ငန်သုံး ကုန်ကြမ်းနှင့် အသင့်စား စားသောက်ကုန်ပစ္စည်းတို့ ပါဝင်ပြသနိုင်မည်ဖြစ်သည်။

ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများမှ ထုတ်ကုန်ပစ္စည်းများကို ကိုရီးယားဈေးကွက်သို့ ဝင်ရောက်နိုင်စေရန်၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်စေရန်နှင့် ကိုရီးယားနိုင်ငံ၏ အစားအသောက်ဈေးကွက်ပုံစံ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများကို သိရှိစေရန်ဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံ-ကိုရီးယားစင်တာ (ASEAN-Korea Center -AKC) ၏ အဖွဲ့ဝင်ဖြစ်ပြီး နောက်ပိုင်းကျင်းပခဲ့သည့် စားသောက်ကုန်ပြပွဲသို့ မြန်မာနိုင်ငံမှ နှစ်စဉ်ပါဝင်ခဲ့ပြီး ဝယ်လက်များလည်းရရှိခဲ့သည်။ သို့ပါ၍ အဆိုပါအစီအစဉ်ကို စိတ်ပါဝင်စားပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ မြန်မာ့ကုန်သွယ်မှုဗဟိုဌာန အမှတ်(၂၂၈/၂၄၀) ဒုတိယထပ် ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့် ဖုန်း-၀၁ ၂၅၄၀၂၄၊ Email:itpic.moc@gmail.com သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## မန္တလေးမြို့ရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူ ၅၀၀ အား တစ်နှစ်တာ ပညာသင်ထောက်ပံ့ဆုချီးမြှင့်

**မန္တလေး ဩဂုတ် ၁၀**

မြန်မာနိုင်ငံ Paukphaw ပညာသင်ထောက်ပံ့မှုအစီအစဉ်ဖြင့် မန္တလေးမြို့ရှိ တက္ကသိုလ်အသီးသီးမှ ထောက်ပံ့မှု လိုအပ်လျက်ရှိသော ကျောင်းသား ကျောင်းသူ ၅၀၀ အား ပညာသင်ထောက်ပံ့ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဒေါက်တာရဲလွင်က အဖွင့်အမှာစကားပြောကြားပြီး အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Tian Shan Ting၊ CFPA ဖောင်ဒေးရှင်းမှ ဒါရိုက်တာ Mr Wu Peng တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် လှူဒါန်းမှုအစီအစဉ်တွင်ပါဝင်သော မန္တလေးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ မန္တလေးရတနာပုံတက္ကသိုလ်၊ မန္တလေးဒီဂရီကောလိပ်၊ ဖူချင့်ကွန်ဖြူးရှပ်စင်တာတို့မှ အထောက်အပံ့လိုအပ်သည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၅၀၀ အား တစ်နှစ်တာပညာသင်ထောက်ပံ့ဆုများ ချီးမြှင့်ပေးအပ်ပြီး တက္ကသိုလ်များမှ ပါမောက္ခချုပ်များအား အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

Alibaba Foundation က လှူဒါန်းပြီး China Foundation for Poverty Alleviation (CFPA) က တာဝန်ယူစီစဉ်သော Paukphaw ပညာသင်ထောက်ပံ့မှုအစီအစဉ်အရ ပြီးခဲ့သည့်နှစ် ဩဂုတ်လက ရန်ကုန်မြို့ရှိ တက္ကသိုလ် လေးခုမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၆၀၀၊ ယခုနှစ် မတ်လက ရခိုင်ပြည်နယ်ရှိ တက္ကသိုလ် နှစ်ခုမှ ကျောင်းသား ကျောင်းသူအပါအဝင် စုစုပေါင်း ၁၃၀၀ အား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(၀၀၂)**

## မြစ်သားမြို့ အခြေခံပညာကျောင်းများတွင် နို့နှင့် ကြက်ဥများ တိုက်ကျွေး

**မြစ်သား ဩဂုတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြစ်သားမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျေးလက်အခြေခံ ကျန်းမာရေးလုပ်သားများက ပူးပေါင်းဆောင်ရွက်သည့် နို့နှင့် ကြက်ဥများ တိုက်ကျွေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကူဖြူကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ နို့နှင့် ကြက်ဥများတိုက်ကျွေးရာတွင် ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးကိုယ်ခန္ဓာသန်စွမ်းစေရန် ရည်ရွယ်၍ ကူဖြူကျေးရွာနှင့် နီပါးကျေးရွာတို့မှ အခြေခံပညာမူလတန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၆၈ ဦးကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာရန်နိုင်စိုး၊ ကျောက်ဆည်ခရိုင်ဦးစီးမှူး ဒေါက်တာသိန်းနိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းသန်းလွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာတင်မောင်လတ်ဦးဆောင်သော ဝန်ထမ်းများနှင့် ကျေးလက်အခြေခံ ကျန်းမာရေးလုပ်သားများက သန့်ရှင်းလတ်ဆတ်သော ဒေသထွက် နို့နှင့် ကြက်ဥများကို တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## မယ်စကြာဝဠာမြန်မာအလှမယ်များနှင့်အဖွဲ့ မြိုင်ကြီးငူအထူးဒေသရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် အသုံးအဆောင်ပစ္စည်းများ လာရောက်ထောက်ပံ့

**လှိုင်းဘွဲ့ ဩဂုတ် ၁၀**

မယ်စကြာဝဠာ မြန်မာအလှမယ်များ၏ ကရင်ပြည်နယ် လူမှုရေးခရီးစဉ်အဖြစ် ပြည်နယ်အား/ကာဦးစီးမှူး ဦးအေးလွင်နှင့် မယ်စကြာဝဠာမြန်မာအလှမယ်များ၏ အေဂျင်စီဒါရိုက်တာ ဒေါ်စိုးယုဝေတို့ ဦးစီး၍ အလှမယ် ၃၀ နှင့် မှတ်တမ်းတင်ကြီးကြပ်သူ စုစုပေါင်း ၆၃ ဦးတို့သည် ဩဂုတ် ၉ ရက် ညနေ ၄ နာရီက လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသရှိ အေးလင်းသာယာကွင်း ဓမ္မာရုံ၌ တိုက်ပွဲရှောင်ပြည်သူများအတွက် အသုံးအဆောင်ပစ္စည်းများ လာရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အေးလင်းသာယာကွင်း ဓမ္မာရုံ၌ တိုက်ပွဲရှောင် အိမ်ထောင်စု ၁၀၀၇ စုရှိပြီး စုစုပေါင်းလူဦးရေ ၅၅၂၆ ဦးအတွက် Miss Universe Myanmar တံဆိပ်ပါ ဗလာစာအုပ်ဒါဇင် ၉၀၊ VeVe အချိုရည်ကတ် ၁၀၀၊ VeVe ရေသန့်ဘူး သေး ၁၂ ဘူးပါကတ် ၅၀၊ Lux ဆပ်ပြာခဲ ၁၅၀ နှင့် Hello Mabam မဂ္ဂဇင်းစာအုပ် ၁၀၀ တို့ကို မြိုင်ကြီးငူဂေါပက ဦးထွန်းထံ ပေးအပ်လှူဒါန်းခဲ့ရာ ဦးထွန်းက အေဂျင်စီဒါရိုက်တာ ဒေါ်စိုးယုဝေအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ မယ်စကြာဝဠာမြန်မာ အလှမယ်များနှင့် အဖွဲ့သည် မြိုင်ကြီးငူ အထူးဒေသရှိ ဗေသစ္စာမုနိကြေးသွန်းဘုရားအား ဝင်ရောက် ဖူးမြော်ခဲ့ကြပြီး ကျောက်စာကွင်းသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၅၁၀ အနက် H1N1 ပိုးတွေ့လူနာ ၁၉၄ ဦးရှိ တစ်နိုင်ငံလုံး၌ ယနေ့အထိသေဆုံးသူ ၂၀ ရှိပြီဖြစ်

**နေပြည်တော် ဩဂုတ် ၁၀**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကျန်းမာရေးပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဝေးပြေးယာဉ်များ၊ ဘတ်စ်ကားများ၊ မီးရထားများ၊ သင်္ဘောများ စသည်တို့တွင် ရာသီ တုပ်ကွေးရောဂါနှင့် ပတ်သက်သော ကျန်းမာရေးပညာပေး Sticker များ ကပ်ခြင်း၊ လူအများမြင်သာသောနေရာများတွင် Vinyl များထောင်ခြင်းဖြင့် ပညာပေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ ထုတ်ပြန်ချက်တွင် ခုခံကျကာလသားရောဂါ၊ ကျောက်ကပ်ရောဂါ၊ ပြင်းထန်အဆုတ်တီဘီရောဂါ၊ ဆီးချိုသွေးချို စသည့် အခြားရောဂါအခံရှိသောသူများနှင့် ရာသီတုပ်ကွေးရောဂါ ပြင်းထန်စွာခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် လတ်တလောပြင်းထန်အဆုတ်ရောင်ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ အချိန်မီထိရောက်စွာ ကုသမှုခံယူသင့်သည်ဟု တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။

ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 သံသယလူနာ ၃၆ ဦးအား ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီအထိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ ၁၁ ဦးတွေ့ရှိပြီး ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၅၁၀ အနက် H1N1 ပိုးတွေ့လူနာစုစုပေါင်း ၁၉၄ ဦးရှိခဲ့ပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၂၀ ရှိကြောင်း။

ယနေ့ မွန်းလွဲ ၂ နာရီအထိအထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် H1N1 ပိုးတွေ့အတွင်းလူနာ ရှစ်ဦး အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၅၈ ဦး စုစုပေါင်း ၆၆ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း။

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် သေဆုံးသူစုစုပေါင်း ၁၅ ဦး ရှိကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**




# မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံနယ်စပ် နန့်ဖာလုံဈေးတွင် ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**တမူး ဩဂုတ် ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ရှိ နန့်ဖာလုံဈေးတွင် ရာသီတုပ်ကွေးရောဂါ (H1N1) ကြိုတင်ကာကွယ်မှုအဖြစ် Fever Surveillace ပြုလုပ်ခြင်းကို ဩဂုတ် ၈ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။

နန့်ဖာလုံဈေးသည် မြန်မာ-အိန္ဒိယနယ်စပ်တွင်ရှိသောကြောင့် ပြည်တွင်းပြည်ပမှ လာရောက်၍ ဈေးရောင်းချသူများ၊ လာရောက်ဝယ်ယူသူများဖြင့်စည်ကားလျက်ရှိသည်။ ထို့သို့ လူစည်ကားရာ ပြည်တွင်းပြည်ပမှ ဝင်ထွက်သွားလာရာ နန့်ဖာလုံဈေးတွင် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုမရှိရေးအတွက် အသိပညာပေးဟောပြောခြင်း၊ စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်သင်းအောင်၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာသူရတို့သည် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက နန့်ဖာလုံဈေးသို့ လာရောက်ကြသူများအား ကြိုတင်ကာကွယ်မှုအဖြစ် Fever Surveillace For H1N1 ဆိုင်းဘုတ်များဖြင့် အသိပညာပေးခြင်း၊ Mask များဖြန့်ဝေပေးခြင်း လုပ်ဆောင်နေမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး

**ကြံခင်း ဩဂုတ် ၁၀**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် အများပြည်သူစည်ကားရာ မြို့မဈေး၊ ဘုရားကြီးလမ်း၊ ဘက်ရဲလမ်းနှင့် မက်သနောလမ်းဆုံ၊ ဘက်ရဲမြို့တို့တွင် ဩဂုတ် ၄ ရက် နံနက်ပိုင်းက ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပါတီဝင်များက ဒေသခံပြည်သူများ ရာသီတုပ်ကွေးရောဂါ (H1N1) ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင် ၂၅၀၀ ကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ လက်ကမ်းစာစောင်များဖြန့်ဝေဆောင်ရွက်ပေးရခြင်းမှာ ဒေသခံပြည်သူများ ရာသီတုပ်ကွေးရောဂါအကြောင်း ကျန်းမာရေးအသိပညာများရရှိစေရန်၊ သတိပြုကြိုတင်ကာကွယ်နိုင်ရန်အတွက် အများပြည်သူစည်ကားရာနေရာများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ပြောသည်။

**ကြံခင်း(ပြန်/ဆက်)**



# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၂၈ စီး၊ သွင်းကုန် ၅၄၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၄၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၆၁၁ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၈၁ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၅၉၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၉ ရက်တွင် သတင်းအရ ရေပူအမြဲတမ်းစစ်ရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုပြုလုပ်စဉ် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Toyota Caldina ယာဉ်တစ်စီး၊ Ipsum ယာဉ်တစ်စီး၊ Mark II ယာဉ်တစ်စီးတို့ကို မိုင်တိုင်အမှတ် ၁၉၅ မိုင် ၆ ဖာလုံတွင် မသင်္ကာဖွယ်ရပ်တန့်ထား သည်ကို တွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းသစ်ခွဲသား အချောင်း ၂၀၀ (သုည ဒသမ ၄၁၆၆ တန်)၊ ပိတောက်ခွဲသားရွှေသစ် ၄၆ ချောင်း (သုည ဒသမ ၆၁၇၆ တန်)၊ တမလန်းခွဲသားရွှေသစ် ၄၁ ချောင်း (သုည ဒသမ ၅၁၁၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်သုံးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၆၃၆ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဈေးကုန်တန်းကျေးရွာသား နှစ်ဦးပျောက်ဆုံးနေပြီး ပန်းတောပြင်ကျေးရွာသား တစ်ဦးအား တစ်ရွာတည်းနေသူများက ဖမ်းဆီးခေါ်ဆောင်သွား

**နေပြည်တော် ဩဂုတ် ၁၀**
မောင်တောမြို့နယ် ဈေးကုန်တန်းကျေးရွာသားနှစ်ဦးသည် အလယ်သံကျော် ချောင်းဝရှိ ငါးဖမ်းလှေပေါ်မှ ငါးများသယ်ရန် သွားရောက်စဉ် ဩဂုတ် ၈ ရက်က ပျောက်ဆုံးသွားကြောင်းနှင့် ပန်းတောပြင်အလယ်ရွာမှ ရွာသားတစ်ဦးအား တစ်ရွာတည်းနေသူများက ဩဂုတ် ၉ ရက်တွင် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဈေးကုန်တန်းကျေးရွာနေ မာမွတ်ချားနှင့် ကာလာမျာတို့ နှစ်ဦးသည် ဩဂုတ် ၈ ရက်နံနက်ပိုင်းက လေယာဉ်ကွင်းကျေးရွာရှိ အလယ်သံကျော်ချောင်းဝ၌ ဆိုက်ကပ်ထားသည့် ငါးဖမ်းလှေပေါ်မှ ငါးများသယ်ရန် အိမ်မှထွက်သွားရာ အိမ်သို့ပြန်ရောက်လာခြင်း မရှိသဖြင့် အလယ်ချောင်း နယ်မြေစခန်း၌ အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပန်းတောပြင်အလယ်ရွာနေ ဆူလ်တန်သည် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် မောင်တောမြို့သို့ သွားရောက်စဉ် တစ်ရွာတည်းနေ ဟာမိတ်ဟူဆိန်း အပါအဝင် ရွာသား ခုနစ်ဦးက ဖမ်းဆီးခေါ်ဆောင်သွားကြောင်းသိရပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဟာမိတ်ဟူဆိန်း အပါအဝင် ခုနစ်ဦးအား ဖမ်းဆီးရမိရေး နယ်မြေရှင်းလင်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ထီးချိုင့်မြို့တွင် ထီလက်မှတ် အတုပြုလုပ်သူ ဖမ်းမိ

**အင်းတော် ဩဂုတ် ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့တွင် ထီလက်မှတ်အတုပြုလုပ်သူကို ဩဂုတ် ၉ ရက်က ဖမ်းမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ထီးချိုင့်မြို့ အမှတ်(၄)ရပ်ကွက် ဦးဌေးအောင်၏ ထီဆိုင်မှ ဇူလိုင် ၉ ရက် နံနက် ၉ နာရီခန့်တွင် အောင်အောင်ဆိုသူ လူငယ်တစ်ယောက်အား (၄)ကြိမ်မြောက်အောင်ဘာလေထီလက်မှတ်မှ ရှေ့နှစ်လုံးတူ ငါးသောင်းဆု ၁၀ ဆုအတွက် ငွေကျပ် ငါးသိန်းထုတ်ပေးခဲ့ပြီး ထိုနေ့နံနက် ၁၁ နာရီတွင် ထပ်မံ၍ (၄)ကြိမ်မြောက် အောင်ဘာလေထီလက်မှတ်မှ ရှေ့ဂဏန်းလေးလုံးတူ နှစ်သိန်းဆု ၁၀ ဆုအတွက် ငွေကျပ်သိန်း ၂၀ ထုတ်ပေးခဲ့သည်။

အထက်ပါထီလက်မှတ်ကို ဇူလိုင် ၁၁ ရက်က မန္တလေးမြို့ ပင်ရင်းထီဆိုင်သို့ ပို့ဆောင်ခဲ့ရာ ဇူလိုင် ၂၄ ရက်တွင် မန္တလေးပင်ရင်းဆိုင်မှ အတုပြင်ဆင်ထားကြောင်း အကြောင်းပြန်လာသဖြင့် ထီးချိုင့်မြို့ထီဆိုင်ပိုင်ရှင် ဦးဌေးအောင်မှာ ငွေကျပ် ၂၅ သိန်း အလိမ်ခံခဲ့ရကြောင်း သိရသည်။

ဩဂုတ် ၉ ရက်က ၎င်းထံ ထီလက်မှတ်အတုပြုလုပ်သူကို ထီးချိုင့်မြို့ အမှတ်(၂)ဈေး ချစ်မိတ်ဆွေစားသောက်ဆိုင်အနီး၌ တွေ့ရှိရ၍ ရဲစခန်းအားအကြောင်းကြားပြီး သက်သေများဖြင့် ဖမ်းဆီးစစ်ဆေးရာ ၎င်းလက်ထဲမှ (၅)ကြိမ်မြောက် အောင်ဘာလေထီလက်မှတ်မှ ရှေ့ဂဏန်းသုံးလုံးတူ တစ်သိန်းဆုကို ရှေ့သုံးလုံးပြုပြင်ထားသော ထီလက်မှတ်အတုနှင့်အတူ ဖမ်းမိထားသဖြင့် အောင်အောင်အမည်ခံ ဆန်းလင်းနိုင် ရေတွင်းကုန်းကြီးကျေးရွာ မှော်ဘီမြို့နယ် ရန်ကုန်နေသူအား ထီးချိုင့်မြို့ရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။



**ကိုမင်း(အင်းတော်)**

# ရီးယဲလ်မက်ဒရစ် အကောင်းဆုံးနည်းပြ စာရင်းဝင်သွားခဲ့ပြီဖြစ်တဲ့ ဇီဒန်း



ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းဟာ ယူအီးအက်ဖ်အေစူပါဖလားကို ရီးယဲလ်အတွက် ရယူပေးခဲ့ပြီးနောက်မှာ သူ့ရဲ့ နည်းပြသက်တမ်း ၁၉ လအတွင်း ဆဋ္ဌမမြောက်ဖလားရယူပြီး ကိန်းဂဏန်းအချက်အလက်များအရ ရီးယဲလ်မက်ဒရစ် အအောင်မြင်ဆုံးနည်းပြထိပ်ဆုံးလေးနေရာအတွင်း ဝင်ရောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ဆုဖလားရရှိမှုအလိုက် အအောင်မြင်ဆုံးနည်းပြနေရာမှာ ရီးယဲလ်မက်ဒရစ်အသင်းကို ၁၉၅၆ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကိုင်တွယ်ခဲ့တဲ့ မီဂွဲမူနော့ဇ်က လာလီဂါဖလား ကိုးလုံးအပါအဝင် ဆုဖလား ၁၄ လုံးနဲ့ ထိပ်ဆုံးကရှိနေပြီး ဒုတိယနေရာမှာ ဖလား ရှစ်လုံးရယူပေးခဲ့တဲ့ လူးဝစ်မိုလော့နိစ်၊ ဇီဒန်းရဲ့ နည်းပြဖြစ်ဖူးတဲ့ ဒယ်ဘော့စကေးက ဖလား ခုနစ်လုံးနဲ့ တတိယနေရာမှာ အစဉ်လိုက်ရပ်တည်နေပါတယ်။

ရီးယဲလ်ကို ဇီဒန်းပြောင်းလဲကိုင်တွယ်ခြင်းက ကြီးမားတဲ့အကျိုးသက်ရောက်မှုကို ဖြစ်တည်စေခဲ့ပြီး ရီးယဲလ်ဟာ ပစ္စုပ္ပန်ကာလရဲ့ ကမ္ဘာ့အကောင်းဆုံးအသင်းအဖြစ် ရောက်ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် စူပါဖလားကိုလည်း ရီးယဲလ်အသင်းကပဲ ရယူနိုင်ခဲ့သလို ကမ္ဘာ့ကလပ်ဖလား၊ လာလီဂါဖလား၊ နှစ်ကြိမ်ဆက် ချန်ပီယံလိဂ်ဖလားတို့ကို ရယူနိုင်ခဲ့ပြီးနောက် မန်ယူအသင်းကို အနိုင်ယူပြီး စူပါဖလား လက်ရှိချန်ပီယံဘွဲ့ကို အောင်အောင်မြင်မြင် ကာကွယ်သွားနိုင်ခဲ့တာဖြစ်ပါတယ်။

ဇီဒန်းဟာ ခံပူကြီးလို့ နာမည်ကြီးတဲ့ ရီးယဲလ်နည်းပြရာထူးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ဘင်နီတက်ဇ်ဆီက လက်လွှဲရယူခဲ့ပြီး လေးလအကြာမှာ ချန်ပီယံလိဂ်ဖလားကို စတင်ရယူပြခဲ့ပါတယ်။ ဇီဒန်းဟာ ကစားသမားဘဝမှာ အကြီးအကျယ်အောင်မြင်မှုရရှိခဲ့တဲ့သူဖြစ်ပေမယ့် ရီးယဲလ်အသင်းကို စတင်ကိုင်တွယ်ချိန်က နည်းပြအတွေ့အကြုံမရှိတဲ့ သူ့အပေါ် ဝေဖန်မှုအချို့ရှိခဲ့ပါတယ်။ ဒါပေမယ့် ဖေ့စ်ဘွတ်ခ်လို လူမှုကွန်ရက်တွေမှာ ပရိသတ်များရဲ့ မဲပေးမှုအရ ကမ္ဘာ့အကောင်းဆုံး နည်းပြအဖြစ် စာရင်းပေးခံခဲ့ရသလို ချန်ပီယံလိဂ်သမိုင်းမှာ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်တဲ့ ပထမဦးဆုံး အသင်းဆိုတဲ့ သမိုင်းသစ်ကိုလည်း ရေးထိုးပေးနိုင်ခဲ့သူပါ။

## အအောင်မြင်ဆုံး ရီးယဲလ်မက်ဒရစ် နည်းပြများ

မီဂွဲမူနော့ဇ် - ဆုဖလား ၁၄ လုံး (လာလီဂါဖလား ၉ ကြိမ်၊ ယူရိုပီယံဖလား၂ ကြိမ်၊ ကိုပါဒယ်ရေးဖလား ၂ ကြိမ်၊ အင်တာကွန်တီနန်တယ်ဖလား ၁ကြိမ်)။

လူးဝစ်မိုလော့နိစ် - ဆုဖလား ရှစ်လုံး (လာလီဂါဖလား ၃ ကြိမ်၊ ယူအီးအက်ဖ်အေဖလား ၂ကြိမ်၊ ဘုရင့်ဖလား ၂ ကြိမ်၊ လိဂ်ဖလား၁ကြိမ်)။

ဒယ်ဘော့စကေး - ဆုဖလား ခုနစ်လုံး (ချန်ပီယံလိဂ်ဖလား ၂ ကြိမ်၊ လာလီဂါဖလား ၂ ကြိမ်၊ ယူရိုပီယံစူပါဖလား ၁ ကြိမ်၊ အင်တာကွန်တီနန်တယ်ဖလား ၁ ကြိမ်၊ စပိန်စူပါဖလား ၁ ကြိမ်)။

ဇီဒန်း - ဆုဖလား ခြောက်လုံး (ချန်ပီယံလိဂ်ဖလား ၂ ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလား ၂ ကြိမ်၊ လာလီဂါဖလား ၁ ကြိမ်၊ ကမ္ဘာ့ကလပ်ဖလား ၁ ကြိမ်)။



## ချယ်လ်ဆီး လက်ရှိလူအင်အားမှာ ပြည့်စုံခြင်းမရှိဟု ကာဟေးလ် ရှုမြင်

ချယ်လ်ဆီးနောက်ခံလူ ဂယ်ရီကာဟေးလ်က ကော်စတာကို လက်လွှတ်ခြင်းမှာ ကြီးမားသည့် ဆုံးရှုံးမှုဖြစ်သလို ချယ်လ်ဆီးအသင်း၏ လက်ရှိလူအင်အားမှာ ပြည့်စုံခြင်းမရှိသေးသည်ကို ဝန်ခံခဲ့သည်။ ကာဟေးလ်က ချယ်လ်ဆီးအသင်း၏ လက်ရှိ လူအင်အားမှာ အခြားပြိုင်ဘက်အသင်းများထက် အင်အားလျော့နည်းနေပြီး ယမန်နှစ် ချန်ပီယံအသင်းကစားသမားများကို ဆက်ထိန်းရန် လိုအပ်ကြောင်းလည်း ထောက်ပြခဲ့သည်။ ကော်စတာမှာ ပြီးခဲ့သည့်ရာသီ ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့ရာတွင် အထူးခြေစွမ်းပြပြီး သွင်းဂိုး ၂၀ အထိ သွင်းယူနိုင်ခဲ့သော်လည်း နည်းပြ ကွန်တီနှင့် ဆက်ဆံရေးမပြေလည်မှုက ချယ်လ်ဆီး ကစားသမားဘဝ အဆုံးသတ်မှုကို အလျင်အမြန် ရောက်ရှိစေခဲ့သည်။

ချယ်လ်ဆီးနည်းပြ ကွန်တီက ကော်စတာနေရာ အစားထိုးရန် တိုက်စစ်မှူး မိုရာတာကို ကလပ်အသင်း စံချိန်တင်ကြေးဖြင့် ခေါ်ယူခဲ့ပြီးဖြစ်သော်လည်း လူစာရင်းအပြောင်းအလဲ များပြားမှုကြောင့် ယခုထိ အံဝင်ခွင်ကျ မဖြစ်သေးသလို အာဆင်နယ်ကို ပင်နယ်တီဖြင့် အရေးနိမ့်ခဲ့သည့် ကွန်မြူနတီဒိုင်းဖလားပွဲက ချယ်လ်ဆီးအသင်း၏ လိုအပ်မှုများစွာရှိနေသည်ကို မီးမောင်းထိုးပြနိုင်ခဲ့သည်။

ကာဟေးလ်က“ ဒီယေဂိုကော်စတာဆိုတာ ဒီယေဂိုကော်စတာပါပဲ။ သူဟာ ဂိုးတွေသွင်းနိုင်သလို တောက်ပြောင်တဲ့ ကိုယ်ရည်ကိုယ်သွေးရှိသူဖြစ်ပါတယ်။ သူဟာ ကြီးမားတဲ့ ကွက်လပ်ကြီးပါ။ ကျွန်တော်တို့အသင်းဟာ မိုရာတာကို ဖြည့်တင်းနိုင်ပေမယ့် ကြီးမားတဲ့ ကစားသမားတွေကို ဆုံးရှုံးနေရတယ်”ဟု ထောက်ပြခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ဘာကာယိုကို၊ ရူဒီဂါ၊ ဇီလီကာဘယ်လီယိုနှင့် မိုရာတာတို့ကို ခေါ်ယူထားပြီးဖြစ်သော်လည်း မာတစ်၊ ဇလာ့ဖ်တက်ခ်ချိခ်၊ နာသန်အကီ၊ ချာလိုဘာ့ချ်တို့ကို ထွက်ခွာခွင့်ပေးခဲ့သည်။



## ဘာစီလိုနာ၏ ကော်တင်ဟိုအတွက် ပေါင်သန်း ၉၀ ဖြင့် ကမ်းလှမ်းမှုကို လီဗာပူး ထပ်မံပယ်ချ

လီဗာပူးအသင်းသည် ကွင်းလယ်လူ ကော်တင်ဟိုအတွက် စပိန်အင်အားကြီး ဘာစီလိုနာအသင်း၏ ပေါင်သန်း ၉၀(ယူရို သန်း ၁၀၀)ဖြင့် ဒုတိယအကြိမ် ကမ်းလှမ်းမှုကို ချက်ချင်းဆိုသလို ပယ်ချခဲ့သည်။ ဘာကာ၏ ပေါင်သန်း ၉၀ (ကနဦး ပေါင် ၇၆ ဒသမ ၈ သန်း၊ အပိုဆုကြေး ပေါင် ၁၃ ဒသမ ၅ သန်း)ဖြင့် ဒုတိယအကြိမ် ကမ်းလှမ်းမှုကို လီဗာပူးအသင်းက ချက်ချင်းပင် ပယ်ချလိုက်ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်က တိုက်စစ်မှူး နေမာကို ပေါင်သန်း ၂၀၀ ဖြင့် ရောင်းချခဲ့ပြီး နေမာ့နေရာ အစားထိုးနိုင်ရန်အတွက် ကော်တင်ဟို၊ ဒမ်ဘီလီတို့ကို ခေါ်ယူရန် တစ်ပြိုင်နက်တည်း ချိတ်ဆက်နေပြီး အောင်မြင်စွာခေါ်ယူနိုင်ရန် နီးစပ်နေပြီဟု အစောပိုင်းက သတင်းများ တောက်လျှောက်ထွက်နေခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ဇန်နဝါရီအတွင်း ကော်တင်ဟိုနှင့် လီဗာပူးတို့ချုပ်ဆိုခဲ့သည့် ငါးနှစ်သက်တမ်းတိုးစာချုပ်တွင် ထွက်ခွာခွင့်အချက် ထည့်သွင်းခဲ့ခြင်းမရှိခဲ့ပေ။ သို့သော် လီဗာပူးမန်နေဂျာ ယာဂန်ကလော့ပ်ကလည်း လီဗာပူးသည် ကစားသမားများကို ထုတ်ရောင်းနေသည့် ကလပ်အသင်းမဟုတ်ကြောင်း တုံ့ပြန်ထားပြီးဖြစ်သည်။ ဇူလိုင်လအတွင်း ဘာစီလိုနာအသင်း၏ ပထမအကြိမ် ပေါင် ၇၂ သန်းဖြင့် ကမ်းလှမ်းမှုကို ပယ်ချခံခဲ့ရပြီးနောက် ယခု ဒုတိယအကြိမ် ပေါင်သန်း ၉၀ ကမ်းလှမ်းမှုကိုလည်း လီဗာပူးဘက်မှ ထပ်မံပယ်ချလိုက်ခြင်းဖြစ်သည်။ ကော်တင်ဟိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက သွင်းဂိုး ၁၄ ဂိုးသွင်းယူခဲ့ပြီး ခြေချင်းဝတ်ဒဏ်ရာကြောင့် ခြောက်ပတ်အနားယူခဲ့ရသေးသည်။

**Vacancy Announcement**

Myanmar Digital News is an online news network publishing daily both in Myanmar and English. We need an experienced feature writer/correspondent who can report in English. The candidate should be fluent in spoken and written English, must have a keen interest in current political, social and economic affairs of Myanmar as well as that of international affairs, and should be willing to travel for covering news. Salary is negotiable.

If you're interested in joining our news room team in Nay Pyi Taw, please email your CV together with a cover letter to **recruitment @ myanmardigitalnews.com** not later than 31 August 2017.

## နောက်ဆုံးရ အားကစားသတင်းတိုများ

### မန်ယူ၏ ရှယ်ယာ နှစ်ရာခိုင်နှုန်းကို ဂလေဇာမိသားစု ရောင်းချ

မန်ယူအသင်းပိုင်ရှင် အမေရိကန်ဘီလီယံနာသူဌေး ဂလေဇာမိသားစုသည် အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၈၉ သန်းရရှိရန်အတွက် ၎င်းတို့ပိုင်ဆိုင်သော ရှယ်ယာအချို့ကို နယူးယောက်စတော့အိတ်ချိန်းဈေးကွက်တွင် ရောင်းချခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ အဆိုပါ ငွေကြေးပမာဏသည် အသင်း၏ရှယ်ယာ နှစ်ရာခိုင်နှုန်း တန်ဖိုးပမာဏနှင့်ညီမျှပြီး လာမည့် အင်္ဂါနေ့တွင် အပြီးသတ်နိုင်ရန် မျှော်လင့်ထားကြောင်းလည်း သိရသည်။

အဆိုပါတန်ဖိုးမှာ ပြီးခဲ့သည့် ဩဂုတ် ၉ ရက် စတော့ရှယ်ယာတစ်ခုပေါက်ဈေး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၁၅ နှုန်းကို အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်သည်။ ဂလေဇာမိသားစုသည် မန်ယူအသင်းကို ၂၀၀၅ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၄ ဘီလီယံဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

### ပေါင်၂၃ သန်း အပိုဆုကြေးမပေးချေတဲ့ ဘာစီလိုနာကို ဖီဖာသို့ တိုင်ကြားရန် နေမာ ပြင်ဆင်

တိုက်စစ်မှူး နေမာသည် ဘာစီလိုနာဘက်မှ ပေးချေရန် ငြင်းဆိုထားတဲ့ အပိုဆုကြေး ပေါင် ၂၃ သန်းကိစ္စရပ်အတွက် ဖီဖာသို့ တိုင်ကြားရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။ နေမာနှင့် ဘာစီလိုနာအသင်းတို့ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလအတွင်း ချုပ်ဆိုခဲ့တဲ့ သက်တမ်းတိုးစာချုပ်တွင် အပိုဆုကြေး ပေါင် ၂၃ သန်း ခံစားခွင့်ပေးမည်ဟူသော အချက်ပါဝင်သော်လည်း ယင်းအချိန်စေ့ပြီး လေးရက်အကြာတွင် နေမာ အသင်းပြောင်းခဲ့သည့်အတွက် ဘာစီလိုနာဘက်မှ ပေးချေရန် ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာအသင်း ပြောခွင့်ရပုဂ္ဂိုလ် ဂျိုးဇက်ဗီဗက်ဇ်က “အခြေအနေ သုံးရပ်ရှိပါတယ်။ နံပါတ်(၁)က ကစားသမားက ဇူလိုင် ၃၁ ရက်အထိ ဘယ်အသင်းနဲ့မှ သဘောတူညီမှုမရသေးပါဘူး။ နံပါတ်(၂)ကတော့ သူဟာ သူ့စာချုပ်ပါကိစ္စရပ်ကို လူသိရှင်ကြား ထုတ်ပြောပါတယ်။ တတိယအချက်ကတော့ စက်တင်ဘာ ၁ ရက်မှာ ပေးချေရမယ်ဆိုတာ သူဘယ်အသင်းကိုမှ မပြောင်းရွှေ့မှုပါ”ဟု ပြန်လည်ရှင်းလင်းခဲ့သည်။

### လူးဝစ်ဖီဂိုကို ဘာစီလိုနာမှရအောင် ဘယ်လိုခေါ်နိုင်ခဲ့လဲဆိုတာ ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ် ထုတ်ပြောပြီ

ရီးယဲလ်မက်ဒရစ်ဥက္ကဋ္ဌကြီး ပီရက်ဇ်က ၂၀၀၀ ပြည့်နှစ်တွင် ဘာစီလိုနာအသင်းခေါင်းဆောင် လူးဝစ်ဖီဂိုကို ရီးယဲလ်သို့ မည်သို့ဆွဲဆောင်ခေါ်ယူနိုင်ခဲ့သလဲဆိုတာကို Fox Sports သို့ ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်သည်။ ပီရက်ဇ်က ၂၀၀၀ ပြည့်နှစ်အချိန်က မည်သည့်အသင်းကမျှ ယူရိုသန်း ၆၀ လောက် သုံးစွဲဖို့ မစဉ်းစားခဲ့သော်လည်း ငွေကြေးသက်သက်ဖြင့် ဖီဂိုကို ခေါ်ယူနိုင်ခဲ့ခြင်းမဟုတ်ကြောင်း ပြန်ပြောင်းပြောကြားခဲ့သည်။ ပီရက်ဇ်က “ကျွန်တော်သူ့ကို လွယ်လွယ်ကူကူ နားချနိုင်ခဲ့တာ မဟုတ်ပါဘူး။ သူဟာ ဘာစီလိုနာ အသင်းခေါင်းဆောင်ပါ။ ကျွန်တော်က သူ့ကို ဝန်းရံအခြေပြုမယ့် အသင်းကို တည်ဆောက်ဖို့ အစီအစဉ်ရှိတယ်လို့ ပြောခဲ့ရတယ်။ အဲဒီနောက် ဇီဒန်း၊ ရိုနယ်လ်ဒို၊ ဘက်ခမ်းတို့ပါ ထပ်ရောက်လာပြီး ကြယ်စင်စုအဖွဲ့ကို တည်ဆောက်နိုင်ခဲ့တာဖြစ်ပါတယ်”ဟု ရှင်းလင်းပြောကြားခဲ့သည်။

မေလဲ့သင်း - စုစည်းသည်

# မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

၁။ ဤဥပဒေကို မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) **မြန်မာ့တိုင်းရင်းဆေးပညာ**ဆိုသည်မှာ အပင်ထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ မြေထွက်၊ တွင်းထွက် ပစ္စည်းများဖြင့် ဖော်စပ်ထားသော ဆေးဝါးများ၊ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယဟူသော နယကြီးလေးပါးနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီး၏ ရိုးရာတိုင်းရင်းဆေးကုထုံးနည်းစနစ်များကို အသုံးပြု၍ လူသားတို့၏ သက်ရှည်ကျန်းမာ ရောဂါဘယကင်းဝေးစေရေးအတွက် ရောဂါရှာဖွေခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှု ပြန်လည်ထူထောင်ခြင်း၊ လေ့ကျင့်သင်ကြားခြင်းစသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအားလုံးတွင် ပါဝင်ဆောင်ရွက်နိုင်သော ပညာရပ်ကိုဆိုလိုသည်။

(ခ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီကို ဆိုလိုသည်။

(ဂ) **နာယကအဖွဲ့**ဆိုသည်မှာ ကောင်စီ၏ နာယကအဖွဲ့ကို ဆိုလိုသည်။

(ဃ) **အလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုလိုသည်။

(င) **ကောင်စီဝင်**ဆိုသည်မှာ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင်တစ်ဦးဦးကို ဆိုလိုသည်။

(စ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသည့် တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ်ကို ဆိုလိုသည်။

(ဆ) **မှတ်ပုံတင်တိုင်းရင်းဆေးဆရာ**ဆိုသည်မှာ တိုင်းရင်းဆေးဆရာမှတ်ပုံတင်စာရင်းတွင် အမည်တင်သွင်းခြင်းခံရပြီး တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း ခံရသူကိုဆိုလိုသည်။

(ဇ) **ဆေးကုသခြင်းလိုင်စင်**ဆိုသည်မှာကောင်စီက ဤဥပဒေအရ ထုတ်ပေးသော အထွေထွေ ဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်ဆေးကုသခွင့်လိုင်စင်နှင့် ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်တို့ကို ဆိုလိုသည်။

(ဈ) **အထွေထွေဆေးကုသခြင်းလိုင်စင်**ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြုထားသော မှတ်ပုံတင် တိုင်းရင်းဆေးဆရာအား သတ်မှတ်ချက်နှင့်အညီ ကောင်စီကထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုလိုသည်။

(ည) **အထူးဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ ကောင်စီကအသိအမှတ်ပြုထားသည့် ပြည်တွင်းတိုင်းရင်း ဆေးတက္ကသိုလ်တစ်ခုခုမှ အပ်နှင်းထားသော (သို့မဟုတ်) ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ တိုင်းရင်းဆေးကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီနှင့် ဘွဲ့လွန်ဒီပလိုမာရရှိပြီး အရည်အချင်းပြည့်မီ၍ ကျွမ်းကျင်မှုရှိသည်ဟုကောင်စီက သတ်မှတ်ခြင်းခံရသော မှတ်ပုံတင်တိုင်းရင်းဆေးဆရာအား ကောင်စီကထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုလိုသည်။

(ဋ) **ကန့်သတ်ဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာတိုင်းရင်းဆေးကောင်စီက အသိအမှတ်ပြုသောတိုင်းရင်းဆေးပညာဘွဲ့ရရှိသည့် နိုင်ငံသား (သို့မဟုတ်) နိုင်ငံတကာတိုင်းရင်းဆေးဆရာအား ကောင်စီက သတ်မှတ်ချက်များ နှင့်အညီ စိစစ်ထုတ်ပေးထားသော ဆေးကုသခွင့်လိုင်စင်ကိုဆိုလိုသည်။

(ဌ) **ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ကုသသည့်စနစ်များကို ကောင်စီက စာတွေ့လက်တွေ့စိစစ်၍ ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့်ဒေသတို့ဖြင့် ကန့်သတ်၍ ယာယီထုတ်ပေးထားသော ဆေးကုသခွင့်လိုင်စင်ကို ဆိုလိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊

(ခ) တိုင်းရင်းဆေးဆရာများအား မိမိတို့၏ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများကို လိုက်နာစေရေး ကြီးကြပ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူ ဆည်းပူးနိုင်စေရန်၊

(ဃ) တိုင်းရင်းဆေးဆရာများ၏ ဆေးပညာအရည်အသွေးနှင့်ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(င) ပြည်သူများအတွက် အရည်အသွေးပြည့်ဝပြီး အစွမ်းထက်မြက်၍ ဘေးဥပဒ်ကင်းသော တိုင်းရင်းဆေးဝါးများထွက်ပေါ်လာရေး ဆောင်ရွက်ရန်နှင့် အရည်အသွေးထိန်းသိမ်းသော ကိစ္စရပ်များ ဆောင်ရွက်ရန်၊

(စ) တိုင်းရင်းဆေးပညာနှင့်သက်ဆိုင်သော အယူအဆသဘောတရားများ၊ ကုထုံးနည်းစနစ်များ၊ ဆေးဝါးများစသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲနိုင်စေရန်၊

(ဆ) တိုင်းရင်းဆေးဝါးဥပဒေအရ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ ခွင့်ပြုချက်နှင့် ပတ်သက်၍ ကောင်စီမှ ပါဝင်ကြီးကြပ်ကွပ်ကဲနိုင်စေရန်၊

(ဇ) တိုင်းရင်းဆေးပညာ၏ သမားစဉ် ကုထုံးနည်းစနစ်များ၊ အစွမ်းထက် တိုင်းရင်းဆေးဝါးများကို တိမ်မြုပ်ပျောက်ကွယ်မှု မရှိစေရေး၊ ပိုမိုတိုးတက်ပြန့်ပွားစေရန်နှင့် ကာကွယ်ထိန်းသိမ်းရန်၊

(ဈ) တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းဆေးပညာရှင်များ စည်းလုံးညီညွတ်ရေးအတွက် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် ဦးဆောင်မှုပေးနိုင်ရန်၊

(ည) တိုင်းရင်းဆေးပညာအရည်အသွေးပြည့်မီပြီး အဆင့်အတန်းမြင့်မားစွာ လေ့ကျင့်သင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းပြုရေး၊ တိုင်းရင်းဆေးပညာသုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

**အခန်း(၃)**
**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဖွဲ့စည်းခြင်း**

၄။ ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂုဏ်သိက္ခာရှိသော ဝါရင့်တိုင်းရင်းဆေးဆရာ (၂) ဦးနှင့် အငြိမ်းစားတိုင်းရင်းဆေးဆရာ (၂) ဦး ပါဝင်သည့် နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၆။ (က) နာယကအဖွဲ့သည် ကောင်စီကို (၄၅) ဦးထက်မပိုသောအောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(၁) ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန

(၂) (၂) ဦး ထက်မပိုသော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန

(၃) ပါမောက္ခချုပ် တိုင်းရင်းဆေးတက္ကသိုလ်

(၄) (၂) ဦးထက်မပိုသော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပါမောက္ခများ (သို့မဟုတ်) ဌာနမှူးများ၊ တိုင်းရင်းဆေးတက္ကသိုလ်

(၅) မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)မှ အဖွဲ့ဝင် (၂) ဦး

(၆) မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများအသင်းမှ ကိုယ်စားလှယ် (၁) ဦး

(၇) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မှတ်ပုံတင်ရတိုင်းရင်းဆေးဆရာများက သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးချယ်တင်မြှောက်သော တိုင်းရင်းဆေးဆရာ (၁) ဦးစီ

(၈) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မှတ်ပုံတင်တိုင်းရင်းဆေး ဆရာဦးရေကိုအခြေခံ၍ မှတ်ပုံတင်ရတိုင်းရင်းဆေးဆရာများက ရွေးချယ်တင်မြှောက်သော တိုင်းရင်းဆေးဆရာများ

(၉) အများပြည်သူ ယုံကြည်လေးစားသည့် ပညာရှင် (၂) ဦး

(ခ) နာယကအဖွဲ့သည် လိုအပ်ပါက ကောင်စီဝင်များ၏လျှို့ဝှက်ဆန္ဒမဲဖြင့် ကောင်စီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ နာယကအဖွဲ့သည် ကောင်စီကို ဖွဲ့စည်းရာတွင် ကောင်စီဝင်များထဲမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဥက္ကဋ္ဌ (၁) ဦးနှင့် ဒုတိယဥက္ကဋ္ဌ (၁) ဦး၊ အတွင်းရေးမှူး (၁) ဦး၊ တွဲဖက်အတွင်းရေးမှူး (၁) ဦး၊ ဘဏ္ဍာရေးမှူး (၁) ဦးတို့ကို ရွေးချယ်ထားပြီးသော ကောင်စီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်စေရမည်။

၈။ (က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည်မှစ၍ (၅) နှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏သက်တမ်းသည် ကောင်စီသက်တမ်းနှင့်အညီဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်ထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

(ဃ) ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါလစ်လပ်သည့် နေရာအလိုက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို အစားထိုးခန့်ထားခြင်း သို့မဟုတ် ရက်ပေါင်း (၉၀) အတွင်း ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ခန့်ထားရမည်။ ထိုသို့ဖြည့်စွက်ခန့်ထားခြင်းခံရသော ကောင်စီဝင်၏သက်တမ်းသည် ကျန်ရှိသည့် ကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာဖြစ်ရမည်။

(င) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၉။ ကောင်စီဥက္ကဋ္ဌသည် ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည်။

| | | |
|---|---|---|
| (၁) | ကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | ကောင်စီဒုတိယဥက္ကဋ္ဌ | ဒုဥက္ကဋ္ဌ |
| (၃) | ကောင်စီဝင် (၈) ဦး | အဖွဲ့ဝင် |
| (၄) | ကောင်စီအတွင်းရေးမှူး | အတွင်းရေးမှူး |
| (၅) | ကောင်စီတွဲဖက်အတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး |
| (၆) | ကောင်စီဘဏ္ဍာရေးမှူး | ဘဏ္ဍာရေးမှူး |

၁၀။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့သည် အောက်ပါအရည်အချင်းများဖြင့် ပြည့်စုံရမည်။

(က) အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် တိုင်းရင်းဆေးဆရာ ဖြစ်ရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်ဝတ္တရားများကို အချိန်ပြည့် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပြီး ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကြပ်မတ်မှုများပေးနိုင်သူ ဖြစ်ရမည်။

၁၁။ အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းနှင့်အဖွဲ့ဝင်များ လစ်လပ်သည့်အခါ အစားထိုးခန့်ထားသူ အဖွဲ့ဝင်များ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။

၁၂။ ကောင်စီဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ဖွဲ့စည်းခြင်း၊ အစည်းအဝေးကျင်းပခြင်းနှင့် ငွေကြေးကိစ္စရပ်များကို စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၄)**
**ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၃။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) တိုင်းရင်းဆေးပညာဘွဲ့နှင့် လက်မှတ်များကို အသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း။

(ခ) နိုင်ငံတော်နှင့် ပုဂ္ဂလိကတိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးခန်းများ၏ ကျန်းမာရေး စောင့်ရှောက်မှုအဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်နှင့် လုံခြုံမှုရှိစေရန် လိုအပ်သော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ ထုတ်ပြန်ခြင်း၊ ဆန်းစစ်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း။

(ဂ) တိုင်းရင်းဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော နိုင်ငံတကာ တိုင်းရင်းဆေးပညာရပ်များနှင့် မိမိတို့နိုင်ငံ၏ တိုင်းရင်းဆေးပညာရပ်များကို လေ့လာသုံးသပ်၍ ပညာသင်ကြားရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ တိုင်းရင်းဆေးတက္ကသိုလ်နှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဃ) ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားရေးအတွက် တိုင်းရင်းဆေးပညာဦးစီးဌာနသို့ အကြံပြုခြင်း။

(င) တိုင်းရင်းဆေးဆရာများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလိုဆောင်ရွက်ခြင်း အစိုးရဌာနအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အကြံပြုခြင်းနှင့် တင်ပြခြင်း။

(စ) တိုင်းရင်းဆေးဝါးများ၊ ဆေးဖက်ဝင်အပင်များ၊ ဆေးပစ္စည်းများ၏ စံချိန်စံညွှန်းများ၊ အလေးချိန်များ၊ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ပြဋ္ဌာန်းပေးခြင်း၊ အတည်ပြုပေးခြင်း၊ မူရင်းဒေသ (မူပိုင်) သတ်မှတ်ခြင်း၊ တားမြစ်ခြင်းများ ဆောင်ရွက်ခြင်း။

(ဆ) တိုင်းရင်းဆေးဆရာများ လိုက်နာစောင့်စည်းရမည့် ကျင့်ဝတ်များကို သတ်မှတ်ခြင်း။

(ဇ) တိုင်းရင်းဆေးဆရာများ၏ ကျင့်ဝတ်သိက္ခာဆိုင်ရာ ပြစ်မှုများ၊ ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုများကို အခါအားလျော်စွာ သတ်မှတ်နိုင်ခြင်း။

၁၄။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါကော်မတီများကိုကောင်စီဝင်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်စေလျက်ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း။

(၁) ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ

(၂) ဆေးပညာသင်ကြားရေးနှင့်လေ့ကျင့်ရေးလုပ်ငန်း အရည်သွေးနှင့် အဆင့်အတန်းမြင့်မားရေးအတွက် စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ

(၃) ကုသရေးဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းနှင့်လုံခြုံမှုအတွက် စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီ

(၄) ဘဏ္ဍာရေးကော်မတီ

(၅) ဥပဒေရေးရာကော်မတီ

**ဆက်လက်ဖော်ပြပါမည်။**

# အုပ်ချုပ်ရေးမှူးတစ်ဦး၏လုပ်ဆောင်မှုသည် အစိုးရအဖွဲ့၏ပုံရိပ်ဖြစ်
# နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအမြင်ဖြင့် ဂရုတစိုက်ဆောင်ရွက်

**ပဲခူး ဩဂုတ် ၁၀**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပဲခူးခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ပြည်သူက ရွေးချယ်တင်မြှောက်ထားသော အုပ်ချုပ်ရေးမှူးများဖြစ်သောကြောင့် တာဝန်နှင့်လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားမပြုလုပ်ကြရန်လိုကြောင်း၊ အထက်ကပေးအပ်သော တာဝန်ကိုသာမက မိမိဒေသအတွက် မိမိတို့အသိစိတ်ဖြင့် ဆောင်ရွက်သွားကြရန်၊ မြေယာကဏ္ဍများကိုင်တွယ်ဖြေရှင်းရာတွင် ဥပဒေနည်းဥပဒေများအတိုင်း အဂတိတရားကင်းရှင်းစွာတိကျမှန်ကန်စွာဆောင်ရွက်သွားကြရန်၊ ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေးစနစ်ဖြစ်လာအောင် ကြိုးစားကြရန်၊အုပ်ချုပ်ရေးမှူးတစ်ဦး၏လုပ်ဆောင်ချက်သည် အစိုးရအဖွဲ့၏ပုံရိပ်ဖြစ်သောကြောင့်စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအမြင်ဖြင့် ဂရုတစိုက် ကောင်းမွန်အောင်ဆောင်ရွက်ကြရန် ပြောကြားသည်။

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေက တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကဏ္ဍများဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့တွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ အဓိကကျသောရပ်ကျေးအုပ်ချုပ်ရေးမှူးများ၏အခန်းကဏ္ဍ အရေးပါမှုနှင့် ပတ်သက်၍လည်းကောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူးဦးတိုးဝင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏သမိုင်းကြောင်း၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများရွေးချယ်ခန့်အပ်တာဝန်ပေးမှု၊ အခြေခံမူ၊ ဥပဒေနည်းဥပဒေများ၊ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်တာဝန်ဝတ္တရားများ၊ လုပ်ငန်းပြဿနာများအား သဘောထားကြီးစွာဖြင့် မေတ္တာတရားရှေ့ထားဆောင်ရွက်ရန်၊ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင့်ကျော်တင်ပြခြင်း မပြုလုပ်ရန်ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကမိမိတို့ဒေသအလိုက်ဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ လယ်ယာမြေစိစစ်ရေးကဏ္ဍများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အစိုးရအဖွဲ့နှင့်သက်ဆိုင်ရာဌာနများက လုပ်ဆောင်ပေးရန် လိုအပ်နေသည့်ကိစ္စရပ်များအား ဆွေးနွေးတင်ပြကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ဝန်ကြီးချုပ်ဦးဝင်းသိန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်ဦးမောင်မောင်ရွှေ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဗိုလ်မှူးကြီးလှမျိုးရွှေ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ပဲခူးခရိုင်အတွင်းရှိ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





# လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ရှုပ်ထွေးမီးကြိုးများရှင်းလင်း

**စမ်းချောင်း ဩဂုတ် ၁၀**
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏စီစဉ်မှုဖြင့် အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ ဦးခိုင်ဇော်ငြိမ်း၊ ခရိုင်အင်ဂျင်နီယာမှူး ဦးစန်းလွင်နှင့် စမ်းချောင်းမြို့နယ်လျှပ်စစ်မန်နေဂျာဦးတင်မြင့်အောင်တို့ကြီးကြပ်လျက် မြေနီကုန်း(တောင်)ရပ်ကွက်အတွင်းရှိ ဓမ္မာရုံလမ်း၊ မဟာဘောဂလမ်း၊ စေတနာလမ်း၊ ဈေးလမ်းတို့တွင် မိဘပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရှုပ်ထွေးမီးကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းအား ခရိုင်အတွင်းရှိ ၁၁ မြို့နယ်မှဝန်ထမ်းများ စုပေါင်းကာ ဩဂုတ် ၁၀ ရက် နံနက်က ဆောင်ရွက်ပေးခဲ့ကြသည်။

“ရှုပ်ထွေးမီးကြိုးများရှင်းလင်းခြင်းလုပ်ငန်းကိုဒီနေ့နဲ့ ဩဂုတ် ၁၅ ရက်မှာလည်း ဆက်လက်ဆောင်ရွက်ပေးမှာပါ။ မြေနီကုန်း(တောင်ပိုင်း)ရပ်ကွက်မှာ ရှုပ်ထွေးတိုင် ၆ တိုင်က မီတာအလုံးပေါင်း ၄၅၄ လုံးကို ရှင်းပေးပြီး ဩဂုတ် ၁၅ ရက်မှာ မြေနီကုန်း(မြောက်ပိုင်း)ရပ်ကွက်က ဓာတ်တိုင် ၂၅ တိုင်နဲ့ မီတာ ၃၁၈ လုံးက မီးကြိုးတွေကို ရှင်းလင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ဧရာရွှေဝါကုမ္ပဏီတို့ ပူးပေါင်းပြီး မိဘပြည်သူတွေအတွက် ပထမအကြိမ်ဆောင်ရွက်တာပါ”ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးသက်အောင်ထံမှ သိရသည်။

အဆိုပါ ရှုပ်ထွေးမီးကြိုးများ ရှင်းလင်းရာသို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင်(၂) ဦးရန်လင်းနှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဦးအောင်မျိုးနှင့် ဦးသော်တာအောင်၊ ဧရာရွှေဝါကုမ္ပဏီမှအကြံပေးပုဂ္ဂိုလ်ဦးလှကြိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးကျော်ကျော်တို့က လာရောက် ကြည့်ရှုကာ အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်ကြရန်မှာကြားခဲ့သည်။

**မောင်မောင်**

# သက်ငယ်မှုဒိမ်းနှင့်ပတ်သက်၍ဟောပြော

**ရန်ကုန် ဩဂုတ် ၁၀**
ဒဂုံမြို့သစ်(မြောင်ပိုင်း)မြို့နယ် အမှတ် (၄၈) ရပ်ကွက် ဇေယျာသိဒ္ဓိလမ်းနှင့် မဟာဂန္ဓာရုံလမ်းထောင့်ရှိ ဇေယျာသိဒ္ဓိဓမ္မာရုံ၌ ဩဂုတ် ၈ ရက် ညနေ ၄ နာရီက ထားဝယ်ချောင်နယ်မြေရဲကင်းစခန်းမှူး ရဲအုပ်ဝင်းဇော်ဦးက သက်ငယ်မှုဒိမ်းနှင့် ပတ်သက်၍ ဟောပြောပွဲ ပြုလုပ်ခဲ့ရာ အဆိုပါဟောပြောပွဲသို့ အမှတ်(၄၈) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ဘိုဘိုဦးနှင့် ရပ်ကွက်နေပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

**(ကြေးမုံ)**

# ရာသီတုပ်ကွေး(H1N1)pdm09ရောဂါဖြစ်ပွားမှုနှင့်လုပ်ငန်းဆောင်ရွက်ထားရှိမှု ရှင်းလင်း

**မြစ်ကြီးနား ဩဂုတ် ၁၀**
ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူး၍မြန်မာနိုင်ငံအတွင်း ရာသီတုပ်ကွေး(H1N1) pdm09 ရောဂါဖြစ်ပွားမှုနှင့် ကချင်ပြည်နယ်အတွင်း ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ဆမားဒူဝါဆင်ဝါးနောင် ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဂျကော့ဘူက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ရာသီတုပ်ကွေး (H1N1)pdm09 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အဆိုပါရောဂါပိုးမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပြီး ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားစေတတ်သည့် ဗိုင်းရပ်စ်ပိုးအမျိုးအစား သုံးမျိုးကြောင့် ဖြစ်ပွားရပြီး ကူးစက်မြန်ရောဂါဖြစ်ပွားကာ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ဖြစ်ပွားလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ရောဂါထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ နည်းဗျူဟာ(၈)ရပ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့မြန်မာနိုင်ငံအတွင်း ရာသီတုပ်ကွေး (H1N1)pdm09ရောဂါ ဖြစ်ပွားမှုအခြေအနေများအားပြောကြားသည်။ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းလွင်က ကချင်ပြည်နယ်အတွင်း ရာသီတုပ်ကွေး(H1N1)pdm09ရောဂါဖြစ်ပွားမှုအခြေအနေနှင့် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများ၏ဇနီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်နယ်အတွင်းကျန်းမာရေးလုပ်ငန်းဆိုင်ရာများအား ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် (INGO/NGO) အဖွဲ့များမှဖိတ်ကြားထားသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

# မကွေးမြို့၌ နိုင်ငံကူးလက်မှတ်များ လျှောက်ထားထုတ်ယူနိုင်

**မကွေး ဩဂုတ် ၁၀**
နိုင်ငံရပ်ခြားတိုင်းပြည်များသို့ အလည်အပတ်ဖြစ်စေ၊ အလုပ်အကိုင်ဖြင့်ဖြစ်စေ သွားရောက်လိုသည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံများအနေဖြင့် မြန်မာနိုင်ငံကူးလက်မှတ်များကို မကွေးမြို့ ပြည်သူ့ဆေးရုံကြီးအနီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲ(မကွေး)တွင် လာရောက်လျှောက်ထားထုတ်ယူနိုင်ကြောင်း သိရသည်။

“အလည်အပတ် Passport of Visit နိုင်ငံကူးလက်မှတ်လျှောက်ထားလိုသူတွေအနေနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားနဲ့ အိမ်ထောင်စုစာရင်းပါရှိဖို့လိုအပ်ပြီးတော့ အလုပ်အကိုင် Passport of Jop နိုင်ငံကူးလက်မှတ် လျှောက်ထားသူတွေအနေနဲ့ အလုပ်ခေါ်စာနဲ့လေဘာကတ်များပူးတွဲယူဆောင်လာဖို့လိုပါတယ်” ဟု မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး အဖွဲ့ရုံးခွဲ(မကွေး) တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကုန်ကျစရိတ်မှာ စာအုပ်ဖိုး ၁၉၀၀၀ ကျပ်၊ အွန်လိုင်း ဝန်ဆောင်ခ ကျပ် ၁၀၀၀၊ ဓာတ်ပုံဖိုး ကျပ် ၂၀၀၀၊ ဆေးဖိုးမင်ဖိုးနှင့်ပြုပြင်ထိန်းသိမ်းခ ကျပ် ၁၀၀၀၊ လျှောက်လွှာပုံစံဖိုး ကျပ် ၂၀၀၊ စက်ပစ္စည်းနှင့်ဝန်ဆောင်ခကျပ် ၁၈၀၀ စုစုပေါင်း ကျပ် ၂၅၀၀၀ ကျသင့်မည်ဖြစ်သည်။

အထောက်အထားပြည့်စုံသောလျှောက်ထားသူများအား သက်တမ်းငါးနှစ်ရှိ မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်ကို ၁၀ ရက်ကြာတွင်ထုတ်ပေးမည်ဖြစ်ပြီး ရုံးမှတ်တမ်းများအရ ၂၀၁၅-၂၀၁၆ တွင် တောင်တွင်းကြီးနှင့်မြို့သစ်မြို့နယ်များမှ လျှောက်ထားမှုအများဆုံး၊ ၂၀၁၆ နှစ်ကုန်ပိုင်းမှ ၂၀၁၇ ခုနှစ်ထိ မင်းလှ၊ ငဖဲ၊ စေတုတ္တရာမြို့နယ်များမှ လျှောက်ထားမှုအများဆုံးဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲ(မကွေး)မှ လျှောက်ထားလာသူများအား စိစစ်ပြီး ၂၀၁၄ ခုနှစ်တွင် ၂၂၉၈ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၃၀၂၀၊ ၂၀၁၆ ခုနှစ်တွင် ၄၃၆၆ ဦး၊ ၂၀၁၇ ခုနှစ် ဇွန်လကုန်ထိ ၂၉၀၀ အား နိုင်ငံကူးလက်မှတ်များ ထုတ်ပေးခဲ့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲ (မကွေး) တာဝန်ရှိသူထံမှ သိရသည်။

**ဧယျာတု(မကွေး)**

# မိတ္ထီလာမြို့နယ်၌ ကျေးရွာပေါင်း ၉၅ ရွာတွင် လျှပ်စစ်ဓာတ်အားဖြင့် အလင်းဖြာနိုင်ခဲ့ပြီ

**မိတ္ထီလာ ဩဂုတ် ၁၀**
မိတ္ထီလာမြို့နယ်သည် ကျေးရွာအုပ်စု ၅၈အုပ် ကျေးရွာပေါင်း ၃၇၉ ရွာရှိရာမှ လျှပ်စစ်ဓာတ်အားဖြင့် မီးလင်းနိုင်ခဲ့သည်မှာ ကျေးရွာ ၉၅ ရွာ မီးလင်းနိုင်ခဲ့ပြီးဖြစ်၍ အဆိုပါကျေးရွာများမှ ကျေးလက်နေပြည်သူများမှာ လျှပ်စစ်ဓာတ်အားများဖြင့် တစ်ပိုင်တစ်နိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်လာကြသဖြင့် စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်ဓာတ်အား မီးလင်းနိုင်ခဲ့သလို အလှူရှင်များ၏ လှူဒါန်းမှုနှင့် နိုင်ငံတော်မှ ပံ့ပိုးမှုများဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၉၅ ရွာကို လျှပ်စစ်ဓာတ်အားများရရှိနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါကျေးရွာများတွင် လျှပ်စစ်ဓာတ်အားဖြင့် အသေးစားလုပ်ငန်းများဖြစ်သည့် တစ်ပိုင်တစ်နိုင်ဆန်စက်လုပ်ငန်းများ၊ ဆီးစက်လုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ထို့အတူ ညောင်ဇောင်ကျေးရွာနှင့် ထနောင်းကန်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရရှိခြင်းကြောင်း တစ်ပိုင်တစ်နိုင်ရက်ကန်းလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများ လုပ်ကိုင်လာနိုင်ကြပြီဖြစ်ရာ အလုပ်အကိုင် အခွင့်အလမ်းများလည်းရရှိလာ၍ ကျေးလက်နေပြည်သူများမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း သိရသည်။



**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ၈၈ အရေးအခင်းအကြောင်း နောက်ခံထားသည့် ဇာတိမြေ ရုပ်ရှင်ဇာတ်ကားကြီးရိုက်ကူးသွားမည်

**မြန်မာနိုင်ငံသားများအနေဖြင့် မည်သည့်နိုင်ငံတွင်ရှိနေပါစေ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဇာတိမြေကို ချစ်ရမည်ဟူသည့် အသိတရားများ နိုးကြားလာစေရန် ရည်ရွယ်သည့် ဇာတိမြေ(My Country My Home)အမည်ရှိ ရုပ်ရှင်ဇာတ်ကားကြီးကို ဂျပန်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးကိုဦးတည်ကာရိုက်ကူးသွားမည်ဟု သိရသည်။**

**ယင်းရုပ်ရှင်ဇာတ်ကားကြီးကို MNTV ရုပ်သံလိုင်းနှင့် JIB (Japan International Broadcasting) တို့မှ ပူးပေါင်းတင်ဆက်ထားပြီး ဒါရိုက်တာ ကြည်ဖြူသျှင်ရိုက်ကူးကာ အဓိကဇာတ်ဆောင်များအဖြစ် အကယ်ဒမီရန်အောင်၊ အောင်ရဲလင်း၊ မိုရီဆာကီဝင်း (J-Pop အဆိုတော်)နှင့် အကယ်ဒမီဝတ်မှုံရွှေရည်တို့ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။**

**MNTV ရုပ်သံလိုင်း ဥက္ကဋ္ဌ ဒေါ်နန်းမောက်လောဝ်ဆိုင် (ရွှေသံလွင်မီဒီယာ အဖွဲ့အစည်း)**



နိုင်ငံနှစ်ခုကို အခြေခံပြီးရိုက်ရမှာဆိုတော့ အလွန်လည်း တာဝန်ကြီးတယ်။ အရေးလည်းကြီးတဲ့အခါကျတော့ ငါတို့ လုပ်နိုင်ပါ့မလားပေါ့။ မှားလည်း မမှားချင်ဘူးလေ။ နိုင်ငံခြားက လူတွေက ကိုယ့်ကိုယုံယုံကြည်ကြည်နဲ့ အပ်နှံပြီးတော့ လုပ်တာဖြစ်တယ်။ အဲဒီအတွက်ကြောင့် ဒီတာဝန်ပေါ်မှာ ကိုယ်ဘာလုပ်နိုင်လဲဆိုတာ အရင်ဆန်းစစ်ပြီးမှ ဒီဇာတ်ကားကို ရိုက်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ ကျွန်မတို့ ကြိုးစားရတဲ့ ရည်ရွယ်ချက်တွေသည် အားလုံးအတွက် အဓိပ္ပာယ်ရှိမယ်။ အားလုံးအတွက် ကျန်ရစ်မယ်။ အားလုံးအတွက် အမှတ်တရရင်ထဲက ဇာတိမြေဖြစ်မယ်လို့ ယုံကြည်ပါတယ်။

**အကယ်ဒမီ ရန်အောင်**



ဒီဇာတ်ကားနာမည်ကိုက ဇာတိမြေ (My Country My Home)ဆိုတော့ ငါ့တိုင်းပြည်၊ ငါ့အိမ်၊ ငါ့ဇာတိ မြေပေါ့။ ဒါကိုပေါ်လွင်အောင်ရိုက်မယ့် ဇာတ်ကားဖြစ်လို့ ကြည့်တဲ့သူတိုင်း သဘောကျနှစ်သက်မယ်လို့ ယုံကြည်တယ်။ ပြီးတော့ ဒီဇာတ်ကားမှာ နိုင်ငံရေးသမားတစ်ယောက်၊ မိဘတစ်ယောက်ရဲ့ အခန်းကဏ္ဍက သရုပ်ဆောင်ရမှာ ဆိုတော့ နိုင်ငံရေးသမားတွေရဲ့ ခံစားချက်ကို ကိုယ်ချင်းစာမိတယ်။ ကိုယ်ကိုယ်တိုင်လည်း ဒီခေတ်ကြီးကို မီခဲ့တယ်ဆိုတော့ ရှိပြီးသားစိတ်တစ်ခုကို ထည့်သွင်းပြီး အကောင်းဆုံး သရုပ်ဆောင်သွားမှာပါ။

**အောင်ရဲလင်း**



ကျွန်တော့်အနေနဲ့ ဒီဇာတ်ကားလေးကို မြန်မာနိုင်ငံသား တစ်ယောက် အနေနဲ့ ဂျပန်-မြန်မာ ချစ်ကြည်ရေးမှာ ပါဝင်ရိုက်ကူးခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူပါတယ်။ ပြီးတော့ ကျွန်တော့် လက်ဦးဆရာဖြစ်တဲ့ ဆရာမ မကြည်ဖြူသျှင်နဲ့ ပြန်လည်ရိုက်ခွင့်ရတဲ့အတွက်လည်း ကျေနပ်မိပါတယ်။ ကျွန်တော် ဒီဇာတ်ကားမှာ အလုပ်နဲ့သက်သေပြသွားမှာပါလို့ ပြောချင်ပါတယ်။

**ဒါရိုက်တာ ကြည်ဖြူသျှင်**



ဒီဇာတ်ကားက ၈၈ အရေးအခင်း နှစ် ၃၀ ပြည့်ကို အခြေခံရိုက်ကူးတာဖြစ်တဲ့အတွက် တာဝန်ကြီးပါတယ်။ ဒီဇာတ်ကား ကြည့်လိုက်ခြင်းအားဖြင့် နိုင်ငံရပ်ခြားကို ခိုလှုံသွားကြတဲ့ နိုင်ငံရေးသမားတွေဟာ ကိုယ့်နိုင်ငံကို ပြန်လာချင်ပေမယ့် အကြောင်းကြောင်းတွေကြောင့် သူတို့ပြန်လာလို့ မရဘူးဆိုတာကို သိလာမယ်။ ဒီဇာတ်ကားကို ရိုက်ကူးဖို့ အစ်မတို့ ဩဂုတ် ၁၆ ရက်မှာ ဂျပန်ကို စပြီးသွားမှာပါ။ စက်တင်ဘာ ၁၂ ရက် လောက် ပြန်လာမယ်။ ရန်ကုန်မှာ ပြင်ဆင်ချိန် ၁၀ ရက် လောက်ယူပြီးတော့မှ ရန်ကုန်နဲ့ ရှမ်းပြည်နယ်တို့မှာ ရိုက်ကူးသွားမှာပါ။

**မိုရီဆာကီဝင်း(J-Pop အဆိုတော်)**



ဂျပန်မှာ ကျွန်တော် တကယ်လုပ်နေတဲ့ အဆိုတော်တစ်ယောက်၊ လူငယ်တစ်ယောက်ဘဝနဲ့ ၁၀၀ ရာခိုင်နှုန်းတော့ မတူဘူးဆိုပေမယ့် အနီးစပ်ဆုံး တူနေတယ်ဆိုတော့ ဂျပန်နိုင်ငံမှာ လုပ်နေပေမယ့်၊ ကိုယ်မွေးတဲ့နေရာ၊ ကိုယ်မွေးတဲ့ တိုင်းပြည်၊ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို လုံးဝ မမေ့ဘူးဆိုတဲ့ စိတ်မျိုးထားပြီး ရုပ်ရှင်မှာ အကောင်းဆုံး သရုပ်ဆောင်သွားမှာပါ။ ကိုယ့်မြန်မာပြည်မှာ ပြန်လုပ်ခွင့်ရလို့ ကျွန်တော် အလွန်ဝမ်းသာပါတယ်။ ကျွန်တော့်ကို ဒီအခွင့်အရေးပေးတဲ့ လူတွေကို ကျေးဇူးအများကြီးတင်ပါတယ်။

**အကယ်ဒမီ ဝတ်မှုံရွှေရည်**



ကစ် ဒီရုပ်ရှင်ဇာတ်ကားကြီးမှာ ပါဝင်ခွင့်ရတယ်။ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် သရုပ်ဆောင်ရမယ်ဆိုတော့ အလွန်ပဲ စိတ်လှုပ်ရှားပါတယ်။ ဒီဇာတ်ကားထဲမှာ ထူးခြားချက်အနေနဲ့ ကစ်က ဂျပန်လိုပြောရမှာပါ။ ဂျပန်မှာမွေးပြီး ဂျပန်မှာကြီးပြင်းခဲ့ရတဲ့ မြန်မာမိန်းကလေးတစ်ယောက်အနေနဲ့ သရုပ်ဆောင်ရမှာဆိုတော့ ကစ်အခုဂျပန်စကားသင်နေပါတယ်။ ထူးခြားတာက ၈၈ အရေးအခင်း နောက်ခံသမိုင်းကြောင်းတွေလည်း ပါတာမို့ ဒီဇာတ်ကားကြီးအတွက် ကစ်အများကြီး ကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ခင်ဇာလီ**
**ဓာတ်ပုံ - အေးမင်းသူ**

# ပြည်တွင်းဈေးကွက်တွင် ရောက်ရှိနေပြီဖြစ်သော Nokia အမှတ်တံဆိပ်စမတ်ဖုန်းများတွင် ပါဝင်သည့် အချက်အလက်များ

**à ALEX**

ယခင်က မိုဘိုင်းဖုန်းလောကတွင် အစဉ်အလာကြီးမားခဲ့သော Nokia အမှတ်တံဆိပ် မိုဘိုင်းဟန်းဆက်များသည် စမတ်ဖုန်းအမျိုးအစားအသစ်များ အပြိုင်အဆိုင်ပေါ်ပေါက်လာသည့်နောက် ကာလအတန်ကြာမှေးမှိန်ခဲ့ရာမှ ယနေ့စမတ်ဖုန်းလောကတွင် ပြန်လည်ပေါ်ထွက်လာပြီဖြစ်သည်။ လွန်ခဲ့သောရက်အနည်းငယ်က ပြည်တွင်းဈေးကွက်တွင် Nokia u ၎င်း၏စမတ်ဖုန်းသစ် သုံးမျိုးနှင့် ယခင်က Keypad အမျိုးအစား Nokia 3310 မိုဘိုင်းဟန်းဆက်ကိုလည်း ပြန်လည်ဆန်းသစ်ကာ မိတ်ဆက်ပေးခဲ့သည်။

## Nokia 3

မျက်နှာပြင်အကျယ် ၅ လက်မရှိပြီး အလူမီနီယံသတ္တုစပ်ကိုယ်ထည်ဖြင့်ထုတ်လုပ်ထားကာ ဖုန်း၏ကျောဘက်တွင် Polycarbonate ဖြင့် ဖုံးအုပ်ထားသည်။ ဖုန်း၏မျက်နှာပြင်ကို Gorilla Glass အသုံးပြုကာကွယ်ထားသည်။ လုပ်ဆောင်မှုပိုင်းအတွက် Quad-Core MediaTek MT6737 ပရိုဆက်ဆာပါဝင်ပြီး Android စနစ် ၇ ဒသမ ၁ ထည့်သွင်းထားသည်။ RAM 3GB ပါဝင်ပြီး အချက်အလက်သိုလှောင်မှုအတွက် 16GB ဖြစ်ပြီး Micro SD 128GB အထိ ထပ်မံထည့်သွင်းအသုံးပြုနိုင်သည်။ ကျောဘက်ကင်မရာနှင့် အရှေ့ဘက်ကင်မရာတို့အတွက် 8MP ပါဝင်ကာ ဘက်ထရီစနစ်အတွက် 2650 mAh ဘက်ထရီတပ်ဆင်ထားသည်။ အသုံးပြုရန်သင့်တင့်ကောင်းမွန်သော စမတ်ဖုန်းအမျိုးအစားတစ်ခုဖြစ်ကာ ဖုန်း၏ဈေးနှုန်းမှာ ပြည်တွင်းဈေးကွက်အတွက် အဆင်ပြေမျှတသော ဖုန်းအမျိုးအစားဖြစ်သည်။ ရရှိနိုင်သော အရောင်များမှာ Silver White, Matte Black, Tempered Blue နှင့် Copper White ဟူ၍ အရောင် လေးရောင်ရရှိနိုင်ပြီး မြန်မာကျပ်ငွေ နှစ်သိန်းဝန်းကျင်ဖြင့် ပြည်တွင်းဈေးကွက်တွင်ရရှိနိုင်သည်။

## Nokia 5

Nokia 3 ထက်ပိုမိုကောင်းမွန်သောလုပ်ဆောင်ချက်များပါဝင်လာသည်။ ကိုယ်ထည်ပိုင်းကို အလူမီနီယံသတ္တုစပ်ကိုယ်ထည်အဖြစ်အသုံးပြုထားပြီး မျက်နှာပြင် ၅ ဒသမ ၂ လက်မ အကျယ်ရှိသည်။ ဖုန်း၏လုပ်ဆောင်မှုပိုင်းအတွက် Octa-Core Qualcomm Snapdragon 430 ပရိုဆက်ဆာထည့်သွင်းပေးထားပြီး Android စနစ် 7.1.1 ဖြင့်ရရှိနိုင် မည်ဖြစ်သည်။ RAM 2GB ပါဝင်ပြီး အချက်အလက်သိုလှောင်မှု 16GB အသုံးပြုနိုင်ပြီး Micro SD 128GB အထိ ထပ်မံထည့်သွင်းအသုံး ပြုနိုင်သည်။ အရှေ့ဘက် Selfie ကင်မရာ 8 MP ပါဝင်သောကြောင့် Selfie သမားများအတွက် သင့်လျော်သည့်ဖုန်းအမျိုးအစားဖြစ်ကာ ကျောဘက်ကင်မရာမှာ 13 MP ပါဝင်သည်။ ဂိမ်းဝါသနာရှင်နှင့် ဖျော်ဖြေရေးအစီအစဉ်ကြည့်ရှုခံစားလိုသူများအတွက်လည်း ကောင်းမွန်သပ်ရပ်သည့် ရုပ်ထွက်ပိုင်းဆိုင်ရာ အရည်အသွေးများကို ပေးစွမ်းနိုင်သည့် ဖုန်းအမျိုးအစားဖြစ်သည်။ ဘက်ထရီစနစ်အတွက် 3000 mAh ဘက်ထရီပါဝင်သောကြောင့် စွမ်းအင်ကောင်းမွန်စွာ ထုတ်လုပ်ပေးနိုင်သည်။ အရောင်အားဖြင့် Tempered Blue, Copper, Matte Black, Silver စသော အရောင်သုံးမျိုးရရှိနိုင်ပြီး မြန်မာကျပ်ငွေ ၂ သိန်း ၇ သောင်းဝန်းကျင်တွင် ရရှိနိုင်မည်ဖြစ်သည်။

## Nokia 6

မျက်နှာပြင်ကို Corning Gorilla Glass 3 ဖြင့် ထည့်သွင်းတပ်ဆင်ထားသောကြောင့် မျက်နှာပြင်ထိခိုက်မှုကို အတော် အတန်ခံနိုင်ရည်ရှိသည်။ ဖုန်းမျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိသောကြောင့် အသုံးပြုရန် သင့်တင့်သောအရွယ်အစားရှိသည့် စမတ်ဖုန်းတစ်မျိုးဖြစ်ကာ နေရောင်ခြည်ကျရောက်သောနေရာတွင်အသုံးပြုမည်ဆိုပါက အလိုလျောက် ပတ်ဝန်းကျင်၏ အလင်းရောင်ကို ချိန်ညှိပေးသွားမည်ဖြစ်သည်။ ပုံထွက်အရည်အသွေးကောင်းမွန်စေရန် Wide View Angle ပါဝင်သောကြောင့် ရုပ်ရှင်ကားနှင့် ဂိမ်းဝါသနာရှင်တို့အတွက် ကြည့်ရှုအသုံးပြုရန် ပိုမိုအဆင်ပြေစေသည်။ မိတ်ဆက်ပေးလိုက်သော Nokia စမတ်ဖုန်း သုံးမျိုးတွင် စွမ်းဆောင်မှုပိုင်းအမြင့်ဆုံးဖြစ်ပြီး ဖုန်း၏လုပ်ဆောင်မှုပိုင်းအတွက် Octa-Core Qualcomm Snapdragon 430 ပရိုဆက်ဆာကိုထည့်သွင်းပေးထားပြီး ရုပ်ထွက်ပုံရိပ်ပိုင်းအတွက် Adreno 505 GPU ပါဝင်သည်။ 4G စနစ်ပါဝင်ပြီး SIM ကတ်နှစ်မျိုး Dual SIM အသုံးပြုနိုင်မည်ဖြစ်ကာ RAM ပါဝင်မှု 3GB ဖြစ်သောကြောင့် ဖုန်း၏လုပ်ဆောင်မှုပိုင်းကောင်းမွန်၍ သိုလှောင်သိမ်းဆည်းမှုအတွက် 32GB ပါဝင်ပြီး 128GB ပမာဏရှိသော Micro SD ကတ်ကို ထပ်မံထည့်သွင်းအသုံးပြုနိုင်မည် ဖြစ်သည်။

ကျောဘက်ကင်မရာ 16MP ပါဝင်ပြီး PDA လုပ်ဆောင်ချက်ကိုထည့်သွင်းပေးထားကာ Dual Flash ပါဝင်သောကြောင့် အလင်းရောင်နည်းသော နေရာများတွင် ကောင်းမွန်သည့်ဓာတ်ပုံများရရှိစေနိုင်သည်။ အရှေ့ဘက်ကင်မရာအနေဖြင့် 8MP ပါဝင်ပြီး ဘက်ထရီစနစ်အတွက် 3000 mAh ဘက်ထရီထည့်သွင်းထားကာ လက်ဗွေစနစ် Finger Print လည်း ပါဝင်သည်။ အရောင်အားဖြင့် Arte Black, Matte Black, Tempered Blue, Silver, Copper ဟူ၍ အရောင် ငါးမျိုးရရှိနိုင်ပြီဖြစ်ပြီး မြန်မာငွေကျပ် သုံးသိန်းဝန်းကျင်တွင် ရရှိနိုင်မည်ဖြစ်သည်။




## Nokia 3310 (2017)

တစ်ချိန်က Keypad ဖုန်းလောကတွင် သတင်းကြီးခဲ့သည့် Nokia 3310 ကို ပြန်လည်ဆန်းသစ်ကာ ထုတ်လုပ်ထားခြင်း ဖြစ်သည်။ မျက်နှာပြင်အကျယ် ၂ ဒသမ ၄ လက်မ ပါဝင်ပြီး ကောင်းမွန်တောက်ပသည့် မျက်နှာပြင်ပါဝင်သည်။ Dual SIM အသုံးပြုနိုင်ပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 16MB ပါဝင်ကာ Micro SD 32 GB အထိ ထပ်မံထည့်သွင်း အသုံးပြုနိုင်သည်။ ကြိုးမဲ့ချိတ်ဆက်မှု Bluetooth 3.0 ပါဝင်ကာ ကျောဘက်ကင်မရာ 2 MP ကို ထည့်သွင်းတပ်ဆင်ထားသည်။ ဘက်ထရီစနစ်အတွက် 1200 mAh ဘက်ထရီသာပါဝင်သော်လည်း Keypad ဖုန်းများ၏ အားသာချက်ဖြစ်သည့် စွမ်းအင်တာရှည်ခံခြင်းကို Nokia 3310 တွင် တွေ့ရှိရမည်ဖြစ်ကာ ဖုန်းပြောဆိုမှုအတွက် ၂၂ နာရီကြာ အသုံးပြုနိုင်မည်ဖြစ်သည်။ အရောင်အားဖြင့် Warm Red (Glossy), Dark Blue (Matte), Yellow (Glossy), Grey (Matte) စသော အရောင်လေးမျိုးရရှိနိုင်မည်ဖြစ်ကာ မြန်မာငွေကျပ် ရှစ်သောင်းဝန်းကျင်တွင် ရရှိနိုင်မည်ဖြစ်သည်။ ပြန်လည်ဆန်းသစ်ထုတ်လုပ်လိုက်သော Nokia 3310 ၏ ချစ်စဖွယ်အသွင်အပြင်ကို Nokia ပရိသတ်များ ကြိုက်နှစ်သက်ကြမည်ဖြစ်သည်။

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ပြန်ခေါ်သက်သေစစ်မေးခွင့်

မောင်စာဂ

**ပြန်ခေါ်သက်သေ**

ပြန်ခေါ်သက်သေဆိုသည်မှာ တရားခံအား စွဲချက်မတင်မီ စစ်ဆေးပြီးဖြစ်သည့် တရားလိုပြ သက်သေကို တရားခံဘက်က နောက်ထပ်ပြန်လှန်မေးခွန်းများ မေးမြန်းရန် လိုအပ်သဖြင့် တရားရုံး၏ ခွင့်ပြုချက်အရ ပြန်လည်ခေါ်ယူစစ်ဆေးသော သက်သေကိုဆိုသည်။ ပြန်ခေါ်သက်သေကို ရာဇဝတ်ပြစ်မှုများ စစ်ဆေးသည့်အခါ တွေ့ရသည်။ ရာဇဝတ်ပြစ်မှုဟု ဆိုသော်လည်း သမ္မာန်မှုများကို စစ်ဆေးသည့် အခါမတွေ့ရပါ။ ဝရမ်းမှုကို စစ်ဆေးသည့်အခါတွင်သာ တွေ့ရသည်။

ဝရမ်းမှုဆိုသည်မှာ သေဒဏ် သို့မဟုတ် ခြောက်လထက်ပိုသော ထောင်ဒဏ်အပြစ်ပေးနိုင်သည့် ပြစ်မှုများဖြစ်သည်။ ဝရမ်းမှုမဟုတ်သော ပြစ်မှုများသည် သမ္မာန်မှုများဖြစ်သည်။ သမ္မာန်မှုနှင့် ဝရမ်းမှုတို့ စစ်ဆေးပုံ စစ်ဆေးနည်း မတူပါ။

**သမ္မာန်မှုကို စစ်ဆေးပုံစစ်ဆေးနည်းအကျဉ်း**

တရားသူကြီးရှေ့သို့ တရားခံရောက်ရှိသောအခါ တရားခံအပေါ် စွဲဆိုထားသောပြစ်မှုနှင့် စပ်လျဉ်းသည့် အကြောင်းအရာကို တရားသူကြီးက ရှင်းလင်းပြောပြသည်။ ထို့နောက် မည်သည့်အတွက်ကြောင့် ပြစ်ဒဏ်စီရင်ခြင်းမပြုထိုက်ကြောင်း ထုချေရှင်းလင်းရန် ရှိ/ မရှိ တရားခံကို မေးမြန်းသည်။

တရားခံက စွဲဆိုထားသည့် ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ဝန်ခံလျှင် တရားခံ၏ ဝန်ခံချက်ကိုတရားသူကြီးက ရေးမှတ်ယူသည်။ တရားခံကို ထိုက်သင့်သည့် ပြစ်ဒဏ်ကျခံစေရန် အမိန့်ချမှတ်သည်။

အကယ်၍ တရားခံကစွဲဆိုထားသည့် ပြစ်မှုကို ကျူးလွန်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့လျှင် တရားခံ၏ ငြင်းဆိုချက်ကို တရားသူကြီးက ရေးမှတ်သည်။ ပြီးလျှင် တရားခံ၏ ရှေ့မှောက်တွင် တရားလိုကို စတင်စစ်ဆေးသည်။ တရားလိုကပြသော တရားလိုပြသက်သေများကို ဆက်လက်၍ စစ်ဆေးသည်။ တရားလိုနှင့် တရားလိုပြ သက်သေများကို စစ်ဆေးပြီးသည့်အခါ တရားခံကို စစ်ဆေးသည်။ တရားခံကပြသော သက်သေများကို ဆက်လက်စစ်ဆေးသည်။

တရားလိုနှင့် တရားခံ နှစ်ဖက်သက်သေများကို စစ်ဆေးပြီးသည့်အခါ တရားခံအပြစ်ကျူးလွန်ခြင်း ရှိ/ မရှိ နှစ်ဖက်လျှောက်လဲချက်များကို ကြားနာသည်။ တရားခံအပေါ် အပြစ်ကျူးလွန်ကြောင်း ပေါ်ပေါက်မှုမရှိပါက အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်သည်။ တရားသေ လွှတ်သည်ဟု ခေါ်ဝေါ်ကြသည်။ အကယ်၍ တရားခံ၌ အပြစ်ရှိကြောင်း တွေ့ရှိလျှင် တရားခံအပေါ် ဥပဒေနှင့် အညီ ပြစ်ဒဏ်စီရင်သည့်အမိန့် ချမှတ်သည်။

မှတ်သားရန်အချက်မှာ သမ္မာန်မှုများကို စစ်ဆေးရာ၌ တရားခံအပေါ် နည်းလမ်းတကျစွဲချက်တင်ခြင်းမျိုးမရှိ။ တရားရှင်လွှတ်သည့် အမိန့်မျိုးချမှတ်ခြင်းမရှိ။ စစ်ဆေးပြီး တရားလိုပြသက်သေများကို ပြန်ခေါ်သက်သေအဖြစ် စစ်ဆေးပိုင်ခွင့်မရှိခြင်းတို့ပင်။

> **ပြန်ခေါ်သက်သေအဖြစ် စစ်မေးပေးရန် တောင်းဆိုပိုင်ခွင့်သည် တရားခံ၏ အခွင့်အရေး တစ်ရပ်ဖြစ်သည့်အပြင် တရားရုံးက သာမန်အားဖြင့် ဥပဒေအရ ငြင်းဆို ပိုင်ခွင့်မရှိ . . .**

**ဝရမ်းမှုကို စစ်ဆေးပုံ စစ်ဆေးနည်းအကျဉ်း**

တရားသူကြီးရှေ့သို့ တရားခံရောက်ရှိသောအခါ စွဲဆိုထားသော ပြစ်မှုနှင့် စပ်လျဉ်း၍ ကျူးလွန်ခြင်း ရှိ/ မရှိ တရားခံကို မေးမြန်းခြင်းမရှိပါ။ တရားခံ၏ ရှေ့မှောက်တွင် တရားလိုကို စစ်ဆေးသည်။ ပြီးလျှင် တရားလိုပြသော သက်သေများကို ဆက်လက်စစ်ဆေးသည်။ တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် တရားခံအပေါ်စွဲချက်တင်ထိုက် မတင်ထိုက်၊ တရားလိုနှင့် တရားခံ နှစ်ဖက် အမှုသည်များ၏ လျှောက်လဲချက်ကို ကြားနာသည်။

တရားလိုနှင့် တရားလိုပြသက်သေများ၏ ထွက်ဆိုချက်အရ တရားခံအပေါ် ပြစ်မှုထင်ရှား စီရင်ခြင်းခံထိုက်သည့် အမှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိလျှင် တရားခံကို စွဲချက်မတင်မီ လွှတ်ကြောင်း အမိန့်ချမှတ်သည်။ တရားရှင်လွှတ်သည်ဟုခေါ်ဝေါ်သည်။

အကယ်၍ တရားလိုနှင့် တရားလိုပြသက်သေများ၏ ထွက်ချက်အရ တရားခံအပေါ်စွပ်စွဲထားသည့် ပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု ယူဆရန် အကြောင်းပေါ်ပေါက်ပါက တရားခံကို စွဲချက်တင်ကြောင်း အမိန့်ချမှတ်ရသည်။ စွဲချက်ကို တရားခံအား ဖတ်ပြပြီး ရှင်းပြရသည်။ အပြစ် ရှိ/ မရှိ၊ အပြစ်ကျူးလွန်ခြင်း ရှိ/ မရှိ မေးမြန်းရသည်။ တရားခံက အပြစ်ကျူးလွန်ကြောင်း၊ အပြစ်ရှိကြောင်း ဖြေကြားလျှင် ယင်းဖြေကြားချက်ကို တရားသူကြီးက ရေးမှတ်ရမည်။ ပြီးလျှင် တရားခံအပေါ် ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်စီရင်သည့် အမိန့်ချမှတ်ရသည်။

တရားခံက အပြစ်မရှိကြောင်း၊ အပြစ်ကျူးလွန်ခြင်းမရှိကြောင်း ဖြေကြားလျှင် ဆက်လက် စစ်ဆေးရန်ဖြစ်၍ သက်သေခံချက်ရယူပြီးသော တရားလိုဘက် သက်သေတစ်ဦးတစ်ယောက်ကို ပြန်လှန်စစ်မေးရန် တရားခံတွင် ဆန္ဒ ရှိ/ မရှိ၊ အကယ်၍ ပြန်လှန်စစ်မေးရန် ဆန္ဒရှိလျှင် မည်သည့် သက်သေကို ပြန်လှန်စစ်ဆေးလိုကြောင်း တရားခံအား ချက်ချင်းတင်ပြစေရသည်။ တရားခံက ယင်းကဲ့သို့ ဆန္ဒရှိကြောင်း တင်ပြလာလျှင် တရားခံတင်ပြသည့် အမည်စာရင်းပါ သက်သေများကို ပြန်ခေါ် စစ်ဆေးခွင့် ပေးရသည်။ ထိုသို့ ပြန်ခေါ်စစ်မေးခွင့်ပြုသည့် သက်သေကို ပြန်ခေါ်သက်သေဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

တရားခံက ပြန်ခေါ်သက်သေစစ်မေးရန် မရှိကြောင်း တင်ပြလာလျှင် တရားရုံးသည် တရားခံကို စစ်မေးသည်။ တရားခံပြသက်သေများကို ဆက်၍ စစ်မေးသည်။ ပြန်ခေါ်သက်သေစစ်မေးရန်ရှိကြောင်း တင်ပြလာသည့်အခါ ပြန်ခေါ်သက်သေကို စစ်မေးသည်။ ပြီးမှ တရားခံကို စစ်မေးသည်။ တရားခံပြသက်သေများကို ဆက်လက်စစ်မေး သည်။ တရားခံနှင့် တရားခံပြသက်သေများကို စစ်မေးပြီးသည့်အခါ တရားခံသည် အပြစ်ကျူးလွန်ခြင်း ရှိ/ မရှိ တရားလိုနှင့် တရားခံတို့၏ နှစ်ဖက်လျှောက်လဲချက်များကို ကြားနာသည်။ တရားခံအပေါ် အပြစ်ကျူးလွန်ကြောင်းတွေ့ရှိက ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်စီရင်သည့် အမိန့်ချမှတ်သည်။ အပြစ်ကျူးလွန်ကြောင်း မတွေ့ရှိပါက အမှုမှ အပြီးအပြတ် (တရားသေလွှတ်) ကြောင်း အမိန့်ချမှတ်သည်။

မှတ်သားရန်အချက်မှာ ဝရမ်းမှုများကို စစ်ဆေးရာ၌ တရားခံအပေါ် နည်းလမ်းတကျ စွဲချက်တင်ခြင်းမျိုးရှိသည်။ တရားရှင်လွှတ်သည့် အမိန့်မျိုးချမှတ်ခြင်းရှိသည်။ စစ်ဆေးပြီး တရားလိုပြသက်သေများကို ပြန်ခေါ် သက်သေအဖြစ် စစ်မေးပိုင်ခွင့်ရှိခြင်းတို့ပင်။

**ပြန်ခေါ်သက်သေစစ်မေးခြင်း၏ ရည်ရွယ်ချက်**

ပြန်ခေါ်သက်သေစစ်မေးခြင်းသည် စစ်ဆေးပြီး တရားလိုပြသက်သေအား ဒုတိယအကြိမ် ပြန်လှန်စစ်မေးခြင်းဖြစ်သည်။ တရားခံ၏ ခုခံချေပရာလမ်းကြောင်းများ ပီပီပြင်ပြင်၊ ထင်ထင်ရှားရှား၊ ခိုင်ခိုင်မာမာ ဖြစ်စေရန် ရည်ရွယ်၍ စစ်မေးခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် တရားခံအတွက် ခုခံချေပခွင့် လုံလုံလောက်လောက်၊ ပြည့်ပြည့်ဝဝရရှိစေရန် ရည်ရွယ်ပြဋ္ဌာန်းထားသည့် ထူးကဲလှစွာ ဥပဒေက ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ဟု ဆိုနိုင်သည်။

ပြန်ခေါ်သက်သေစစ်မေးရာတွင် " အဓိကစစ်မေးခြင်း"ဟူ၍ မရှိတော့။ တရားခံဘက်က စတင်၍ပြန်လှန်စစ်မေးသည်။ တရားလိုဘက်က ပြန်ရှင်းစစ်မေး(ထပ်မံစစ်မေး)သည်။ ထို့နောက် တရားရုံးက ရုံးမေးပြုလုပ်သည်။

**ပြန်ခေါ်သက်သေတောင်းဆိုခြင်းနှင့် တရားစီထုံးများ**

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၁)တွင် ပြန်ခေါ်သက်သေအဖြစ် ပြန်လှန်စစ်မေးလိုကြောင်း တရားခံက တင်ပြတောင်းဆိုလာလျှင် တင်ပြတောင်းဆိုလာသည့် သက်သေများကို တရားရုံးက ပြန်ခေါ်ပေးရမည်ဖြစ်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားသည်။ ပြန်ခေါ်သက်သေစစ်မေးခြင်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ထားသည့် တရားစီရင်ထုံးအချို့ကို ဖော်ပြပါမည်။

မောင်အံ့ဘွယ်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ စီရင်ထုံးတွင် တရားလိုပြ သက်သေများကို ပြန်ခေါ်နိုင်သည့်အခွင့်အရေးကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၁)ကပေးအပ်ထားကြောင်း၊ ယင်းပြဋ္ဌာန်းချက်သည် မလိုက်နာမနေရ အမိန့်သဘောသက်ရောက်ကြောင်း၊ အမှုစစ်တရားသူကြီးအနေဖြင့် ယင်းပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ခြင်းသည် တရားမျှတမှုကင်းမဲ့ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ အမှုကိုပျက်ပြယ်စေသည်ဟု ယူဆရမည်ဖြစ်ကြောင်း ဆုံးဖြတ်ထားသည်။ ( ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်) စာ - ၈၆၃ )

ကိုသန်းအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂) စီရင်ထုံးတွင် "ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၆(၁)တွင် တရားခံက ပြန်ခေါ်သက်သေအဖြစ် စစ်ဆေးလိုကြောင်း တင်ပြလာလျှင် တရားရုံးက ခွင့်ပြုရမည်ဖြစ်ကြောင်း ဖော်ပြထားသည်မှန်သော်လည်း အမှုကြန့်ကြာစေလိုသည့် သဘောဖြင့် ထိုအခွင့်အရေးကို နှစ်ကြိမ်ခဲ့ပြီး မမှန်မကန်တောင်းဆိုခြင်းကိုမူ ခွင့်ပြုရန် မသင့်ပေ။

တရားခံက သက်သေ(၃)ဦးကို ပြန်ခေါ်စစ်ဆေးလိုကြောင်း တောင်းဆိုခဲ့ပြီးနောက် လေးလခန့်ကြာမှ နောက်သက်သေတစ်ဦးကို ပြန်ခေါ်စစ်ဆေးလိုကြောင်း တင်ပြခြင်းသည် အမှုကိုကြန့်ကြာအောင် တမင်ဖန်တီးနေသည့်သဘောသက်ရောက်သည်။ သက်သေဆရာဝန်ကို စစ်ဆေးခဲ့စဉ် တရားခံဘက်က ရှေ့နေရှေ့ရပ်ဖြင့် အပြည့်အစုံ ပြန်လည်မေးမြန်းခဲ့ပြီးဖြစ်၍ ၎င်းအား ပြန်ခေါ်စစ်ဆေးရန် ထူးခြားသော အကြောင်းရှိသည်ဟု မပေါ်လွင်ပေ" ဟူ၍ ဆုံးဖြတ်ခဲ့သည်။ ( ၁၉၉၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၇၅ )

ကျော်အောင်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီရင်ထုံးတွင်"လျှောက်ထားသူများက စစ်ပြီး တရားလိုပြ သက်သေများကို ပြန်ခေါ်စစ်ဆေးရန်အတွက် တင်ပြခြင်းသည် ၎င်းတို့အပေါ် စွဲချက်တင် စစ်ဆေးသည့်အခါ အပြစ်မရှိကြောင်း ငြင်းဆိုပြီးချက်ချင်းတင်ပြခြင်းဖြစ်ကြောင်း တွေ့ရသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၆ (၁) အရ တင်ပြထားခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၁)အရစစ်ဆေးပြီး တရားလိုပြ သက်သေကို ပြန်ခေါ်စစ်ပေးရန် တင်ပြခြင်းအား တရားရုံးအနေဖြင့် ငြင်းဆိုခွင့်မရှိဘဲ မလွှဲမသွေ ဆင့်ခေါ် စစ်ဆေးခွင့်ပြုရမည်ဖြစ်သည်" ဟူ၍ လည်းကောင်း။

"ခရိုင်တရားရုံးက လျှောက်ထားသူများမှ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) အရ ပြန်လှန်စစ်မေးရန် အတွက် ဆင့်ခေါ်ပေးရန်တင်ပြသည့် စစ်ဆေးပြီး တရားလိုသက်သေကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၇(၁)ပါ ပြဋ္ဌာန်းချက်များအား ရည်ညွှန်း၍ အမှုမှာ (၂) နှစ်နီးပါးမျှ ကြာမြင့်နေသည့် အမှုဖြစ်ကြောင်း၊ တရားခံများ၊ ရှေ့နေများဖြင့် ပြန်လှန်စစ်မေးရန် အခွင့်အရေးပေးပြီးဖြစ်ကြောင်း အမှုကြန့်ကြာစေရန်၊ အနှောင့်အယှက်ပြုရန် တရားမျှတစွာ ဆုံးဖြတ်နိုင်ရေးကို ထိခိုက်နိုင်ရန် ပြန်ခေါ် သက်သေများကို ပြန်ခေါ်နေခြင်း ဖြစ်ကြောင်း အကြောင်းပြ၍ သက်သေများကို ပြန်ခေါ် စစ်ဆေးခွင့်ပြုရန် ငြင်းပယ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်ခြင်းမရှိပေ" ဟူ၍လည်းကောင်း ဆုံးဖြတ်ခဲ့သည်။ (၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ-၁၁ )

**တရားရုံးချုပ်က ညွှန်ကြားထားရှိခြင်း**

နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးများ၏ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက် နေ့စွဲပါ ညွှန်လွှာ အမှတ် ၃/ ၆၆ မှ သိရှိသိထိုက်သည့် အချက်အချို့ကို ကောက်နုတ်ဖော်ပြပါဦးမည်။

"သို့ရာတွင် ယခင်ကလည်း အပြည့်အစုံပြန်လှန်မေးပြီးဖြစ်သော တရားလိုပြသက်သေတစ်ဦးကို စွဲချက်တင်ပြီးနောက် တရားခံက ပြန်ခေါ်လိုသည်ဟု တောင်းဆိုလျှင် တရားသူကြီးသည် နှစ်ဖက် ရှေ့နေအမှုလိုက်တို့အား ညှိနှိုင်းစေ၍ မလိုအပ်ဘဲ မခေါ်စေရန် အကြံပေးရမည်။" [ တရားရုံးများ ညွှန်ကြားလွှာလက်စွဲ၊ (၁၉၄၆-၁၉၇၀) စာ-၂၆ ]

"စွဲချက်တင်ပြီးနောက်မှ စစ်ဆေးသည့် တရားလိုဘက်သက်သေတို့ကို တရားခံကပြန်ခေါ်နိုင်ခွင့်မရှိဟု ညွှန်ကြားပြဋ္ဌာန်းထားသည့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၄၊ ၂၅၆ နှင့် တရားရုံးများ ညွှန်ကြားလွှာအမှတ် ၁၆/ ၄၈ နှင့် ၁၄/ ၅၃ တို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်ကြရန်။" [ တရားရုံးများ ညွှန်ကြားလွှာလက်စွဲ၊ (၁၉၄၆-၁၉၇၀) စာ-၂၇ ]

**အခွင့်အရေးကို ဥပဒေနှင့်အညီကျင့်သုံးပါ**

ပြန်ခေါ်သက်သေအဖြစ် စစ်မေးပေးရန် တောင်းဆိုပိုင်ခွင့်သည် တရားခံ၏ အခွင့်အရေးတစ်ရပ်ဖြစ်သည့် အပြင် တရားရုံးက သာမန်အားဖြင့် ဥပဒေအရ ငြင်းဆိုပိုင်ခွင့်မရှိသည့် အခွင့်အရေးလည်းဖြစ်နေရာ ဤကဲ့သို့သော အခွင့်အရေးကို အလွဲသုံးစားပြုကာ အမှုကို ကြန့်ကြာစေရန် မဆောင်ရွက်ပါနှင့်။ တရားစီရင်ရေးကို အနှောင့်အယှက်ဖြစ်စေရန် မကျင့်သုံးပါနှင့်။ တရားမျှတစွာ ဆုံးဖြတ်နိုင်ရေးကို ထိခိုက်စေရန် ဦးမတည်ပါနှင့်။ အမှုကိုဆုံးဖြတ်ရာတွင် အချက်အလက်ပြည့်စုံခိုင်မာစေရေး၊ အမှန်တရား ပေါ်ပေါက်ရေးနှင့် တရားခံအတွက် ဥပဒေကပေးအပ်ထားသော ဥပဒေအကာအကွယ်၊ ဥပဒေအခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိရေးတို့ကို ဦးတည်ကာ ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြစေလိုသည်။

ဥပဒေကပေးအပ်ထားသော ထူးကဲလှစွာ အနှစ်သာရနှင့် ပြည့်ဝနေသော ပြန်ခေါ်သက်သေ စစ်မေးခွင့်အခွင့်အရေးကို ဥပဒေစိတ်ထား၊ ဥပဒေအသိ၊ ဥပဒေအမြင်နှင့် ဥပဒေနှင့် လျော်ညီစွာ ကျင့်သုံးဆောင်ရွက်နိုင်ကြပါစေ။ တရားရေးမဏ္ဍိုင်မြဲခိုင်စေရေး၊ တရားမျှတမှန်ကန်စွာ စီရင်ဆုံးဖြတ်နိုင်ရေး ဦးတည်ဆောင်ရွက်နိုင်ကြပါစေ။

**ကိုးကားချက်**

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ( ရာဇဝတ်ကျင့်ထုံးဥပဒေ) အခန်း ၂၀ နှင့် ၂၁**

**သက်သေခံအက်ဥပဒေ အခန်း (၁၀)**


SONY
SONY MID YEAR PROMOTION
21st JULY- 31st AUGUST, 2017
LATEST PRODUCTS
GREAT BIG SALE
SPECIAL PRICE
SPECIAL ITEM !!!
BRAVIA
KD-55X9300D
KD-65X9300D
(4K HDR Android TV™)
FREE
BDV-N9200W
3,690,000 KS (55")
5,900,000 KS (65")
KD-55X9000E
KD-65X9000E
KD-65X9300E
(4K HDR Android TV™)
FREE
BDV-E3100
MDR-100ABN
"X9000E Series"
3,590,000 KS (55")
5,990,000 KS (65")
"X9300E Series"
6,290,000 KS (65")
KDL-32R324E
(Power Bank TV)
FREE
SONY BACK BAG
359,000 KS
အနည်းဆုံး 16,000mAh ရှိသော Power Bank နှင့် တွဲဖက်အသုံးပြုပါက (၈)နာရီကြာ ကြည့်ရှုနိုင်ပါသည်။
"ချက်ချင်းဝယ် ချက်ခြင်းပြန်ရမည့် Discount အစီအစဉ်"
KDL-48W650D (Full HD Internet TV) 729,000 KS
KDL-43W750E (Full HD Internet TV) 679,000 KS
KDL-43W800C (Full HD Android TV™) 849,000 KS
KD-43X8000E (4K HDR Android TV™) 1,090,000 KS
KD-43X7000E (4K HDR Internet TV) 949,000 KS
အထက်ပါ SONY BRAVIA TV (၁)လုံး ဝယ်ယူပါက
ငွေကျပ် သုံးသောင်း တန် Discount Coupon ရရှိမည်ဖြစ်ပြီး
ထိုကူပွန်ဖြင့် နောက်ထပ် Sony Electronics ပစ္စည်းထပ်မံဝယ်ယူနိုင်ပါသည်။
HOME AUDIO & VIDEO
GTK-XB7
FREE
USB FAN + DISCO LIGHT + UMBRELLA
489,000 KS
CUH-2006AB01
FREE
CUH-ZCT2G
599,000 KS
HEADPHONES & WIRELESS SPEAKER
MDR-EX15AP 29,900 KS
MDR-ZX110AP 31,500 KS
MDR-ZX310AP 41,500 KS
FREE Sony T-Shirt
SRS-XB10 82,000 KS
FREE Soft Pouch
COMPACT DIGITAL CAMERA
ILCE-7M2 BODY + KIT Lens (28-70mm Zoom Lens)
FREE
Battery NP-FW50 + 16GB Sony SD Card + Pillow
2,690,000 KS
HDR-PJ410E
FREE
Soft Carrying Case + Umbrella
519,000 KS
XPERIA™ SMARTPHONE
XPERIA™ XZ Premium
FREE
SONY 10,000mAh POWER BANK + SONY MDR-XB550AP HEADPHONE + MPT Data Package 3 GB x 6 Months
999,000 KS
XPERIA™ XZs
899,000 KS
XPERIA™ XA1
369,000 KS
XPERIA™ XA1 Ultra
529,000 KS
FREE
1st Prize Japan Trip
2nd Prize 75" Sony LED TV
3rd Prize Sony PlayStation®4
SONY SHOWROOM
Official Warranty by: TMW Enterprise Limited
အမြဲတမ်း အနယ်နယ်ရှိ Wai Yan Electronics နှင့် Dealer ဆိုင်ကြီးများတွင်လည်း Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
Like Us On http://www.facebook.com/tmwmm Sony Showroom By TMW Enterprise Limited
Buy Smart, Be Assured!
Insist on Official Warranty, it makes a difference!

# ကြော်ငြာ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၄၂/မမ/CE | နေပြည်တော်စက်ခေါင်းသစ် ထုတ်လုပ်ရေးစက်ရုံတွင် ပင်မရေရရှိရေး လုပ်ငန်း |
| ၂ | ၄၃/မမ/CE | မြစ်ငယ် လူစီးတွဲနှင့် ကုန်တွဲသစ် ထုတ်လုပ်ရေးစက်ရုံတွင် ပင်မရေရရှိရေး လုပ်ငန်း |
| ၃ | ၄၄/မမ/CE | ကြီးခင်း-ဖရုဏ္ဍု ရထားလမ်းဆောက်လုပ်ရေးစီမံကိန်း ဥသျှစ်ပင်-ကျွန်းချောင်းလမ်းပိုင်း၊ မုန်းချောင်းတံတား တည်ဆောက်ခြင်း လုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် — အမှတ်စဉ်(၁)(၂) ၃၁.၈.၂၀၁၇ (ကြာသပတေးနေ့) (၁၄ : ၃၀)နာရီ
အမှတ်စဉ်(၃) ၁၁.၉.၂၀၁၇ (တနင်္လာနေ့) (၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၁၁.၈.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဆောက်လုပ်ရေးဌာန၊ မြန်မာ့မီးရထား၊ ထွန်းသည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994




**တက္ကသိုလ်ဝင်တန်းပညာဒါနအခမဲ့**

၂၀၁၇-၁၈ ပညာသင်နှစ် (၁၀-တန်း) တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်
လူမျိုးဘာသာမရွေး မည်သူမဆိုတက်ရောက်နိုင်သည်။
ဘာသာရပ်တစ်ခုချင်းဝါရင့်ဆရာ / ဆရာမကြီးများသင်ကြားပို့ချမည်။

**၁ ပတ် ၆ ရက်တက်၊ (၆) လပြတ်သင်တန်း**

ပို့ချချက်၊ မှတ်စု အပြည့်အစုံပံ့ပိုးမည်၊ မည်သည့်အခကြေးငွေမှပေးရန်မလို
**စက်တင်ဘာ(၄)ရက်နေ့ သင်တန်းစမည်။**
သင်တန်းဝင်ခွင့်ပုံစံလက်ခံပြီ။
စက်တင်ဘာ (၃)ရက်နေ့ နောက်ဆုံးလက်ခံမည်။
သင်တန်းအချိန် မွန်းလွဲ ၁း၃၀ မှ ညနေ ၆း၀၀ နာရီ

**သင်တန်းတည်နေရာ**
ကျိုလီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှ ဦးစီးသော
**အမျိုးသမီးများသူခရီပိသာ**
အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၇၇၄၇၃၊ ၈၅၅၁၁၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊ ၀၉ ၇၉၇၅၄၂၅၉၈၊ ၀၉ ၇၉၇၅၄၂၅၉၁

**ဖခင်အမည်မှန်**
နမ့်ခမ်းမြို့၊ အထက(၁)၊ နဝမ တန်း(D)မှ နန်းဆိုင်ခေါင်၏ ဖခင် အမည်မှန်မှာ ဦးစိုင်းမောင်အိုက် ဖြစ်ပါကြောင်း။ **ဦးစိုင်းမောင်အိုက်**

**ဖခင်အမည်မှန်**
နမ့်ခမ်းမြို့၊ အထက(၁)၊ သတ္တမ တန်း(A)မှ လွေးအမ်ဖြူလေးနှင့် နဝမတန်း(E)မှ လွေအီလန့်တို့၏ ဖခင် အမည်မှန်မှာ ဦးအိုက်ရီ ဖြစ်ပါကြောင်း။
**ဦးအိုက်ရီ**

**မိဘအမည်မှန်**
နမ့်ခမ်းမြို့၊ အထက(၁)၊ အဋ္ဌမ တန်း(E)မှ မချိုက်ချင့်ချင့်၏ မိဘ အမည်မှန်မှာ ဦးလောက်ရွှေနှင့် ဒေါ်လောဟွမ် ဖြစ်ပါကြောင်း။
**ဦးလောက်ရွှေ-ဒေါ်လောဟွမ်**

**ဖခင်အမည်မှန်**
နမ့်ခမ်းမြို့၊ အထက(၁)၊ သတ္တမ တန်း (C)မှ စိုင်းလှိုင်းဟန်၏ ဖခင် အမည်မှန်မှာ ဦးစိုင်းယီ ဖြစ်ပါကြောင်း။
**ဦးစိုင်းယီ**

**အမည်မှန်**
နမ့်ခမ်းမြို့၊ အထက(၁)၊ ဒသမ တန်း(B)မှ မောင်ကျော်ကျော်ထွေး၏ အမည်မှန်မှာ မောင်ကျော်စိန်ဦး ဖြစ်ပါကြောင်း။
**မောင်ကျော်စိန်ဦး**

**မိဘအမည်မှန်**
နမ့်ခမ်းမြို့၊ အထက(၁)၊ နဝမ တန်း(D)မှ နန်းဆိုင်ဟွမ်ခေး၏ မိဘ အမည်မှန်မှာ ဦးစိုင်းထွန်းလူနှင့် ဒေါ်နန်း ဟွမ်မွေး ဖြစ်ပါကြောင်း။
**ဦးစိုင်းထွန်းလူ-ဒေါ်နန်းဟွမ်မွေး**

**ပထမပုဂ္ဂလိကဘဏ်လီမိတက်**

## (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အစုရှင်တစ်ဦးချင်းထံသို့ ဖိတ်စာနှင့်အတူ ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာကို စာတိုက်မှ ပေးပို့ထားပါသည်။ ဖိတ်စာအချိန်မီမရရှိသောအစုရှင်များသည် ဤကြော်ငြာစာကို ဖိတ်စာဟုမှတ်ယူ၍ အစည်းအဝေးသို့မပျက်မကွက် တက်ရောက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အစည်းအဝေးသို့ မတက်ရောက်နိုင်ကြသော အစုရှင်များသည် အစည်းအဝေး တက်ရောက်မည့်အစုရှင်များအား ကိုယ်စားလှယ်ခန့်အပ်လွှာကို ၂၃-၈-၂၀၁၇ရက်ထက် နောက်မကျဘဲ ဘဏ်ရုံးချုပ်သို့ မပျက်မကွက်ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဤအစည်းအဝေးဖိတ်စာသည် ၂၈-၇-၂၀၁၇ ရက် အစုရှင်စာရင်းရှိ အစုရှယ်ယာ ပိုင်ဆိုင်ထားသူများနှင့်သာ သက်ဆိုင်အကျုံးဝင်ပါသည်။

ကျင်းပမည့်နေရာ - မြန်မာနိုင်ငံဘဏ်များအသင်း၊ ဇမ္ဗူရာဇ်ရွှေစင်ခန်းမ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရန်ကင်းစင်တာအကြား၊ အမှတ်(၁)၊ စက်မှုလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ကျင်းပမည့်နေ့ရက် - ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈း၃၀ နာရီ

**နှစ်ပတ်လည်အထွေထွေအစည်းအဝေးအစီအစဉ်**

(၁) ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကို အတည်ပြုရန်။
(၂) ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများနှင့် စာရင်းစစ်အစီရင်ခံစာကို အတည်ပြုရန်။
(၃) သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၅)အရ ဒါရိုက်တာများ ရွေးချယ်ရန်။
(၄) အစုရှင်များ စာရင်းစစ်ကော်မတီများ ရွေးချယ်ရန်။
(၅) မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေရ ပြင်ပစာရင်းစစ်ခန့်ထားရန်။
(၆) အမြတ်ဝေစုခွဲဝေမှုကို အတည်ပြုရန်။

**ဒါရိုက်တာအဖွဲ့**
**ပထမပုဂ္ဂလိကဘဏ်လီမိတက်**

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ခင်မော
**T.V (ရန်ကုန်)**
**ကားမောင်း-စက်ပြင်သင်တန်း**
09-421150033, 09-73044311
09-5041550, 09-44005114, 09-779144498
09-260111942, 09420066955
09-44005112, 01-8011402, 01-8011403
တောင်ဥက္ကလာ- 09-44005113, 01-2332340




**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ မြို့နယ်၊ အမှတ်(၂)၊ အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်း(E) မှ မောင်မျိုးဝင်းဇော်၏ ဖခင်အမည် မှန်မှာ ဦးတင်ရွှေ၁၂/မဂဒ(နိုင်) ၁၃၇ ၀၃၀ဖြစ်ပါကြောင်း။ **ဦးတင်ရွှေ**

**သီဟာလင်း**
01-570307
09-5112729
09-5126394

**ခတုံမြို့ညစ်**
09-6809893
09-5120620

၁၉-ကြိမ်မြောက်
**ပညာဒါန အခမဲ့ ကွန်ပျူတာသင်တန်းများ**
Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign, A+Hardware
**ပညာဒါန အခမဲ့ အင်္ဂလိပ်စာသင်တန်းများ**
Basic English Level I, II, English 4 Skills, IELTS(Preparation Course) Grammar Foundation, English for Business
၁၉-ကြိမ်မြောက်
**ပညာဒါန အခမဲ့ စက်ချုပ်/မော်တာစက်ချုပ်သင်တန်းများ**
၄-၉-၂၀၁၇ သင်တန်းစမည်။ လူမျိုး၊ ဘာသာမရွေးတက်ရောက်သင်ယူနိုင်သည်။

**သင်တန်းတည်နေရာ**
ကျိုလီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှဦးစီးသော
**အမျိုးသမီးများသူခရီပိသာ**
အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၇၇၄၇၃၊ ၈၅၅၁၁၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊
၀၉ ၇၉၇၅၄၂၅၉၈၊ ၀၉ ၇၉၇၅၄၂၅၉၁

ဗီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

## ဒသမအကြိမ်မြောက် ပထဝီဝင် ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ

မန္တလေးတက္ကသိုလ်၊ ပထဝီဝင် ကျောင်းသားဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၆-၁၂-၂၀၁၇ရက်၊ နံနက် ၉နာရီတွင် မန္တလေးတက္ကသိုလ်ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ပထဝီဝင်ကျောင်းသားဟောင်းများ (မည်သည့်ပညာသင်နှစ်ဖြစ်စေ) စုံစုံညီညီ တက်ရောက်ဂါရဝပြုပူဇော်ကြပါရန် ကြိုတင်အသိပေး ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ် လျှာဒါန်းရန်**

ဒေါက်တာညိုညို - ပါမောက္ခဌာနမှူး၊ ပထဝီဝင်ဌာန၊ မန္တလေးတက္ကသိုလ်၊ နာယက
၀၉-၇၉၇၇၄၄၈၁၉

ဒေါက်တာနေအောင် - ပါမောက္ခ၊ ပထဝီဝင်ဌာန၊ မန္တလေးတက္ကသိုလ်၊ ဒုဥက္ကဋ္ဌ(၁)
၀၉-၉၇၇၈၇၀၅၃၂

ဦးရဲမြင့်ဝင်း - ဥက္ကဋ္ဌ၊ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ
၀၉-၂၀၀၅၂၅၃

ဦးအောင်ကျော်သူ - အတွင်းရေးမှူး၊ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
၀၉-၉၇၆၉၈၀၈၂၅

ဒေါ်နုနုလှ - ဘဏ္ဍာရေးမှူး၊ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
၀၉-၂၀၀၁၂၆၀

**(အထက်မြန်မာပြည် ပထဝီဝင်ဌာနများ၏ ပါမောက္ခ၊ ဌာနမှူးများ)**







## RC-1, RUBC, BC

**အမှတ်(၁) ဒေသကောလိပ် (ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ)၊ ဗိုလ်တထောင်ကောလိပ်၊ ၁၉၇၆/၇၇မှ ၁၉၉၇ထိ သတ္တမ အကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ**

ဘာသာရပ်ပေါင်းစုံ၊ လုပ်ငန်းအတတ်ပညာပေါင်းစုံ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှင့် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ရန် ညှိနှိုင်းအစည်းအဝေးကို ၁၃-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ယခင် (R.C-1)၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် ဗိုလ်တထောင်တွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲ
ဖြစ်မြောက်ရေးအဖွဲ့**







သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရှေ့ တိုက် ကို စိုး

## ကြော်ငြာ

### မိခင်ကြီးဒေါ်ညို၏အသက်(၉၀)နှစ်ပြည့် နဝရတ်ရတု မွေးနေ့မင်္ဂလာဆုတောင်း

ယနေ့ ၁၁-၈-၂၀၁၇ ရက်နေ့တွင် ကျရောက်သော အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်မြို့နေ (ဘုရားအမ၊ ရဟန်းအမကြီး) ဒေါ်ညို၏ အသက် (၉၀) နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ သာသနာအကျိုးကို သယ်ပိုးရွက်ဆောင်ယင်း အသက်ရာကျော်ပါစေကြောင်း မွေးနေ့ဆုတောင်းလိုက်ပါသည်။

သားသမီးများ
(ဒေါ်စန်းစန်းရီ (မြို့နယ်ပညာရေးမှူး(ငြိမ်း))၊ ဦးမင်းသိန်း (ဝန်ကြီးဌာန)) + ဒေါ်မိမိ
ဒေါ်စန်းစန်းအေး အ.ထ.က(ညောင်ခြေထောက်)
ဒေါ်မြို့မြို့(အုတ်တွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဒေါ်ခင်မာချို

### စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကြံခင်းမြို့၊ ရွာသစ်ရပ်ကွက်၊ အိမ်တော်ယာလမ်း၊ အမှတ်(၃၃)နေ ဦးသောင်းထွန်း-ဒေါ်မွန်မွန်ဦးတို့၏သားကြီး၊ မကေခိုင်ဇင်၏အစ်ကို

**မောင်ထူးနန္ဒာ**


နှင့်

ကြံခင်းမြို့၊ ဘုရားကြီးလမ်း၊ ရွာသစ်ရပ်ကွက်၊ အမှတ်(၂၂၀)နေ ဦးစိုးမြင့်-ဒေါ်ဝင်းဝင်းမော်ဆွေတို့၏ သမီးငယ်

**မစိုးစုကျော်**

တို့သည် ၆-၈-၂၀၁၇ရက်တွင် နှစ်ဖက်သော ဂုဏ်သရေရှိ လူကြီးမိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်ထူးနန္ဒာ-မစိုးစုကျော်**






### အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ်လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto, Manual) နှစ်မျိုးလုံး သင်ကြားပေးသည်။
စက်တင်ဘာလ ပုံမှန်သင်တန်း ၅-၉-၂၀၁၇ရက် ဖွင့်မည်။
စက်တင်ဘာလ အထူးသင်တန်း ၂-၉-၂၀၁၇ရက် ဖွင့်မည်။
ဆက်သွယ်ရန်ဖုန်း-၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၀၉-၃၁၅၆၆၇၂၅၊ ၀၉-၇၉၅၆၃၀၉၇၀
Ocean Super Market မဟာဗန္ဓုလတံတားအနီး
(လူဦးရေကန့်သတ်ထားသည်)







### မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)၊ (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (အရှေ့ပိုင်း)ရှိ မြေကွက်များ ဝယ်လိုသည်။
**ဆက်သွယ်ရန်ဖုန်း-၀၉၄၄၈၀၂၅၇၄၂**

### ဖခင်အမည်မှန်

ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ အထက၊ တောင်ရှည် အဌမတန်းမှ မောင်ဇော်ထက်အောင်နှင့် ဆဌမတန်းမှ မောင်ဟန်နိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဖြစ်ပါကြောင်း။ **ဦးကျော်မင်း**


### အောင်ဇေယျ ဧည့်ရိပ်မွန်

City Mart, Super One, ILBC ... Car Parking ...
No.81, ...
Ph 09-9689 133 03
09-9689 133 63
Wifi Free
8000 / 10000
16000 / 24000
Facebook ...



SIM GLOBAL EDUCATION

"Singapore Institute of Management တွင်
သင်ကြားပို့ချပေးမည့် စီးပွားရေးစီမံခန့်ခွဲမှု ဘာသာရပ်နှင့် ဝင်ခွင့်များအကြောင်းဆွေးနွေးပွဲ"




CROWN EDUCATION

YANGON
Date : 12 Aug 2017
Time : 9:30 am - 11:00 am
Venue : NOVOTEL HOTEL, Eureka room

MANDALAY
Date : 13 Aug 2016
Time : 10:00 am - 12:00 pm
Venue : HOTEL MANDALAY, (Zabai Phyu Room)

- မြန်မာနိုင်ငံမှ IGCSE ကျောင်းသားများ ဆယ်တန်းဖြေဆိုအောင်မြင်ထားသော ကျောင်းသား/သူများအတွက် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ဆိုင်ရာ အသေးစိတ်အချက်အလက်များ
- စင်ကာပူ SIM တွင် လေ့လာသင်ယူပြီး အင်္ဂလန် University of London, ဩစတြေးလျ RMIT, အမေရိကန်မှ University at Buffalo, The State University of New York မှ ပေးအပ်မည့်ဘွဲ့များကို စင်ကာပူနိုင်ငံတွင် ရယူနိုင်မည့်အကြောင်း
- Business Management, Finance and Economic, Accounting and Finance, Management and Marketing ဘာသာရပ်များ၏ သဘောသဘာဝများအကြောင်း
- လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်သော Business Management ဘာသာရပ်များကို လေ့လာသင်ယူနိုင်မည့် လမ်းကြောင်းများအကြောင်းကို ကျောင်း၏ တာဝန်ရှိသူမှ လာရောက်ဆွေးနွေးပြောကြားပေးသွားမည်ဖြစ်ပါသည်။

Call us : 01 527 838, 09 26000 40 50, 26000 60 50, 09 450 200 040

## ကျေးဇူးပြန်လှန် မြတ်နိုဗ္ဗာန်

စုဋ္ဌဘာသာ ရွှေမြန်မာတို့
သဗ္ဗါထက်သန် မြေမြတ်မှန်သည့်
သံဝေဇနီယ လေးဌာနသို့
ရောက်ရအောင် မြတ်နိဗ္ဗာန်ကို
ရည်သန်ဖူးမြော် ရှိခိုးကော်ရ
ပို့ဘသသည် လူဖြစ်ရကျိုး နပ်လေပြီ။
အနန္တဂိုဏ်းဝင် မွေးဖခင်ကို
သဗ္ဗညုဘွေး ပို့ဆောင်ပေးကာ
ကျေးဆပ်ရာသည့် သည်ခြောက်ယောက်မှား
သားသမီးများလည်း တူကြာမြိုင်လှန်
မြတ်နိဗ္ဗာန်သို့ အမှန်ရောက်ကြောင်း
ဆုချွေတောင်းသည် အပေါင်းဝေဒါ
သိလာမြေထု သက်သေပြုလိမ့်။
ခရီးစဆုံး ပီတိရုံ၍
နှလုံးစိတ်ဝမ်း အေးငြိမ်းချမ်းအောင်
ဖြည့်ဆွမ်းပေးရှာ ခင်နုရှ(ဗိသာခ)လည်း
တူသောအကျိုး ဆထက်ပိုး၍
ပြည့်ဖြိုးသမျှ မျှော်ကပ်ပါစေ
နိဗ္ဗာန်ရွှေပြည် ရောက်ပါစေ
သိလာမြေထု မြွက်သော။

မုံရွှေဘ
၃-၃-၂၀၁၇(၀၅း၁၅)

NANYENG INTERNATIONAL COLLEGE

Limited Seat
Lunch will be provided by RENO Hotel

Tickets can buy at :
အမှတ်(၂၄) သောမင်္ဂလာလမ်း
(Parkroyal Hotel အနီး)

Contact Us :
09-420163316
09-254269644

Purchasing & Supply Association Singapore (PASAS) မှ ကြီးမှူးကျင်းပသော Executive Seminar

Topic 1 : Business Development and Sustainbility
Speaker : Dr.Habib Kassim
B.B.A., M.B.A, D.B.A(USA)
Academic Director, PASAS Singapore

Topic 2 : Current Situation of External Trade in Myanmar
Speaker : ဦးသိန်းမြင့်ဝေ
B.ECon., M. Econ., Ph.D(Thesis)
ကုန်သွယ်မှုသင်တန်းကျောင်း သင်ကြားရေးတာဝန်ခံ


Date : 3rd Spetember 2017 (Sunday)
Time : 9:00 AM to 5:00 PM
Venue : RENO Hotel
အမှတ်(၁၂၃)၊ ကမ္ဘာ့အေးဘုရားလမ်း(အနော်ရထာကောလိပ်အနီး)။

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**လူနေဆိုင်ခန်း ရောင်း/ငှားမည်**
စမ်းချောင်းမြို့နယ်၊ ပဒုမ္မာပန်းခြံလမ်း၊ ပေ(၁၀×၂၀) ထပ်ခိုးပြည့်၊ ရေချိုးသန့်စင်ခန်းပါသော လူနေဆိုင်ခန်းအမှတ်(၁၇) ရောင်း/ငှားမည်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၄၂၅၇၀၀၂**

ဗိဇ္ဇာယတြာဆရာမိုး
ကလေးအမည်ပေး
09 4210 89208

MIC Myanmar Imperial College





တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်
HND — Business, Advertising & Branding, Hospitality & Tourism
BA — Business & Management, Marketing Management, Tourism Management

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်
MBA | DBA
UON University of Northampton
Pearson

+ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူလူငယ်များအတွက် အခမ်းနားဆုံးအနာဂတ်ကိုဖန်တီးပေးနိုင်မည့် Northampton University - UK မှ တိုက်ရိုက်ပေးအပ်မည့် BA(Hons:) Business & Management, BA(Hons:) Hospitality Management, BA(Hons:)Marketing Mangement ဘာသာရပ်များ

••• Leaders For Tomorrow •••

+ ဘွဲ့ရမြန်မာ့အနာဂတ်လူငယ်ခေါင်းဆောင်များနှင့် လုပ်ငန်းခွင် ဝင်နေသူများအတွက်စာတွေ့လက်တွေ့ လေ့လာမှုများဖြင့် Northampton University (UK) မှ တိုက်ရိုက်ပေးအပ်မည့် စီးပွားရေးဆိုင်ရာ မဟာဘွဲ့ MBA
+ ပြည်တွင်းပြည်ပမှ Professors Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေးပညာရှင်များ
+ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းဝန်းနှင့် Facilities များ

September Intake!
Enroll Now!
09 732 10001
09 4211 00222
အမှတ် (၁) ရေကျော်လမ်း
ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

## STI MYANMAR UNIVERSITY

### DIPLOMA IN BUSINESS MANAGEMENT နှင့် DIPLOMA IN FINANCE & BANKING

သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

The Open University of Hong Kong နှင့် STI Myanmar University တို့ ပူးပေါင်းဖွင့်လှစ်မည့် BBA နောက်ဆုံးနှစ်သင်တန်းများအတွက် အောက်ဖော်ပြပါ Diploma သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Diploma in Business Management (DBM)
(ခ) Diploma in Finance and Banking (DFB)

၁။ DBM နှင့် DFB တွင် ဘာသာရပ်ကြီး(၈)ခု သင်ကြားရမည်ဖြစ်ပြီး Project, Presentation, Industry Visit များဖြင့် စာတွေ့ လက်တွေ့သင်ကြားရပါမည်။
၂။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး CBM နှင့် CFS အောင်မြင်ထားသူများ၊ LCCI Level 3 အောင်မြင်ထားသူများလျှောက်ထားနိုင်ပါသည်။
၃။ သင်တန်းကာလ(၁)နှစ် ကြာမြင့်ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လ(၂၁)ရက်နေ့တွင် STIMU ၏ရွှေတိုက်သာ Campus တွင် စတင်ဖွင့်လှစ်ပါမည်။
၄။ Diploma သင်တန်းအောင်မြင်ပြီးသူများသည် Advanced Diploma များမှတဆင့် The Open University of Hong Kong ၏ BBA (Management / Finance & Banking) နောက်ဆုံးနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ Advanced Diploma ၏ သင်တန်းကာလမှာ (၁)နှစ် ဖြစ်ပြီး၊ BBAနောက်ဆုံးနှစ်၏သင်တန်းကာလမှာ (၁) နှစ်ကြာမြင့်ပါမည်။
၅။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ လိုင်စင်ဓါတ်ပုံ (၃) ပုံ တင်ပြရမည်။

STI Myanmar University
Downtown- အမှတ် (၃၇၇)၊ ရွှေတိုက်သာလမ်း (အထက်)၊ ပန်းပဲတန်းမြို့နယ်၊ အမှတ်-၁၆၈ (A/B)၊ အမှတ်-၁၈၈ (A)၊ ၂၉လမ်း၊ ၅ရပ်ကွက်၊ ပန်းပဲတန်းမြို့နယ်၊
ဖုန်း - ၀၉၄၂၀၀၈၃၁၅၅၊ ၀၉၄၂၀၀၃၀၇၃၀၊ ၀၉၄၂၀၂၅၄၈၃၂၊ ၀၁၃၇၇၃၉၈၈


AYA Bank
ရာဝတီဘဏ်
Your Trusted Partner
7th
YEARS
ANNIVERSARY
01 - 231 7777
ayabank.com
ayabank

# ငမိုးရိပ်တံတားသစ် တည်ဆောက်မှု မကြာမီပြီးစီးတော့မည်

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၃)ရပ်ကွက်နှင့် တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းတို့ ပေါင်းကူးဆက်သွယ်တည်ဆောက်နေသော ငမိုးရိပ်တံတားသစ်စီမံကိန်းသည် ယခုအခါ တံတားတည်ဆောက်မှု ၉၄ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်၍ ယခုနှစ် စက်တင်ဘာလအတွင်း ဖွင့်လှစ်နိုင်ရန် မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က အချိန်နှင့်တစ်ပြေးညီ အချောသပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြတ်နိုးသူကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူ အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

မြို့တွင်းမြို့ပြင် ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက် လျှော့ချနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ခွင့်ပြုဘဏ္ဍာငွေကျပ် ၅ ဒသမ ၂ ဘီလီယံဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြတ်နိုးသူကုမ္ပဏီလီမိတက်တို့ ပူးပေါင်းတည်ဆောက်သော တံတားတစ်စင်းဖြစ်သည်။

အဆိုပါငမိုးရိပ်တံတားကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး ယခုအချိန်ထိ တံတားတစ်ခုလုံး၏ ပြီးစီးမှုရာခိုင်နှုန်းမှာ ၉၄ ရာခိုင်နှုန်းအထိရောက်ရှိကာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၅ ရက် သတ်မှတ်ရက်အတွင်း ပြီးစီးရန်အတွက် အချောသပ်လုပ်ငန်းများဖြစ်သည့် တံတားကြမ်းခင်းလုပ်ငန်းများ၊ တံတားတစ်ဖက်တစ်ချက်ရှိ လူသွားစင်္ကြံများ၊ တံတားဘေးလက်ရန်းများ၊ တံတားပေါ်ရှိ လျှပ်စစ်မီးတိုင်များ၊ တံတားရေရှည်ကြံ့ခိုင်မှုအတွက် ရေဆင်းပိုက်များ စသည်ဖြင့် အချောသပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြတ်နိုးသူကုမ္ပဏီမှ အင်ဂျင်နီယာ၏ပြောကြားမှုအရ သိရသည်။

ထို့နောက် ငမိုးရိပ်တံတားသစ်တစ်စင်း ထပ်မံတည်ဆောက်ခြင်းကြောင့် ငမိုးရိပ်ချောင်းတွင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐



မကြာမီဖွင့်လှစ်ရန် အချောသပ်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် ငမိုးရိပ်တံတားသစ်ကို တွေ့ရစဉ်။

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့၌ ကျောက်စိမ်းတွဲများ တင်ဒါတင်သွင်းမှုပိတ်သိမ်း

## ကျောက်မျက်ရတနာကုန်သည် ၅၀၀၀ ကျော် တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၀**

(၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိသည်။

နံနက် ၇ နာရီမှစတင်၍ ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းဝင်းအတွင်း သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် **စာမျက်နှာ ၈ ကော်လံ ၃ သို့** ✳



ကျောက်စိမ်းတွဲများကို ရတနာကုန်သည်များ လေ့လာကြည့်ရှုကြစဉ်။



မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းကို တွေ့ရစဉ်။

# မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်း ကုန်စည်စီးဆင်းမှု ပုံမှန်ပြန်လည်လည်ပတ်

**မောင်တော ဩဂုတ် ၁၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘင်ဒရော်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားတစ်စင်း ဩဂုတ် ၈ ရက်က ပျက်စီးမှုကြောင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်တင်ကုန်ချပြုလုပ်မှုများ အနည်းငယ်နှောင့်နှေးခဲ့ရသော်လည်း ယခုအခါ ပုံမှန်ပြန်လည် လည်ပတ်နေပြီဖြစ်ကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

"မနေ့က လှေတွေပြန်မလာနိုင်တဲ့အတွက် မောင်တောဘက်ကုန်သွယ်ရေးစခန်းမှာ ယာဉ်တွေ နည်းနည်းကြာသွားတယ်။ တံတားကျိုးတာ သိပ်အကြာကြီး မဟုတ်ပါဘူး။ ကျိုးသွားတဲ့တံတားကိုလည်း ချက်ချင်းပြန်လုပ်နိုင်ခဲ့တဲ့အတွက် ဒီနေ့ကတော့ ကုန်တင်ကုန်ချ ကုန်စည်စီးဆင်းမှုပုံမှန်ဖြစ်နေပါတယ်"ဟု မောင်တောကုန်သွယ်ရေးစခန်းမှ ဦးစီးအရာရှိ ဦးထွန်းကျော်က ပြောကြားသည်။

စစ်တွေမြို့မှ ကုန်သည်တစ်ဦးဖြစ်သည့် ဦးခင်မောင်ကလည်း **စာမျက်နှာ ၇ ကော်လံ ၄ သို့** ❖